# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၇၉ ခုနှစ် နယုန်လဆန်း ၁၀ ရက် တနင်္ဂနွေနေ့။ Sunday, 4 June 2017 (၈၉၄၅)


# ခေတ်မီစက်ပစ္စည်းများအသုံးပြု၍ ကင်ဆာဝေဒနာရှင်များအား ကုသပေးနိုင်ရေး နိုင်ငံတော်သမ္မတ ဦးထင်ကျော် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ဆွေးနွေးမှာကြား



ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်အသုံးပြုနေမှုကို နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးရှိ ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် ခေတ်မီစက်ပစ္စည်းများတပ်ဆင်အသုံးပြု၍ ဆေးဝါးကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ တာဝန်ရှိသူများနှင့်အတူ နံနက် ၈ နာရီခွဲတွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် ခေတ်မီစက်ပစ္စည်းများ၊ ခေတ်မီဆေးဝါးကုသမှုစနစ်များ တပ်ဆင်အသုံးပြုနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်၊ ဆေးရုံအုပ်ကြီး ဒေါက်တာစိုးထွန်းအောင်နှင့် ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး (ဓာတ်ရောင်ခြည်)တို့က ခေတ်မီစက်ပစ္စည်းများ တပ်ဆင်အသုံးပြု၍ ခေတ်မီဆေးဝါးကုသမှုစနစ်ဖြင့် ကင်ဆာဝေဒနာရှင် ပြည်သူများအား ဆေးဝါးကုသပေးနေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံတော်သမ္မတက ဓာတ်ရောင်ခြည်ဌာနတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ခေတ်မီစက်ပစ္စည်းများကို စနစ်တကျအသုံးပြု၍ ကင်ဆာဝေဒနာရှင်များအား ထိထိရောက်ရောက်ကုသပေးနိုင်ရေးအတွက် ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ သွားရောက်ကြည့်ရှု



**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုနှင့် တာဝန်ရှိသူများက ဦးတင်ဦး၏ လက်ရှိကျန်းမာရေးအခြေအနေနှင့် တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့် သွေးကြောရောဂါခွဲစိတ်ကုဌာနတွင် ဆေးဝါးကုသမှုခံယူနေကြသည့် ဝေဒနာရှင်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးသည် ဦးနှောက်သွေးကြောပိတ်ပြီး ကိုယ်တစ်ခြမ်း လေဖြတ်ရောဂါခံစားရသဖြင့် မေ ၁၈ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေခြင်းဖြစ်သည်။ လက်ရှိကာလတွင် သတိကောင်းစွာရရှိပြီး လေဖြတ်ထားသည့် ခန္ဓာကိုယ်အခြမ်းသည် လှုပ်ရှားလာနိုင်သည့်အပြင် အပျော့စား အစားအစာများကိုလည်း စားသုံးနိုင်သည်အထိ ကျန်းမာရေးတိုးတက်မှုရှိလာကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၆ သို့ ✻**




**✻ ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် သူနာပြုသင်တန်းကျောင်း(တောင်ကြီး)မှ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ သင်တန်းကျောင်းအုပ်ကြီး ဒေါ်နွယ်နွယ်ချိုက ပို့ချပေးလျက်ရှိသည့် ဘာသာရပ်များနှင့် တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူများအခြေအနေကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းသား သင်တန်းသူများကို အားပေးစကားပြောကြားသည်။

စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ တစ်ရက်လျှင် ကင်ဆာဝေဒနာရှင် ၅၀ ခန့်ကို ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် ပုံမှန်ကုသပေးလျက်ရှိကြောင်း၊ စဝ်စံထွန်းဆေးရုံသည် ခုတင် (၅၀၀)ဆံ့ဆေးရုံဖြစ်ပြီး မြေဧရိယာ ၂၉ ဒသမ ၆၆၄ ဧကကျယ်ဝန်းကြောင်း၊ ပြင်ပလူနာဆောင်၊ အရေးပေါ်လူနာဌာန၊ ဆေးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ မျက်စိကုသဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသဆောင်၊ သွားနှင့်ခံတွင်းကုသဌာန၊ မျက်နှာ၊ ပါးမေး၊ နှုတ်ခမ်းကုသဆောင်၊ ကင်ဆာကုသဆောင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ရောဂါကုသဆောင်၊ ဓာတ်ရောင်ခြည်ဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ရောဂါကုသဌာန၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးဌာနနှင့် အရေပြားရောဂါဌာနအပါအဝင် ဆေးကုသဆောင်ဌာန ၁၄ ဆောင်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**✻ နိုင်ငံတော်၏မှ**

ထို့အပြင် ပုံမှန်အားဖြင့် နာရီဝက်ခန့်ထိုင်နိုင်ပြီဖြစ်၍ ဆီးပိုက်ကိုလည်း ဖြုတ်ထားနိုင်ပြီဖြစ်ကြောင်း၊ သို့သော် စကားပီသစွာပြောဆိုနိုင်ရေးနှင့် လေဖြတ်ထားသည့် ခန္ဓာကိုယ်အခြမ်း ပုံမှန်လှုပ်ရှားနိုင်ရေးတို့အတွက် လေ့ကျင့်ခန်းများ ဆက်လုပ်သွားရန် လိုအပ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှုအားပေးစဉ်။**
**ဓာတ်ပုံ-SoeJuly(facebook)**

# ကလေးစာပေပွဲတော်(တောင်ကြီး) ဒုတိယနေ့သို့လာရောက်သူ စည်ကားများပြား

**တောင်ကြီး ဇွန် ၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကလေးစာပေပွဲတော် ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်(ဘက်စုံခန်းမ)၌ ဆက်လက်ကျင်းပခဲ့သည်။

ကလေးစာပေပွဲတော် ဒုတိယနေ့တွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာဆရာမများ၊ ဒေသခံပြည်သူများ လာရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဂိမ်းကစားနည်းပြိုင်ပွဲများ၌ Team Building Game တွင် ၁၆၄၇ ဦး၊ စက္ကူခေါက်ပြိုင်ပွဲတွင် ၉၅၀၊ စကားပုံဆက်ပြိုင်ပွဲတွင် ၆၂၀ ဦး၊ အရုပ်ဆက်ပြိုင်ပွဲတွင် ၈၀၆ ဦး၊ အိမ်ဆောက်ပြိုင်ပွဲတွင် ၅၈၅ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ၇၀၇ ဦး၊ ပုံပြင်ပြောပြိုင်ပွဲတွင် ၈၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဂုဏ်ပြုဆု ၇၂ ဆုကိုလည်း ပိတ်ပွဲအခမ်းအနားတွင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



စာပေဟောပြောပွဲတွင် စာရေးဆရာ အင်းလေးသန္တာခင်က "အင်းလေးဒေသ ကလေးများ၏ တေးကဗျာများ"၊ စာရေးဆရာ သုနောင်အင်း(အင်းလေး)က "အနာဂတ်အတွက် ကြယ်ပွင့်လေးများ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် မြေခဲတောင်မောင်မောင်ဝင်း၊ ဒေါက်တာအောင်ကျော်ခင်(တောင်ကြီး)၊ ရဲဘော်မြသိန်း(ဟိုပုံး)၊ သုနောင်အင်း(အင်းလေး)တို့က "ကလေးများ ကိုယ်နှုတ်နှလုံး ယဉ်ကျေးလိမ္မာဖို့ စာဖတ်ရှုနိုင်မြင့်တင်စို့" ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပခဲ့ရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာနားထောင်ခဲ့ကြသည်။



**ကလေးစာပေပွဲတော်(တောင်ကြီး) ဒုတိယနေ့ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိစဉ်။** ဓာတ်ပုံ-ကျိုင်းတုံ(ပြန်/ဆက်)

အဆိုပါပွဲတော်သို့ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များအား အခြေခံပညာကျောင်းများမှ ဖျော်ဖြေရေးအစီအစဉ် ၄၃ ခုဖြင့် ကျောင်းသား ကျောင်းသူလေးများက ကပြဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် ပွဲတော်အတွင်း ရောင်းချလျက်ရှိသည့် စာအုပ်ဆိုင်များတွင် ဘာသာရပ်ဆိုင်ရာလေ့လာနည်း စာအုပ်၊ ယဉ်ကျေးလိမ္မာနှင့် ပုံပြင်ပြောစာအုပ်များ အများဆုံးရောင်းချခဲ့ရကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ-အောင်မင်းဟန်**

## ကလေးစာပေပွဲတော် နွဲလို့ပျော်

✻ အသိဉာဏ်တည် မြန်ပြည်ဝင်း
တောင်ကြီးကလေး စာပွဲနင်း။

✻ လက်လက်လင်းမယ့် ရတနာတွေ
စောင့်ရှောက်ကြင်နာ စာဖတ်စေ။

✻ အမြင်ကျယ်စေ ပြုစုထား
နိုင်ငံ့ရင်သွေး ဖိုးတန်များ။

✻ မြင်ရ ကြားရ ကြည်နူးစရာ
အားလပ်ချိန်ဆို စာဖတ်ပါ။

✻ အလိမ္မာရှာ ဉာဏ်ရည်သွေး
အလင်းတံခါး ဖွင့်လှစ်ပေး။

✻ ကျိုးကြောင်းတွေးဆ မြင့်မြတ်စေ
လမ်းပေးညွှန်ပြ
ကောင်းခြင်းအမွေ။

✻ စာပေပွဲရဲ့ အလှတရား
ကလေးအများ လာခံစား
မြူးပျော်ပါစေသား။ ။

မျိုးဉာဏ်

**ကလေးစာပေပွဲတော်(တောင်ကြီး) အမှတ်တရ**

# ဆိုင်ကလုန်းမုန်တိုင်းမိုရာကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထောက်ပံ့မှုများ

**နေပြည်တော် ဇွန် ၃**

မေ ၃၀ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း မိုရာတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် လိုအပ်သည့် ပြန်လည်ထောက်ပံ့ရေးများကို ပြည်နယ်အစိုးရနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဇွန် ၂ ရက်တွင် ရရှိသည့် ထိခိုက်ပျက်စီးမှုများမှာ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ကျောက်တော်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ ရသေ့တောင်၊ ပေါက်တော၊ သံတွဲ၊ ပုဏ္ဏားကျွန်း၊ မောင်တော၊ ဘူးသီးတောင်နှင့် တောင်ကုတ်မြို့နယ်များတွင် မုန်တိုင်းဒဏ်ကိုခံစားခဲ့ရပြီး စုစုပေါင်းအိမ် ၁၅၇၃၇ လုံး၊ ဘာသာရေးအဆောက်အအုံ ၄၈၃လုံး၊ ရုံးအဆောက်အအုံ ၃၂ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၈ လုံး၊ ဆေးရုံ/ဆေးခန်း ၂၇ ခု၊ စာသင်ကျောင်း ၃၂၂ ကျောင်း၊ IDP Camp ငါးခု၊ စားသောက်ဆိုင် ခုနစ်ဆိုင်၊ ဆန်စက်လေးလုံး ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်တိုင်များပြိုလဲခြင်းများဖြစ်ပွားခဲ့သည်။

ချင်းပြည်နယ်တွင် ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ ရိဒ်၊ ပလက်ဝ၊ မတူပီမြို့နယ်များတွင် မုန်တိုင်းဒဏ်သက်ရောက်မှုများခံစားခဲ့ရပြီး စုစုပေါင်း အိမ် ၃၆၅ လုံး၊ ဘာသာရေးအဆောက်အအုံ ၁၂ လုံး၊ ဝန်ထမ်းအိမ်ရာ ၂၃ လုံး၊ ဆေးရုံ/ဆေးခန်းတစ်ခု၊ စာသင်ကျောင်း ၁၅ ကျောင်း ထိခိုက်ပျက်စီးခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ငပုတော၊ ဓနုဖြူ၊ ကြံခင်း၊ မြန်အောင်၊ ဘိုကလေးမြို့နယ်တို့တွင် မုန်တိုင်းဒဏ်သက်ရောက်မှုများ ခံစားခဲ့ရပြီး စုစုပေါင်းအိမ် ၁၇၂ လုံး၊ ဆန်စက် နှစ်လုံး၊ အခြားအဆောက်အအုံလေးလုံး ထိခိုက်ပျက်စီးခဲ့သည်။

ယခုကဲ့သို့ ရှာဖွေကယ်ဆယ်ခြင်း၊ အပျက်အစီးများရှင်းလင်းဖယ်ရှားခြင်းနှင့် လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့်လည်း မုန်တိုင်းဘေးဒဏ်ခံစားခဲ့ရသည့် ဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ငွေကျပ် ၄၆၃ ဒသမ ၀၂၅ သိန်း ထောက်ပံ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ **(ကြေးမုံ)**

# ယီမင်နိုင်ငံ၌ ဝမ်းရောဂါကူးစက်ပျံ့နှံ့မှုကြောင့် လူ ၆၀၀ နီးပါးသေဆုံး

**ဆာနား ဇွန် ၃**

အစိုးရတပ်ဖွဲ့နှင့်အစိုးရဆန့်ကျင်အဖွဲ့များအကြား ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ပွဲများ၏ ဆိုးကျိုးတစ်ရပ်အနေဖြင့် ယီမင်နိုင်ငံတွင် ကာလဝမ်းရောဂါကူးစက်မှုများရှိခဲ့ပြီး ယခုအချိန်ထိ လူပေါင်း ၆၀၀ နီးပါး သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂနိုင်ငံတကာကလေးများအရေးပေါ်ရံပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ယနေ့ပြောကြားခဲ့သည်။

ကျန်းမာရေးလုပ်သားများက ရောဂါကူးစက်ပျံ့ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကာ နိုင်ငံအနှံ့အပြားရှိ ရောဂါကူးစက်နေသူများကို ဆေးကုသမှုများလုပ်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ ၇၀၀၀၀ ခန့်ရှိပြီး ယင်းတို့အနက် လူပေါင်း ၆၀၀ နီးပါး သေဆုံးခဲ့ရကြောင်း ယူနီဆက်ဖ်က ပြောကြားခဲ့သည်။

လာမည့် ရက်သတ္တနှစ်ပတ်အတွင်း လူပေါင်း ၁၃၀၀၀၀ ခန့် ထပ်မံကူးစက်နိုင်ဖွယ်ရှိသည်ဟု ယူနီဆက်ဖ်က ခန့်မှန်းပြောကြားခဲ့သည်။

ကျန်းမာရေးလုပ်သားများက ရောဂါကူးစက်သူများအား ယာယီတဲငယ်များအတွင်း ဆေးကုသမှုပေးနေပုံကို ယူနီဆက်ဖ်ဗီဒီယိုဖိုင်တစ်ခုတွင် မြင်တွေ့ရသည်။

အစိုးရတပ်ဖွဲ့များနှင့် အစိုးရဆန့်ကျင်အဖွဲ့တို့အကြား စစ်ပွဲများပြင်းထန်လျက်ရှိစဉ် ဝမ်းရောဂါကူးစက် ပျံ့နှံ့မှုဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများကြောင့် ရေသန့်စင်မှုလုပ်ငန်းဆောင်တာများအပါအဝင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ဆောင်မှုများ ရပ်ဆိုင်းခဲ့ရသည့်အတွက် ရောဂါကူးစက်ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။

ရောဂါကူးစက်ပြန့်ပွားမှုအန္တရာယ်ကို ထိန်းချုပ်နိုင်ရန် ရေသန့်စင်ရေးနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးများ လုပ်ဆောင်ခြင်းအတွက် ယူနီဆက်ဖ်အဖွဲ့အနေဖြင့် ရံပုံငွေအများအပြားလိုအပ်ကြောင်း ယူနီဆက်ဖ်အဖွဲ့၏ မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ဒါရိုက်တာ ဂီရတ် ကာပီလာရီက ဆိုသည်။

ထို့ပြင် ယီမင်နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော စစ်ပွဲများရပ်တန့်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပရန် သက်ဆိုင်ရာအဖွဲ့များကို ဒါရိုက်တာ ဂီရတ် ကာပီလာရီက တိုက်တွန်းပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**





# အိန္ဒိယပြည်တွင်းထုတ် ပရစ်ဗီ-၂ ပဲ့ထိန်းဒုံးကျည် စမ်းသပ်ပစ်လွှတ်မှု အောင်မြင်

**နယူးဒေလီ ဇွန် ၃**

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ တည်ဆောက်ထုတ်လုပ်သော ပရစ်ဗီ-၂ အမျိုးအစား ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ဇွန် ၂ ရက် နိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်ကမ်းခြေမှ စမ်းသပ်ပစ်လွှတ်ခဲ့ရာ အောင်မြင်မှုရရှိကြောင်း၊ ယင်းဒုံးကျည်သည် အဏုမြူလက်နက်ထိပ်ဖူးအား သယ်ဆောင်နိုင်စွမ်းရှိကြောင်း အိန္ဒိယစစ်ဘက်က ပြောကြားသည်။

ဩရိဿပြည်နယ် ဘလာဆိုးခရိုင်အနီးရှိ ချန်ဒီပါ ဘက်စုံစမ်းသပ်ရေးစခန်း၌ မြေပြင်မှ မြေပြင်ပစ်ဒုံးကျည် ပရစ်ဗီ-၂ ကို ဇွန် ၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် အိန္ဒိယကြည်းတပ်မှ လက်တွေ့အသုံးပြုနိုင်ရန် စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပရစ်ဗီ-၂ အမျိုးအစား ပဲ့ထိန်းဒုံးကျည်သည် ကီလိုဂရမ် ၅၀၀ အလေးချိန်ရှိသော လက်နက်ထိပ်ဖူးကို သယ်ဆောင်ကာ ကီလိုမီတာ ၃၅၀ အကွာအဝေးအထိ ပစ်ခတ်နိုင်သည်။ ယင်းဒုံးကျည်သည် သမားရိုးကျ လက်နက်ထိပ်ဖူးသာမက အဏုမြူလက်နက်ထိပ်ဖူးကိုလည်း သယ်ဆောင်နိုင်သည်။ ဒုံးကျည်အလျားမှာ ကိုးမီတာရှိပြီး အချင်းမှာ တစ်မီတာရှိကာ လောင်စာအရည်သုံး ဒုံးအင်ဂျင်စက်နှစ်လုံး တပ်ဆင်ထားသည်။

**ဆင်ဟွာ။**

# ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုကာလ တိုးမြှင့်သတ်မှတ်

**ကုလသမဂ္ဂ ဇွန် ၃**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုကာလ ထပ်မံတိုးမြှင့်ချမှတ်သည့် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇွန် ၂ ရက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များက ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုကာလ ထပ်မံတိုးမြှင့်ခြင်းအတွက် မဲခွဲဆုံးဖြတ်ကြရာ အဖွဲ့ဝင်နိုင်ငံအားလုံးက ထောက်ခံခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် ပြုံယမ်းအရေးဆွေးနွေးပွဲအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ ပြီးခဲ့သောလအတွင်း ချူကလီးယားဒုံးလက်နက်များ ပစ်ခတ်စမ်းသပ်မှု သုံးကြိမ်ပြုလုပ်ခဲ့ပြီးနောက် ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုကာလ ထပ်မံတိုးမြှင့်ရန် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

စီးပွားရေးပိတ်ဆို့အရေးယူမှုတွင် မြောက်ကိုရီးယားနိုင်ငံသား ၁၄ ဦးနှင့် စီးပွားရေးလုပ်ငန်းလေးခုတို့ကို နိုင်ငံတကာခရီးသွားလာခွင့် ပိတ်ပင်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်အတွက် ငွေကြေးထောက်ပံ့ပေးမှု ရပ်တန့်သွားစေရန် ရည်ရွယ်သည်။

စုံစမ်းစစ်ဆေးရေးနှင့် နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပတ်သက်ပြီး ဆက်စပ်လုပ်ဆောင်ချက်များဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ ထိပ်တန်းအရာရှိကြီးများအပါအဝင် စီးပွားရေးဘဏ်တစ်ခု၏ ကိုယ်စားလှယ်တစ်ဦးတို့အား စီးပွားရေးပိတ်ဆို့ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စီးပွားရေးပိတ်ဆို့ခြင်းခံရသည့် စီးပွားရေးလုပ်ငန်းများမှာ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကျောက်မီးသွေးနှင့် သတ္တုများကို နိုင်ငံတကာသို့ ဖြန့်ဖြူးရေးလုပ်ငန်းများဖြစ်သည်။

လွန်ခဲ့သောနှစ် နိုဝင်ဘာလကစပြီး လုံခြုံရေးကောင်စီက မြောက်ကိုရီးယားနိုင်ငံအပေါ် ပထမဆုံးအကြိမ် စီးပွားရေးပိတ်ဆို့မှု စတင်ပြုလုပ်ခဲ့သည်။ လွန်ခဲ့သောနှစ် စက်တင်ဘာနှောင်းပိုင်းတွင် ပြုံယမ်းက ငါးကြိမ်မြောက် နျူကလီးယား လက်နက်စမ်းသပ်ခြင်းကြောင့် စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါပိတ်ဆို့မှုတွင် ပြုံယမ်း၏ ကျောက်မီးသွေး နိုင်ငံတကာ ဖြန့်ဖြူးမှုကို ပိတ်ပင်ခဲ့သည်။

ယခု ပြုံယမ်းအား စီးပွားရေးပိတ်ဆို့မှုတွင် နိုင်ငံတကာအသိုက်အဝန်း၏ သဘောထားရပ်တည်ချက်သည် တူညီနေကြောင်း တွေ့ရှိရသည်။

ပြုံယမ်းနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့် တရုတ်နှင့် ရုရှားတို့သည်ပင်လျှင် ပြုံယမ်းအား စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်ပြီး ထောက်ခံခဲ့ကြသည်။

ထိုသို့ စီးပွားရေးပိတ်ဆို့မှုကာလကို ထပ်မံတိုးမြှင့်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံကို ၎င်း၏ ရန်လိုသောအပြုအမူများ ရပ်တန့်ပစ်ရန် တွန်းအားတစ်ခု ဖြစ်နိုင်မလားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့် လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

❑



# လူလေးဦးလိုက်ပါသည့် ဂျက်လေယာဉ်ငယ် ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ပျက်ကျ

**တိုကျို ဇွန် ၃**

ဂျပန်နိုင်ငံအလယ်ပိုင်း တောင်ကုန်းတောင်တန်း ထူထပ်သော တိုယာမာခရိုင်တွင် ဇွန် ၃ ရက် မွန်းလွဲပိုင်းက ဂျက်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း ဒေသတွင်းရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်ကျသွားသည့် ဂျက်လေယာဉ်ငယ်တွင် လေယာဉ်မှူးအပါအဝင် လူလေးဦးလိုက်ပါသွားပြီး ယင်းတို့ထဲမှ သတိလစ်မေ့မြောနေသူ နှစ်ဦးအား ရှာဖွေတွေ့ရှိကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

အဆိုပါ ဂျက်လေယာဉ်ငယ်သည် ဇွန် ၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၃ မိနစ်ခန့်တွင် တိုယာမာလေယာဉ်ကွင်းမှ ပျံတက်သွားခြင်းဖြစ်ပြီး ပျံသန်းချိန်တစ်နာရီခန့်ကြာမြင့်မည့် နာဂါနိုခရိုင် မတ်ဆူတိုမိုလေဆိပ်သို့ ပျံသန်းရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သတင်းများ၌ ဖော်ပြသည်။

**ဆင်ဟွာ။**

# မနီလာမြို့ ကာစီနိုခန်း တိုက်ခိုက်ခံရမှုတွင် တရုတ်လူမျိုး ငါးဦးသေဆုံး

**မနီလာ ဇွန် ၃**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာမြို့ရှိ ဟိုတယ်တစ်လုံး၏ ကာစီနိုခန်းအား ဇွန် ၂ ရက် အစောပိုင်းက သေနတ်သမားတစ်ဦးက တိုက်ခိုက်ခဲ့ရာတွင် တရုတ်လူမျိုး ငါးဦးသေဆုံးခဲ့ကြောင်း မနီလာမြို့ရှိ တရုတ်သံရုံးက အတည်ပြုပြောကြားသည်။

သေဆုံးသွားသည့် တရုတ်လူမျိုးငါးဦးတွင် တစ်ဦးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဖြစ်ပြီး ကျန်လေးဦးမှာ တရုတ်(တိုင်ပေ)မှဖြစ်ကြောင်း သံရုံး၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယင်း ကာစီနိုခန်း တိုက်ခိုက်ခံရမှုတွင် သေဆုံးသူ ၃၈ ဦးရှိပြီး ၅၄ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ **ဆင်ဟွာ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သည်လုပ်ငန်းရှင်များအားတွေ့ဆုံ

**နေပြည်တော် ဇွန် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဇွန် ၂ ရက် နံနက် ၁၀ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံကာ နိုင်ငံတော်တိုးတက်မှုဖြစ်ပေါ်စေရန် ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားပြီး နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် မိမိတို့တာဝန်ထမ်းဆောင်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထား ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြုလုပ်သော လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးသည် အဓိကရေထွက်ကုန်နှင့် ရော်ဘာ၊ ဆီအုန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်သည့် စီးပွားရေးအခြေခံကောင်းများ ရှိသည့် ဒေသဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီမံကိန်းဖြစ်သည့် အထူးစီးပွားရေးဇုန်စီမံကိန်းနှင့်အတူ ဟန်ချက်ညီညီ ဆောင်ရွက်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်မားလာမည့်တိုင်းဒေသကြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ အဓိကထွက်ကုန်သည် နိုင်ငံတကာ ဈေးကွက်ဝင်ပို့ကုန်များဖြစ်၍ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်ပပို့ကုန်ပိုမိုတင်ပို့နိုင်မှုတို့ကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မိမိတို့လာရောက်ခြင်းမှာ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး အထောက်အကူပြုနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံကုန်သည် လုပ်ငန်းရှင်များ၏ တင်ပြချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် စကားပြောကြားသည်။

ထို့နောက် မြိတ်မြို့ရှိ SEA VIEW CONDO ကုမ္ပဏီ၏ အိမ်ရာတည်ဆောက်ရေးစီမံကိန်း၊ အဝေးပြေးယာဉ်ရပ်နားဝင်း တည်ဆောက်ရေးစီမံကိန်း၊ ရော်ဘာ ကွန်ပေါင်းစက်ရုံတို့ကို သွားရောက်ကြည့်ရှု “ဖိုးလမင်း” လေ့လာခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာပန်းချီပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ရန်ကုန် ဇွန်၃**

၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများအနက် ကာတွန်းပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မြည်းလာခန်းမ၌ ကျင်းပသည်။



ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ တိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ငွေ၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးချုပ် ဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ ကာတွန်းပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူများနှင့် အလွတ်တန်းပညာရှင်များ စုစုပေါင်း ၂၀၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ဆက်လက်ကျင်းပပြီး ဇွန် ၄ ရက် နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ်ရှိ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ကွန်ပျူတာပန်းချီပြိုင်ပွဲကိုလည်းကောင်း၊ မွန်းလွဲ၁နာရီတွင် လသာမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ ပိုစတာပြိုင်ပွဲကိုလည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့် အလွတ်တန်းပညာရှင်များ စုစုပေါင်း ၆၂၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယခု ၂၀၁၇ ခုနှစ်တွင် စုစုပေါင်း ၆၅၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ပဲခူးမြို့တွင်ကျင်းပမည်

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ မြဝတီဘဏ်လီမိတက်က အဓိက ကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယပွဲစဉ်ကို ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်းတွင် ဇွန် ၁၅ ရက်မှ ၁၈ ရက် အထိကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသား (H'cap 0-12) အမျိုးသမီး (H'cap 0-18)နှင့် အဆင့်များယှဉ်ပြိုင် ကစားခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားပြီးပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားသမားများသည် ဇွန် ၁၃ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပညာရှင်အဆင့်တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၂၆၂၆၀၂၆၃၆၊ ၀၉-၇၇၉၈၄၆၇၆၁ တို့ထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းထားသူများသည် ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တွင် မွန်းတည့် ၁၂ နာရီထိ ( Official Practice Round)ကစားနိုင်သည်။ အမည်စာရင်းပေးသွင်းထားပြီးပြိုင်ပွဲမဝင်နိုင်ပါက ဇွန် ၁၃ ရက် မွန်းလွဲ ၂ နာရီမတိုင်မီ အကြောင်းကြားရန်ဖြစ်ပြီး အကြောင်းကြားခြင်းမရှိပါက နောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသော ကစားသမားများကို ပြိုင်ပွဲအတွဲ ဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များသွားလာရေး အဆင်ပြေစေရန် ရန်ကုန်မြို့မှပဲခူးမြို့သို့ ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး မြန်မာဂေါက်ကလပ် ၉ မိုင်မှ ဇွန် ၁၃ ရက် နံနက် ၆ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

**တိုင်းပြည်တိုးတက် သာယာဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးအောင်နိုင် တိုက်ကြီးမြို့နယ်တရားရုံး စစ်ဆေး

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးအောင်နိုင်သည် တရားသူကြီးချုပ်ရုံး ရုံးအဖွဲ့မှူးနှင့်အတူ ယနေ့နံနက်ပိုင်းက တိုက်ကြီး မြို့နယ်တရားရုံးသို့ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ တရားစီရင်ရေးစီမံခန့်ခွဲရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တရားလွှတ်တော်တရားသူကြီး ဦးအောင်နိုင်သည် တိုက်ကြီးမြို့မရဲစခန်း၊ အချုပ်ခန်း၊ ဥက္ကံနယ်မြေရဲစခန်း၊ အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

**(သတင်းစဉ်)**

# မအူပင်မြို့နယ် သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**မအူပင် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၂ ရက်က မအူပင်မြို့ရှိ အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦး၊ တိုင်းဒေသကြီး သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစောအင်ဒရူးပန့်၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးသန့်စင်နှင့် တာဝန်ရှိသူများက အသီးသီးအမှာစကားပြောကြားသည်။

ထို့နောက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးထွန်းဝင်းက ဘဏ္ဍာရေး ရှင်းတမ်းပါ အသင်းအစီရင်ခံစာနှင့် ဒေါ်လဲ့ယဉ်အေးက အသင်းသားစာရင်းစစ်အစီရင်ခံစာကို တင်ပြဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ အပြုသဘောဆောင် အကြံပြုသုံးသပ်ချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အခြေခံသမဝါယမအသင်း ၂၁၆ သင်းရှိရာ ၁၅၂ သင်းတက်ရောက်ပြီး အသင်း၏ရှေ့လုပ်ငန်းစဉ် အစီရင်ခံစာပါ အစီအမံများနှင့် ဘဏ္ဍာရေးရှင်းတမ်းပါ ဆုံးဖြတ်ချက်ခုနစ်ချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**



# မောင်ကိုယု၏ တရားခွင်လျှောက်လဲချက်များ

## ဦးဟန်ညွန့်(ဥပဒေ)

**စာအုပ်စင်**

ကျွန်တော်၏ ရှေ့နေရုံးခန်း၊ ဥပဒေစာအုပ်စင်တွင် ထိုးထိုးထောင်ထောင်ဖြင့် ရှေ့တန်းက ရပ်နေသော စာအုပ်တစ်အုပ်ရှိသည်။ အဆိုပါစာအုပ်မှာ "တရားရုံးချုပ်ရှေ့နေ မောင်ကိုယု" ပြုစုရေးသားခဲ့သော "ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ" စာအုပ်ပင်ဖြစ်သည်။

**နှစ်ပေါင်း ၅၀**

လွန်ခဲ့သော နှစ်ပေါင်း ၅၀။ တိတိကျကျရေးရလျှင် (၁၉၆၇ ခုနှစ်) နှစ်ပေါင်း ၅၀ ဆိုတာ ဘာမှ မကြာလိုက်သလိုပါပဲ။ ကျွန်တော်က ဥပဒေ(ပထမနှစ်) ကျောင်းသား။ နေရာက အင်းဝဆောင်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဆရာက အင်းဝဆောင်အဆောင်မှူး။ ဆရာဆိုတာ အခြားသူမဟုတ်ပါ။ ဆရာဦးကိုယု(ခေါ်) စာရေးဆရာ မောင်ကိုယု(သို့မဟုတ်)မောင်သစ် ဖြစ်ပါသည်။ အင်းဝဆောင် အဆောင်မှူးဖြစ်သကဲ့သို့ ဆရာဦးကိုယုသည် ထိုစဉ်က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာနမှ လက်ထောက်ကထိကလည်းဖြစ်ပါသည်။ ဆရာသည် တက္ကသိုလ်ဆရာတစ်ဦး၊ တက္ကသိုလ်ကျောင်းဆောင်မှူးတစ်ဦးဖြစ်သော်ငြား တပည့်ကျောင်းသားများ ဖြစ်ကြသော ကျွန်တော်တို့ကို ဆရာတပည့်ပုံစံဖြင့် မဆက်ဆံပါ။ ညီအစ်ကိုအရင်းအချာပမာ၊ မိတ်ဆွေသူငယ်ချင်းပမာ ရင်းရင်းနှီးနှီးခင်ခင်မင်မင် ပြောဆိုဆက်ဆံခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ဆရာဦးကိုယုနှင့် ကျွန်တော်တို့တွေ့ဆုံကြုံခဲ့သော တက္ကသိုလ်ဘဝသည် ချမ်းမြေ့ဖွယ်၊ ခင်မင်ဖွယ်၊ မမေ့ရက်နိုင်ဖွယ် ကံ့ကော်ရိပ်ညိုတက္ကသိုလ် ဖြစ်ခဲ့ပါပေသည်။ ယနေ့တိုင် မမေ့ရက်နိုင်ပါပေ။

**ဘာသာပြန်**

ဆရာဦးကိုယု၏ ဘာသာပြန်စာအုပ်များအနက် အထင်ရှားဆုံးစာအုပ်တစ်အုပ်မှာ "ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များ" စာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို အောက်ဖော်ပြပါစာအုပ်များမှ ထုတ်နုတ်၍ ရှာဖွေဘာသာပြန်ခဲ့ခြင်းဖြစ်သည်-

၁။ THE WORLD OF LAW (VOLUME II) BY SIMOND AND SCHUSTER-NEW YORK.
၂။ GEORGI DIMITROV SELECTED SPEECHES AND ARTICLES, LWARENCE AND WISHART LTD: LONDON.
၃။ CUBA ANATOMY OF A REVOLUTION BY LEO HUBERMAN AND PAUL M.SWEEZY.
၄။ CLASSIC SPEECHES EDITED BY RICHARD CROSSUP
၅။ NUREMBERG, DIARY BY G.M. GIL BERT

**တရားခွင်ဖြစ်ရပ်**

တရားခွင်ဖြစ်ရပ်တို့သည် လူ့လောကဇာတ်ခုံတွင် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးသောဇာတ်လမ်းများ ဖြစ်ကြသည်။ အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရတတ်သော လူ့ဘဝတွင် လူတို့သည် ဘဝတစ်လျှောက်လုံး အနည်းနှင့်အများ အမှုပြဿနာများနှင့် ရင်ဆိုင်ကြရသည်။ ထိုမှုခင်းတို့သည် တရားရုံးသို့ ရောက်သည်လည်း ရှိ၏။ မရောက်သည်လည်း ရှိ၏။

တရားခံရှေ့နေသည် သူ့အမှုသည်အား ကြိုးစင်ပေါ်မှ ဆွဲချနိုင်ရေးအတွက် အသံတစာစာနှင့် လျှောက်လဲနေသည်ကို ကြားနိုင်ပါသည်။ တွေ့နိုင်ပါသည်။ သူ၏ စကားလုံးတိုင်း၊ စကားလုံးတိုင်း တရားခံ၏ လည်ပင်း၌ စွပ်ထားသော ကြိုးကွင်းကို လှီးဖြတ်နေသော ဓားချက်နှင့် တူပါသည်။

တရားလိုရှေ့နေသည် တရားခံအား ထောင်ချောက်အတွင်းသို့ အာဂမယုတ္တိ၊ သဘာဝယုတ္တိတို့ဖြင့် ပိတ်ဖမ်းနေသည်။ သူ၏လျှောက်လဲချက် စကားလုံးတိုင်း၊ စကားလုံးတိုင်းသည် တရားခံအား ရုန်းမလွတ်အောင် ရစ်ပတ်နေသည့် ကြိုးခွေများနှင့် တူပေသည်။

ဤသို့ဖြင့် တရားခွင်ဇာတ်ခုံတွင် လူတို့သည် ကြေကွဲစရာ၊ ဝမ်းနည်းစရာ၊ တုန်လှုပ်စရာ၊ နည်းယူစရာ၊ သံဝေဂရစရာ စသည်တို့ဖြင့် ရသမျိုးစုံပါဝင်သော ဇာတ်ကြီးများကို ကပြနေပါသည် စသည်ဖြင့် ဆရာမောင်ကိုယုက ကမ္ဘာကျော် တရားခွင်လျှောက်လဲချက်များ စာအုပ်(နိဒါန်း)တွင် အမှာစာရေးခဲ့သည်။


**တရားခံသည် တရားလို**

တစ်ခါတစ်ရံ တကယ့်တရားခံသည် တရားလိုဖြစ်နေပြီး တရားလိုသည် တရားခံဘဝကို ရောက်နေရသော အမှုများလည်းရှိသည်။ သန်လျက်ခိုးသူ ဘုရင်က သန်လျက်ကို ဖင်ခုထိုင်၍ အပြစ်ကင်းသူအား ဓားမိုးကာ သန်လျက်သူခိုးကို ရှာဖွေစစ်ဆေးနေသော အမှုများလည်းရှိခဲ့ပါသည်။ သူတစ်ပါးတိုင်းပြည်အား မတရားလုယူအုပ်ချုပ်ခဲ့သော နယ်ချဲ့သမားသည် ကိုယ့်တိုင်းပြည် လွတ်မြောက်ရေးအတွက် ပြန်လည်ခုခံသော သူရဲကောင်းကို ရုံးတင်စစ်ဆေးပြစ်ဒဏ်ချမှတ်ခဲ့သော အမှုများလည်းရှိပါသည်။ အပြစ်ကင်းသူတစ်ယောက်ကို မတရားသြဇာသုံး၍ ကိုယ့်လက်ဝယ်ပိုင်ဆိုင်သော တရားရုံးကို အသုံးပြုကာ လက်စားချေခဲ့သော အမှုများလည်း ရှိပါသည်။ ဤမှုခင်းတို့သည် သမိုင်းတွင် ဖျောက်ဖျက်၍ မရစကောင်းသော ရှက်ဖွယ်လိလိ မှတ်တမ်းအဖြစ် ကျန်ရစ်ခဲ့ကြပါသည်။

တခြားတစ်ဖက်တွင်လည်း အပြစ်ကင်းပါလျက် သူခိုးက လူဟာစ်ခံရသော ပုဂ္ဂိုလ်တို့သည် ရှိခဲ့၏။ ထိုပုဂ္ဂိုလ်တို့တွင် ကြိုးစင်ကို မြင်ပါလျက်၊ ကားစင်ကို တွေ့နေပါလျက် မကြောက်မရွံ့၊ မတုန်မလှုပ်ဘဲ အမှန်တရားကို ဖွင့်ထုတ် ခုခံသွားကြသော တရားခံသူရဲကောင်းများလည်း ရှိခဲ့ပါသည်။ တရားခံဘဝဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံရမည့်အစား ထောင်ဒဏ်ကို တောင်းခံသွားသူ၊ သေဒဏ်ကို ဖိတ်ခေါ်သွားသူ၊ ကြိုးစင်ပေါ် ရင်ကော့၍ တက်သွားသူများလည်း ရှိခဲ့ပါသည်။

သူတို့သည် သမိုင်းဝင်စာပေဂန္ထဝင်အဖြစ် ကျန်ရစ်ခဲ့အောင် နှလုံးသားမှ ပေါ်ထွက်လာသော စကားလုံးတို့ဖြင့် ရဲရဲတောက် လျှောက်လဲသွားကြသည်။ ထိုပုဂ္ဂိုလ်၊ ထိုသူရဲကောင်းတို့၏ လျှောက်လဲချက်၊ တင်ပြချက်၊ အစစ်ခံချက်များကို ဥပဒေစာပေမှတ်တမ်းတစ်စောင်အဖြစ်

> *အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရတတ်သော လူ့ဘဝတွင် လူတို့သည် ဘဝတစ်လျှောက်လုံး အနည်းနှင့်အများ အမှုပြဿနာများနှင့် ရင်ဆိုင်ကြရသည်။ ထိုမှုခင်းတို့သည် တရားရုံးသို့ရောက်သည်လည်း ရှိ၏။ မရောက်သည်လည်း ရှိ၏။*





ကျန်ရစ်ခဲ့ရန်ရည်ရွယ်ချက်ဖြင့် ဤစာအုပ်ကို ရှာဖွေပြုစုခဲ့ပါသည်ဟု ဆရာမောင်ကိုယုက ရှင်းလင်းရေးသားခဲ့သည်။

**လျှောက်လဲလျက် (၁၁)ချက်**

ဆရာ့စာအုပ်တွင် လျှောက်လဲချက် (၁၁)ချက်ကို အောက်ပါအတိုင်းဖော်ပြခဲ့သည်-

၁။ ဖီဒယ်လ်ကတ်စထရို
(မွန်ကားဒါးစစ်ဌာနချုပ်ကို ဝင်စီးမှု၊ နိုင်ငံတော်ပုန်ကန်မှုတွင် ကိုယ်တိုင်လျှောက်လဲချက်)
၂။ ရောဘတ်အိပ်ချ်ဂျက်ဆင်
(နူရင်းဘတ်စစ်တရားခွင်တွင် နိဂုံးလျှောက်လဲချက်)
၃။ ဂျော်ဂျီဒီမီထရော့ဗ်
(ရိုင်းစတက်လွှတ်တော်မီးရှို့မှု တရားခံအဖြစ် ထုချေလျှောက်လဲချက်)
၄။ ကလဲရင့်ဒါရိုး
(စွဲလူသတ်မှုတွင် နီဂရိုးများအတွက် လျှောက်ထားချက်)
၅။ မဟတ္တမဂန္ဒီ
(အစိုးရအကြည်ညိုပျက်စေမှု အယူခံခြင်း)
၆။ အဲမီးလ်ဇိုလာ
(အသရေဖျက်မှု ဂျူရီလူကြီးရှေ့လျှောက်လဲချက်)
၇။ ဂျွန်ဘရောင်း
(နီဂရိုးများအား ကျွန်ပိုင်ရှင်များလက်မှ လုယူမှုအတွက် ကိုယ်တိုင်လျှောက်လဲချက်)
၈။ ဒယ်နီယယ် ဝက်စတား
(တရားခွင်၌ အစိုးရရှေ့နေအဖြစ် လျှောက်လဲချက်)
၉။ ရောဘတ်အင်းမက်
(အဂ်လိပ်က ကြိုးပေးသော နောက်ဆုံးလျှောက်လဲချက်)
၁၀။ ဂျုံးအော့ဖ်အတ်(ရွာသူစုန်းမအဖြစ် စွဲချက်တင်၍ သက်သေထွက်ချက်)
၁၁။ ဆိုကရေးတီး
(ချေပလျှောက်လဲချက်)

**အနှစ်ချုပ်များ**

လျှောက်လဲချက်များမှာ ကမ္ဘာကျော်သည်။ ထို့ကြောင့် ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များဟု ဆရာက အမည်ပေးခဲ့သည်။ အနှစ်ချုပ်များမှာ-

- တွေးခေါ်မြော်မြင်ရေးပညာအတွက် ဒူးထောက်အရှုံးမပေး၊ အမှန်တရားကို ဖွင့်ဟပြောဆို၊ အဆိပ်ရည်ကို အေးအေးဆေးဆေး သောက်သုံးသွားပုံ
- ငယ်ရွယ်သော အမျိုးသမီးဖြစ်သော်လည်း ဒူးထောက်အရှုံးမပေးဘဲ အမှန်တရားကိုသာ အစစ်ခံ၊ ကားစင်ပေါ်တက်၊ မီးရှို့အသတ်ခံသွားသူ
- ပြည်သူများလွတ်မြောက်ရေးအတွက် ကြိုးစင်ပေါ် ရဲရဲတောက်တက်သွားသူ
- အမှန်တရားဖွင့်ထုတ်၍ သေဒဏ်ကျခံသွားသူ
- မတရားကျွန်ဒဏ်ခံ၍ ဒူးထောက်အရှုံးမပေးဘဲ ထောင်ထဲဝင်သွားသူ
- အသားအရောင်ခွဲခြားမှုကို ထိထိမိမိပြစ်တင်ရှုတ်ချလျက် နီဂရိုးမိသားစုဘက်မှ ရှေ့နေလိုက်သူ
- လူမဆန်စွာ လုပ်ကြံသတ်ဖြတ်သော လူသတ်သမားများနှင့် တရားခံတို့၏ယုတ်မာမှုကို ကြိုးစင်ပေါ်ဆွဲတင်ခဲ့သူ
- အိန္ဒိယပြည်သူတို့၏ လွတ်လပ်ရေးတရားဟောကြားကာ ကိုယ့်အပြစ်ကို အယူမခံ၊ ထောင်ဒဏ်ကို တောင်းဆိုသွားသူများ အကြောင်းကို ဆရာ့စာအုပ်တွင် ဖော်ပြထားပါသောကြောင့် စာရှုသူများကိုယ်တိုင် လက်တွေ့ဖတ်ရှုကြည့်ရန်သာ တိုက်တွန်းပါရစေ။

**မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၁၄) ဖော်ပြချက်**

ဆရာမောင်ကိုယု ကွယ်လွန်သောနေ့မှာ ၇-၁၂-၁၉၉၈ ဖြစ်သော်လည်း ဆရာ၏ ကိုယ်ရေးအကျဉ်းနှင့် ဓာတ်ပုံကို (၂၀၁၄ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်)တွင်မှ အောက်ပါအတိုင်း ဖော်ပြခဲ့သည်-

- ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ပဲခူးမြို့၌မွေး
- ပဲခူး၊ ရန်ကုန် ဟိုက်စကူး။ ၁၉၄၈ ရန်ကုန်တက္ကသိုလ်ရောက်။ ၁၉၆၁ ဝိဇ္ဇာဘွဲ့။ ၁၉၆၄ ဥပဒေဝိဇ္ဇာဘွဲ့ရ။
- အလွတ်ပညာသင်ကျောင်း မြန်မာစာဆရာ။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာန လက်ထောက်ကထိက။ ၁၉၇၂ သခင်စိုးအမှုမှာ တရားရုံးချုပ်ရှေ့နေ။ သရော်စာရေးရာမှာ မောင်သစ်။ လင်ရယ် မယားရယ် ဝတ္ထုတို၊ ညနေစာ အလှည့်ကလေးဝတ္ထုတိုအပါအဝင် ခေတ်သစ်ကိုရင်မောင်၊ မမယ်မဝတ္ထုရှည်များ စသည်စသည်။ ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များနှင့်အတူ တရားခံနှင့် သူ့ချစ်သူ၊ တရားခံနှင့် သူ့ရှေ့နေ၊ တကယ့်ရှေ့နေ၊ တရားခံ ဘယ်သူလဲနှင့် ဂျာမန်ဂန္ထဝင်စာပေများ ထင်ရှားသည်။ ၁၉၈၈ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာ ဗဟိုဦးစီးအဖွဲ့တွင် ပါဝင် စသည်ဖြင့် မောင်ကိုယု၊ စာရေးဆရာ၊ တရားရုံးချုပ်ရှေ့နေ (၁၉၃၀-၁၉၉၈) ဟု ပါရှိသည်။

ယခင်က ဖော်ပြရန် ကျန်ရှိခဲ့သော ကွယ်လွန်သူထင်ရှားသည့် ပုဂ္ဂိုလ်များစာရင်းတွင် ဆရာသည်တစ်ဦး ပါဝင်သည်။(မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ၂၀၁၄၊ စာ-၄၂၆)

**လူငယ်ရှေ့နေများသို့**

တရားခွင်တွင် နေ့စဉ်လျှောက်လဲချက် တင်ဆက်ရသော လူငယ်ရှေ့နေများနှင့် တရားခွင်နှင့် မကင်းနိုင်သူများအား ဆရာမောင်ကိုယု၏ ကမ္ဘာကျော်တရားခွင်လျှောက်လဲချက်များစာအုပ်ကို မိတ်ဆက်တင်ပြအပ်ပါသည်။ ။

# ရသစာပေထွန်းကားရာ မြစ်မင်းဧရာ

**သျှင်နေမင်း**

မြစ်မင်းဧရာ ဇေယျာမြေစာဖတ်ဝိုင်းလေးကို စိတ်တူကိုယ်တူ ခံစားချက်ချင်းတူတဲ့ စာရေးဆရာတွေ၊ ဒေသတွင်းမှာရှိတဲ့ စာပေဝါသနာရှင်တွေ ပူးပေါင်းပြီး ခံစားမှုရသတွေကို ၁၀-၁၂-၂၀၁၆ ရက်ကစပြီး မျှဝေခဲ့ကြရာမှာ မြစ်မင်းဧရာဇေယျာမြေစာဖတ်ဝိုင်းဟာ ယခုဆိုရင် (၁၃)ကြိမ်မြောက်ကို ရောက်ရှိလို့လာခဲ့ပေပြီ။ မြစ်မင်းဧရာစာဖတ်ဝိုင်းကို စိတ်တူကိုယ်တူတွေစုစည်းပြီး ဆောင်ရွက်လာခဲ့ရာမှာ စာဖတ်ဝိုင်းတွေအပြင် မန္တလေးက စာရေးဆရာဂျူဇော်နှင့် ဆရာစိုးလှိုင်တင့်တို့ကို ဖိတ်ကြားပြီး ဝတ္ထုတစ်ပုဒ်မွေးဖွားခြင်း ခေါင်းစဉ်ဖြင့် တက်သစ်စ ကလောင်ရှင် စာရေးဆရာလေးတွေကို ဝတ္ထုတွေကို ဘယ်လိုရေးရတယ်။ ဇာတ်အိမ်တွေကို ဘယ်လိုဖွဲ့ရတယ် စတဲ့ ဝတ္ထုရေးနည်းရေးဟန်တွေကို မျှဝေပြီး တွဲခေါ်ပေးခဲ့တာရှိသလို စာဖတ်ဝိုင်းရဲ့ သတ္တမအကြိမ်မြောက်မှာတော့ ရန်ကုန်က စာရေးဆရာကြီး မြေလတ်မောင်မြင့်သူနှင့် ဆရာတက္ကသိုလ်တင်ဟန်ကျော်တို့ကို ဖိတ်ကြားကာ အက်ဆေး၊ ကဗျာ၊ အယ်ဒီတာ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပကာ အက်ဆေးများ ဖြစ်တည်စီးဆင်းလာပုံတွေ၊ အက်ဆေးရဲ့ သဘောသဘာဝတွေ၊ အက်ဆေးနှင့် ဆောင်းပါးခွဲခြားပုံတွေ၊ ကဗျာတွေကို ရေးဖွဲ့ရာမှာလည်း ဂန္ထဝင်ကဗျာနှင့် ခေတ်ပေါ်ကဗျာဆိုင်ရာ အကြောင်းတွေကို ဆရာမြေလတ်မောင်မြင့်သူက ရှင်းလင်းပေးခဲ့သလို ဆရာတက္ကသိုလ် တင်ဟန်ကျော်ကလည်း မှားတတ်တဲ့စာလုံးပေါင်းတွေ သတ်ပုံသတ်ညွှန်းတွေအကြောင်းကို ရှင်းလင်းပေးခဲ့တာဖြင့် မြစ်မင်းဧရာစာဖတ်ဝိုင်းကို တက်ရောက်လာကြတဲ့ စာပေဝါသနာရှင်တွေအတွက် များစွာအထောက်အကူပြုခဲ့ပါတယ်။

'ရသစာပေဆိုတာ လူတစ်ယောက်ကို ကြီးပွားတိုးတက်အောင် ချက်ချင်းကြီး ဆောင်ရွက်ပံ့ပိုးမပေးနိုင်ပေမယ့် လူသားစစ်စစ်ဖြစ်အောင်တော့ အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ပါတယ်'တဲ့။ ဖတ်ခဲ့ဖူးတဲ့ စာသားလေးပါ။ တကယ်လည်းဟုတ်ပါတယ်။ ရသစာပေတွေကနေ အတုယူနိုင်တယ်။ ရသမြောက်တဲ့ ကဗျာတွေ၊ ဝတ္ထုတွေ ဖတ်ပြီးပြီဆိုတာနဲ့ ရင်မောကျန်ခဲ့ရတာရှိသလို အားတက်ကာ ဘဝအတွက် ကြိုးစားချင်စိတ်များ၊ အတုယူချင်စိတ်များ ကျန်နေခဲ့တဲ့ စာပေဟာ ရသစာပေပဲ မဟုတ်ပါလား။

ပထမဆုံးအကြိမ် မြစ်မင်းဧရာ ဇေယျာမြေစာဖတ်ဝိုင်းလေးလုပ်တော့ ရသစာပေအကြောင်းလေးနဲ့ပတ်သက်ပြီး အမျိုးသားစာပေဆုရစာရေး ဆရာ ရဲသျှမ်းက ပြောပါတယ်။ 'ရသစာပေ ကျဆုံးသွားပြီ' ဆိုတဲ့ စကားသံတွေကို လွန်ခဲ့တဲ့ ငါးနှစ်ကျော် ခြောက်နှစ်လောက်ကတည်းက ကျယ်ကျယ်လောင်လောင် ကြားခဲ့ရပါတယ်။ အဲဒီလိုကြားရတိုင်း ဝတ္ထု၊ အက်ဆေးစတဲ့ ရသစာပေကို ရေးသားနေတဲ့ ကျွန်တော်တို့အတွက် လုံးဝဘဝင်မကျခဲ့ရပါဘူး။ တကယ်ရော ရသစာပေကျဆုံးပြီလား။ မဟုတ်ပါဘူး။ ဝတ္ထု၊ အက်ဆေး ၊ ကဗျာရေးနေသူတွေ အများကြီးပါ။ ဒါဆို ရေးသူပဲများပြီး ဖတ်သူမရှိတာလားလို့ မေးစရာရှိလာပါတယ်။ ဖြေရရင် ဖတ်နေတဲ့သူတွေလည်း အများကြီးရှိပါတယ်။ ဒါဆို ဘာကြောင့် ရသစာပေကျဆုံးပြီဆိုတဲ့ အသံတွေထွက်လာရတာတုန်း။ တကယ်တော့ ကျွန်တော်တို့ရသစာပေဟာ စာဖတ်နေသူတွေလက်ထဲ လူထုလက်ထဲ အလွယ်မရောက်တာပါ။ ရောက်အောင် ကျွန်တော်တို့ ကြိုးစားကြည့်ကြတာပေါ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာဖတ်ဝိုင်းတွေ လုပ်ခဲ့ကြပါတယ်။ ကျွန်တော် ဒီရောက်လာတော့လည်း ရသစာဖတ်ဝိုင်းလေးတွေကို အကောင်အထည်ဖော်ချင်တဲ့အတွက် ဒီမြစ်မင်းဧရာ စာဖတ်ဝိုင်းလေးကို စိတ်တူကိုယ်တူ မိတ်ဆွေများနဲ့ စလုပ်ဖြစ်ခဲ့တာပါလို့ ပြောချင်ပါတယ်ဆိုပြီး စာရေးဆရာ ရဲသျှမ်းက ရသစာပေခံစားချက်အပေါ် ပြောပြခဲ့ဖူးပါတယ်။

ရသစာပေဟာ လူတွေအတွက် မရှိမဖြစ်အားဆေးတစ်ခွက်လို့ မြင်မိပါတယ်။ လူဆိုတာ အမျိုးမျိုးခံစားတတ်ကြပါတယ်။ ရယ်ရွှင်တတ်တာလည်း လူပါပဲ။ ခံစားပြီးငိုတတ်တာလည်း လူပါပဲ။ စိတ်အလိုမပြည့်တာလည်း လူပါပဲ။ သနားတတ်တာလည်း လူပါပဲ။ ရက်စက်တတ်တာလည်း လူပါပဲ။ ဒီခံစားမှုတွေထဲက မလွတ်ပါဘူး။ ဒါကြောင့်လည်း လူတွေဟာ ရသကိုးပါးစလုံးကို မလွတ်တမ်းခံစားတတ်တဲ့ သတ္တဝါတွေပါလို့ ပြောချင်ပါတယ်။

ရသစာပေနဲ့ပတ်သက်ပြီးတော့ နိုင်ငံပိုင်သတင်းစာတစ်ခုရဲ့ ရသစာပေထွန်းကားရေးစာတမ်းဖတ်ပွဲ အင်တာဗျူးတစ်ခုမှာ ဖတ်မိလိုက်ပါတယ် 'ရသစာပေကျဆုံးရင် လူတွေရိုင်းကုန်မှာ ဖြစ်ပါတယ်' တကယ်ကိုထိရောက်တဲ့ စကားပါပဲ။ တကယ်လည်းရိုင်းကုန်မှာဖြစ်ပါတယ်။ ရသစာပေတွေဟာ လူတွေရဲ့စိတ်ကို တရားမှုသာလျှင်ပေးနိုင်ပါတယ်။ မတရားမှုကို အလိုလိုရွံမုန်းတတ်လာစေတာ ရသစာပေပဲဖြစ်ပါတယ်။

တစ်ခေတ်တစ်ခါက မြန်မာနိုင်ငံမှာ ရသစာပေတွေထွန်းကားခဲ့ဖူးပါတယ်။ ရသစာပေတွေထွန်းကားခဲ့သလို နိုင်ငံရဲ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့တာကို တွေ့ခဲ့ရမှာဖြစ်ပါတယ်။ လွမ်းချင်းတွေ၊ တေးထပ်တွေ၊ ရတုတွေဟာ ရသစာပေတွေပဲ မဟုတ်ပါလား။ ဒီစာပေတွေကနေပြီးတော့မှ နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေ၊ တောသူတောင်သားတွေရဲ့ ဘဝတွေကို ဒီအချိန်အထိကို ဒီကဗျာတွေကပဲ ထင်ဟပ်ပြောပြနေတုန်းပဲ မဟုတ်ပါလား။

သက်ဦးဆံပိုင် ဘုရင်စနစ်မှာ ဘုရင်အမျက်တော်ရှုတာကို ပြေပျောက်နိုင်စေဖို့ စာလွှာဆက်သွင်းတာမှာ ရသစာပေနဲ့ စာလွှာဆက်သွင်းတာပါ။ ထင်ရှားခဲ့တာကတော့ လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ 'မဲဇာတောင်ခြေ' ကဗျာရတုပါပဲ။ ဒီစာလွှာထဲမှာ အမတ်ကြီးရဲ့ နန်းတော်ကိုလွမ်းတဲ့ ခံစားမှု၊ ချစ်ခင်တဲ့သူတွေနဲ့ ဝေးနေရတဲ့ ခံစားမှု၊ အအေးဒဏ်ကို ကြံ့ကြံ့ခံနေရပြီး အရှေ့အနောက်တောင်မြောက်ကို မသိရဘဲ တစ်ယောက်တည်းနေရတဲ့ ကြောက်ရွံ့မှုတွေကို တွေ့ရပါတယ်။ ဒီလိုရေးဖွဲ့ပြီး ဘုရင်ကြီးဆီကို ဆက်သလိုက်တာ ဘုရင်အမျက်တော်ပြေပြီး သနားတဲ့စိတ်နဲ့ အမတ်ကြီးကို ပြန်ခေါ်ခဲ့တာ ရသစာပေရဲ့ စွမ်းပကားပေပဲ မဟုတ်ပေဘူးလား။

'စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်၊ တောကြီးဆိတ်ညံ၊ ဆီးကျံကျံဝယ်၊မူဝံမပေါ်၊ မမြော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အံ့ဩ၊ ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့၊ မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်' စသည့် လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ကဗျာကို ဖတ်လိုက်ရတော့ ဘုရင်သည်လည်း သနားစိတ်ဝင် ပြည်တော်ကို ပြန်ဝင်ခိုင်းခဲ့တဲ့အရာက ရသစာပေခံစားမှုကြောင့် ဆိုရင် မမှားပေဘူး။ ဒါကြောင့် ရသစာပေတွေကသာ လူတွေရဲ့ စိတ်နှလုံးကို နူးညံ့စေနိုင်ပါတယ်လို့ ပြောလိုခြင်းဖြစ်ပါတယ်။ ။

**ရသစာပေဆိုတာ လူတစ်ယောက်ကို ကြီးပွားတိုးတက်အောင် ချက်ချင်းကြီး ဆောင်ရွက်ပံ့ပိုးမပေးနိုင်ပေမယ့် လူသားစစ်စစ်ဖြစ်အောင်တော့ အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ပါတယ်"တဲ့။ ရသမြောက်တဲ့ကဗျာတွေ၊ ဝတ္ထုတွေ ဖတ်ပြီးပြီဆိုတာနဲ့ ရင်မောကျန်ခဲ့ရတာရှိသလို အားတက်ကာ ဘဝအတွက် ကြိုးစားချင်စိတ်များ၊ အတုယူချင် စိတ်များ ကျန်နေခဲ့တဲ့စာပေဟာ ရသစာပေပဲ မဟုတ်ပါလား။**

# အချက်အလက်များသိုလှောင်သိမ်းဆည်းနိုင်သည့် ဝန်ဆောင်မှု မြန်မာရန်ကုန်ကမာရွတ်ဒေတာစင်တာ စတင်

**ရန်ကုန် ဇွန် ၃**

ကုမ္ပဏီများ၊ ဘဏ်များ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရဌာနများ၏အချက်အလက်များ သိုလှောင်သိမ်းဆည်းနိုင်သည့် ဝန်ဆောင်မှုကို မြန်မာရန်ကုန် ကမာရွတ် ဒေတာစင်တာ(Data Center) စတင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ Vantage Tower ၌ ယမန်နေ့က ကျင်းပသည့် အဆိုပါမီဒီယာတွေ့ဆုံပွဲမှ သိရသည်။



မြန်မာနိုင်ငံရှိ Myint& Associates Telecoms နှင့် ကမ္ဘာ့တစ်ဝန်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နေသည့် NTT Communications (Thiland) တို့ Resale Programme သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါသဘောတူညီမှုအရ ယခုဝန်ဆောင်မှုကို စတင်လိုက်ခြင်းဖြစ်သည်။

မြန်မာရန်ကုန် ကမာရွတ်ဒေတာစင်တာသည် ၃၀၀ စတုရန်းမီတာ ကျယ်ဝန်းပြီး ဆာဗာသိုလှောင်ခန်း ၉၀ (Server Racks )အထိ ဝင်ဆံ့သည်။ အဆင့် (၃) လက်မှတ် ရရှိထားပြီး သုံးစွဲသူဒေတာအချက်အလက်များကို အပြည့်အဝကာကွယ်နိုင်ရန် အဆင့် (၇) အထိ လုံခြုံမှုပေးစွမ်းထားသည်။

"ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေက ကိုယ့်ဘာသာ ဒေတာစင်တာတွေ၊ ကွန်ပျူတာခန်းတွေ တည်ဆောက်လို့ရပါတယ်။ ဒါပေမယ့် ဒါတွေကို ဘယ်လိုထိန်းသိမ်းမလဲ၊ လူသားအရင်းအမြစ်တွေကို ဘယ်လို အဆင့်မီသင်တန်းတွေပေးမလဲဆိုတာ အဓိကအချက်ဖြစ်ပါတယ်။ တစ်နှစ်ပြီးတစ်နှစ် ထိန်းသိမ်းသွားရမှာ အလွန်ခက်ခဲပါတယ်။ ဒါကြောင့် ဒေတာစင်တာမှာလာထားမယ်ဆိုရင် အဲဒီလိုမျိုးတွေအတွက် တာဝန်ပေါ့သွားတော့ ကျန်တဲ့အပိုင်းတွေကို ပိုပြီးအာရုံစိုက်အလေးထားလို့ ရပါတယ်" ဟု Myint& Associates Telecoms မှ အထွေထွေမန်နေဂျာ ဦးသိန်းစိုးထိုက်က ပြောသည်။

မြန်မာနိုင်ငံတွင် အချက်အလက်များ၊ Digital Data များကို သိုလှောင်သိမ်းဆည်းနိုင်သည့် ကိုယ်ပိုင်ဒေတာစင်တာတည်ဆောက်ရန် ဆောက်လုပ်ရေးစရိတ် ကြီးမားခြင်း၊ ကောင်းမွန်စွာ ထိန်းသိမ်းရန် ခက်ခဲခြင်းတို့မှာ စိန်ခေါ်မှုအသွင်ရှိနေသော်လည်း ဒေတာစင်တာများတွင် သိုလှောင်သိမ်းဆည်းသည့်စနစ်မှာ နည်းပါးနေသေးသည်။

"တခြားနိုင်ငံတွေမှာလည်း ဒေတာစင်တာတွေမှာထားတဲ့ အဆင့်တွေဖြစ်နေကြပါပြီ။ လုံခြုံစိတ်ချရမှုအပိုင်းမှာ ပိုပြီးအားသာချက်ရှိပါတယ်" ဟု အထွေထွေမန်နေဂျာဦးသိန်းစိုးထိုက်က ဒေတာစင်တာများတွင် သိမ်းဆည်းခြင်းဖြင့် ရရှိနိုင်သည့် အကျိုးတရားများကို ပြောပြသည်။ **(တာရာ)**

## ယာဉ်မောင်းသူများ လိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-
- (၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
- (၂) မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
- (၃) မော်တော်ယာဉ်ဘီးများ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
- (၄) လမ်းပေါ်တွင် ရွံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
- (၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။
- (၆) ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
- (၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
- (၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
- (၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
- (၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# လျှပ်စစ်မီးရရှိ၍ ဒေသခံပြည်သူများပျော်ရွှင်

**တပ်ကုန်း ဇွန် ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ပေတောကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအောင်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါကျေးရွာရှိ ထရန်စဖော်မာရှေ့၌ကျင်းပရာ မီးရရှိ၍ ဒေသခံများ ပျော်ရွှင်နေကြသည်။

၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၇၀၀၊ ၁၁/သုည ဒသမ ၄ ကေဗွီ ၁၆၀ ကေဗွီအေ ထရန်စဖော်မာနှင့် ကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၄၁၅၀ အား နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က စက်ခလုတ်နှိပ်၍ မီးစတင်လွှတ်ပေးခဲ့သည်။

အဆိုပါမီးလင်းရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်းမှ ထောက်ပံ့ငွေကျပ် ၂၀၆ သိန်း၊ ကျေးရွာပြည်သူလူထု စုဆောင်းရရှိငွေကျပ် သိန်း ၁၅၀ စုစုပေါင်း ၃၅၆ သိန်း အကုန်ကျခံ၍ ဆောင်ရွက်ကြောင်း သိရသည်။ **(တင်စိုးလွင်)**

# BPI ဆေးဝါးများကို ကောင်းမွန်သောထုတ်လုပ်မှုနည်းစဥ်များနှင့်အညီ တိုးမြှင့်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့ နံနက်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ BPI ဆေးဝါးအရောင်းဆိုင်(တောင်ဥက္ကလာပ)သို့ရောက်ရှိပြီး ဆိုင်ပြင်ဆင်ထားရှိမှု၊ ပြည်သူများ အသုံးလိုသည့် ဆေးဝါးများ အမှန်တကယ်ဖြန့်ဖြူးရောင်းချပေးနိုင်ရန် စီစဥ်ထားရှိမှုနှင့် ပြည်သူလူထုအား ဆေးဝါးများရောင်းချနေမှုအား အားပေးကြည့်ရှုကာ**(ယာပုံ)** ဝယ်ယူသူများအား BPI ဆေးဝါးများ အမှတ်တရလက်ဆောင်ပေးအပ်သည်။

BPI ဆေးဝါးများသည် GMP Guide Line နှင့်အညီ ထုတ်ကုန်နှစ်ဆတိုးမြှင့်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အလားတူ BPI ဆေးဝါးအရောင်းဆိုင်များကို ယခုဆိုင်အပါအဝင် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတို့တွင် စုစုပေါင်း ကိုးဆိုင်ဖွင့်လှစ်ထားကာ အခြားမြို့ကြီးများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖွင့်လှစ်၍ ပစ္စည်းမှန် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုနယ်မြေ(တောင်ဒဂုံ)ရှိ အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)



ဆိုလာအလုပ်ရုံသို့ရောက်ရှိရာ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် ထုတ်လုပ်မှုဆိုင်ရာများနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်မည့် ဝမင်းကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက LED နှင့် ဆိုလာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရာတွင် ပြည်သူများ အသုံးတည့်ပြီး ဈေးနှုန်းလည်းသင့်တင့်ကာ Efficiency အမြင့်မားဆုံး ဖြစ်ရန်လိုပါကြောင်း၊ စက်မှုဝန်ကြီးဌာနပိုင် စက်ရုံ(၁၀)ရုံတွင်လည်း ဆိုလာနည်းပညာများဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် ပိုလျှံစွမ်းအင်ကို ဒေသတွင်း ပြည်သူများအတွက် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ လျှပ်စစ် Cable များ ထုတ်လုပ်နိုင်ရေးအတွက် မြေနေရာ ရရှိရေး လိုအပ်ချက်များနှင့် ထုတ်လုပ်မှုဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် PPP စနစ်ဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆိုလာနှင့် LED များ ပြည်တွင်း၌ ထုတ်လုပ်လာနိုင်ပါက ပြည်တွင်းစက်မှုထုတ်လုပ်ရေးကဏ္ဍ တိုးတက်မြင့်မားလာစေမည့်အပြင် ပြည်တွင်းသာမက ပြည်ပသို့ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများလည်း ပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဥ်)**

# ရေဦးမြို့နယ် ပန်းကုံးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်

**ရေဦး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်း အဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့၌ ကျင်းပခဲ့ရာ ဒုတိယမြို့နယ် ပညာရေးမှူး ဦးခင်မောင်ဆန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေးက အခြေခံပညာအလယ်တန်းကျောင်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲသို့ ရွှေဘိုခရိုင် ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်နှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောင်ဇမ္ဗူတောရမဓမ္မရိပ်သာ ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသ က မွေးရပ်ဇာတိမြေဖြစ်သော ရေဦးမြို့နယ် ပန်းကုံးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သလို အထက်တန်းကျောင်း ဖြစ်လာသည်အထိ ရည်ရွယ်ထားကြောင်း၊ အထက်တန်းကျောင်း ဖြစ်လာစေရေးအတွက် ပညာရေးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး အထက်တန်းကျောင်းဖြစ်ခဲ့ပါက သင်ကြားရေးအတွက် ဆရာ ဆရာမ လိုအပ်ချက်ရှိပါက ကျောင်းသားမိဘများ စိုးရိမ်ပူပန်ခြင်း မဖြစ်ကြစေလိုကြောင်း၊ ဘာသာရပ်အလိုက် ပြင်ပမှ ဆရာ ဆရာမများ ငှားရမ်းသင်ကြားသွားရန် ရည်ရွယ်ထားကြောင်း မိန့်ကြားခဲ့သည်။ အောင်ဇမ္ဗူဆရာတော်ကိုယ်စား အောင်ဇမ္ဗူ သာသနာပြုအဖွဲ့ အကျိုးတော်ဆောင် ဦးအောင်ကြီးက ကျောင်းရန်ပုံငွေအဖြစ် ငွေကျပ် ၁၅ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ခင်မျိုးနိုင်(ကြေးမုံ)**





# ရှေးဦးပြုစုခြင်း(ကြက်ခြေနီ)သင်တန်း ထီးချိုင့်မြို့၌ဖွင့်လှစ်

**ထီးချိုင့် ဇွန် ၃**

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(ကြက်ခြေနီ)သင်တန်းဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် လက်ထောက်ဆရာဝန် ဒေါက်တာဖြိုးဂျန်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိဟေမာကျော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများအား အသင်းဝတ်စုံတစ်စုံစီနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့သို့ အလှူငွေများ လှူဒါန်းခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းနည်းပြများအဖြစ် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ခေါင်းဆောင် ဦးခင်မောင်တင်နှင့် တပ်ဖွဲ့ဝင်လေးဦးတို့က ရှေးဦးပြုစုခြင်း၊ အသက်ရှူအားကူနည်း၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာဆန်းစစ်ခြင်း၊ ငှက်ဖျားရောဂါများအကြောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ၊ သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာနှင့် ရောဂါကာကွယ်ရန် နည်းလမ်းများ၊ သုံးထောင့်ပတ်တီးစည်းနည်းများကို နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ လေးရက်သရုပ်ပြသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

# ကျပ်သိန်းတစ်သောင်း ထီဆုငွေ ထီဖွင့်ပြီးနောက်တစ်ရက်တွင် ချက်ချင်းထုတ်ပေး

**ရန်ကုန် ဇွန် ၃**

ဇွန် ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် အမြင့်ဆုံးဆုငွေ ကျပ်သိန်းတစ်သောင်းဆုကို ရှမ်းပြည်နယ် ပင်လုံမြို့မှ ကံထူးရှင်က ဆွတ်ခူးခဲ့ရာ ထီဖွင့်ပွဲအပြီး နောက်တစ်ရက်တွင် ထီဆုငွေအား ချက်ချင်းထုတ်ပေးခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"ဒီနေ့ ထီဖွင့်ပြီး နောက်နေ့မှာ သိန်းတစ်သောင်းဆုကို ချက်ချင်း ချီးမြှင့်တာ ဖြစ်ပါတယ်။ ကံထူးရှင်တွေ လာရောက် ထုတ်ယူတာနဲ့ ချက်ချင်း ထုတ်ပေးပါတယ်"ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



သိန်းတစ်သောင်းဆုရှင် မိသားစုသည် ပင်လုံမြို့မှ ဇွန် ၁ ရက်တွင် ညတွင်းချင်း လာရောက်ခဲ့ခြင်းဖြစ်ပြီး ဆုငွေလာရောက် ထုတ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲ စတင်ခဲ့သည်မှစ၍ ထီဆုငွေကို အမြန်ဆုံး ထုတ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ပြီး ရုံးပိတ်ရက်နှင့် မတိုက်ဆိုင်ပါက ထီဖွင့်ပွဲအပြီး နောက်တစ်ရက်တွင် ချက်ချင်း ထုတ်ပေးကြောင်း သိရသည်။

ယခု သိန်းတစ်သောင်းဆုသည် အသက် လေးနှစ်အရွယ် မနန်းထူးသဒ္ဒါအောင်က ရွေးချယ်ပေးခဲ့သော ထီလက်မှတ်မှ ဆွတ်ခူးခဲ့ခြင်းဖြစ်ကာ အောင်ဘာလေထီကို ကံစမ်းလေ့ရှိသော မိသားစုဖြစ်ကြောင်း သိရသည်။

ကျပ်သိန်းတစ်သောင်းဆုကို (၁)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ရခိုင်ပြည်နယ်မှ လည်းကောင်း၊ (၂)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း၊ (၃)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ရှမ်းပြည်နယ်မှ လည်းကောင်း ကံထူးရှင် အသီးသီးတို့က ဆွတ်ခူးခဲ့ကြသည်။

(၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် အထူးဆုကြီးစနစ်၌ ကျပ်သိန်း တစ်သောင်းဆု တစ်ဆု၊ ကျပ်သိန်း ငါးထောင် တစ်ဆု၊ ကျပ်သိန်း တစ်ထောင် တစ်ဆု၊ ဆုတစ်ဆုချင်းစနစ်တွင် ကျပ်သိန်းတစ်ရာဆု ၃၇ ဆု၊ ကျပ်သိန်းငါးဆယ်ဆု ၃၉ ဆု၊ ကျပ်ဆယ်သိန်းဆု ၄၁ ဆု၊ ဝေဝေဆာဆာ ပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်းဆု ၁၀၀၀ ဆု၊ ကျပ်တစ်သိန်းဆု ၂၉၀၀၀ ဆု၊ ကျပ်ငါးသောင်းဆု ၇၀၀၀၀ ဆု စုစုပေါင်း ဆုမဲအရေအတွက် ၁၀၀၂၂၀ ဆု ချီးမြှင့်ခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**(ဝဝ၁)**



**ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်း၏ လမ်းညွှန်မှုဖြင့် မြို့ရေစီးရေလာကောင်းမွန်စေရန် မိုးကောင်းမြို့အတွင်း ရေနုတ်မြောင်းတူးဖော်ခြင်းများ ပြုလုပ်လျက်ရှိရာ မေ ၂ ရက် နံနက်က မြို့နယ်စည်ပင်သာယာအဖွဲ့မှ ဦးဆောင်ကာ ပြည်ထောင်စုကားလမ်းမကြီးဘေး ရေမြောင်းအား စက်ယန္တရားများဖြင့် တူးဖော်နေစဥ်။**

ဝင်းနိုင်(ကချင်မြေ)

# ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက တာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ဆောင်

**ရန်ကုန် ဇွန် ၃**

ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ (Business for Peace)ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ကျင်းပခဲ့ပြီး မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ငြိမ်းချမ်းရေးအတွက် ကူညီထောက်ပံ့မည့်လုပ်ငန်းစဉ် Business for Peace (B4P) ကို ပညာရေးကဏ္ဍက ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက ပြောကြားသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် စီးပွားရေးဆိုင်ရာ ကျင့်ဝတ်ပိုင်းနှင့် လူမှုရေးတာဝန်များကို ထည့်သွင်းသင်ကြားစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး “အမြတ်တစ်ခုတည်းရဖို့မဟုတ်ဘဲနဲ့ ကျင့်ဝတ်ရှိရှိနဲ့ ဒေသတစ်ခု၊ တိုင်းပြည်တစ်ခုအတွက် အထောက်အကူပြုနိုင်မယ့် နည်းလမ်းတွေကိုသင်မယ်”ဟု ဒေါက်တာခင်နိုင်ဦးက ပြောသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်တို့က အမှာစကားပြောကြားသည်။

ဒေါက်တာ တင်မျိုးဝင်းက “ကျွန်တော်မေတ္တာရပ်ခံချင်တာက အားလုံးအတွက်စေတနာ၊ တိုင်းပြည်အတွက်စေတနာ၊ လူထုအတွက်စေတနာထားပါ။ တစ်ဖက်ကလည်း ငြိမ်းချမ်းရေးလုပ်ကြမယ်။ တစ်ဖက်ကလည်း တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်မယ်။ နှစ်ခုပေါင်းလိုက်ရင် Business for Peace ဖြစ်မယ်။ Business for Peace ဆိုတာ စေတနာကွာသွားပြီ။ ငါ့မိသားစုတစ်ခုတည်း၊ ငါ့အသိုင်းအဝိုင်း တစ်ခုတည်းအတွက် မဟုတ်ဘူး။ တိုင်းပြည်အတွက်ဆိုတာ မီးမောင်းထိုးပြနိုင်ရမယ်။ IDPs တွေထဲမှာ နေ့စဉ်စားသောက်ဖို့၊ သူတို့ရဲ့ ဘဝလုံခြုံဖို့၊ ကျောင်းတက်ဖို့၊ ကျန်းမာရေးဂရုစိုက်ဖို့၊ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း မှီခိုဖို့၊ သက်မွေးသင်တန်းကျောင်း (Vocational Training School) တွေဖွင့်ဖို့ ဒါဆိုရင် တကယ်လိုအပ်တဲ့သူကို တကယ်ပေးသလို ဖြစ်သွားမယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို သွားရောက်၍ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ (Business for Peace) ဆွေးနွေးပွဲများကို လိုက်လံ ကျင်းပခြင်း၊ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ကြရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် ညီနောင်အသင်း၊ ကုန်သည်စက်မှုအသင်းများက ဦးဆောင်မှုပြုပေးရေးအတွက် UN Global Compact Network Myanmar နှင့် ကတိကဝတ်ပြုစာချွန်လွှာများ ရေးထိုးနိုင်အောင်လည်း စည်းရုံးဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

UMFCCI ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က တိုင်းဒေသကြီးနှင့်ပြည်နယ် နယ်စွန်နယ်ဖျားဒေသများမှာ နေထိုင်ကြသည့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမလူငယ်များ အသိပညာများ တိုးပွားစေရေး၊ ကျွမ်းကျင်မှုအတတ်ပညာများ တတ်မြောက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးစေရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိစေရေးတို့ကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ယင်းသို့ဆောင်ရွက်နိုင်ပါက စီးပွားရေးဝန်းကျင်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ပြီး လူမှုစီးပွားရေးတွေလည်း တိုးတက်မှုများ ရှိလာမည်ဖြစ်သည့်အပြင် ငြိမ်းချမ်းရေးအသီးအပွင့်များကို သားစဉ်မြေးဆက်တိုင်အောင် ရရှိခံစားကြရဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် “တာဝန်ယူမှုရှိသော လုပ်ငန်းခွင်တစ်ရပ်ဖော်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းမှုကို တည်ဆောက်ခြင်း”ခေါင်းစဉ်ဖြင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ “ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းမှာ IT က ဘယ်လောက်အထိ ပါဝင်ပံ့ပိုးပေးနိုင်သလဲ”ခေါင်းစဉ်ဖြင့် Myanmar Information Technology Private limited ၏ CEO ဒေါက်တာထွန်းသူရသက်၊ “ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ”ခေါင်းစဉ်ဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့က ဆွေးနွေးဟောပြောသည်။

ဒေါ်ခိုင်ခိုင်နွယ်က “ကမ္ဘာပေါ်မှာကြည့်ရင် ငြိမ်းချမ်းရေးကို ပျက်သွားစေတဲ့အကြောင်းထဲမှာ အဓိက စီးပွားရေးလုပ်ငန်းတွေကြောင့်လည်း ပါပါတယ်။ ယုံကြည်မှု အစွန်းတစ်ဖက်ရောက်သွားတာမျိုး၊ စီးပွားရေးလိုချင်မှု အစွန်းရောက်သွားတာမျိုးမှာ ပဋိပက္ခကို ဖြစ်စေတဲ့အတွက် တာဝန်ယူမှုရှိတဲ့ စီးပွားရေးလုပ်ငန်းများ၊ ရေရှည်တည်တံ့မယ့် စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ဖို့အရေးကြီးပါတယ်။ အလုပ်အကိုင်မရှိသူတွေကို အလုပ်အကိုင်ပေးနိုင်ဖို့ သက်မွေးသင်တန်းကျောင်း (Vocational Training School) တွေ ဖွင့်ပေးရပါမယ်။ နောက်လုပ်ငန်းခွင်ထဲရောက်နေတဲ့ သန်းပေါင်းများစွာသော သူတွေကို ဒါထက်ပိုတန်ဖိုးတက်အောင် ဘာလုပ်ပေးနိုင်သလဲ။ ကျွမ်းကျင်မှုသင်တန်းတွေပေးခြင်းအားဖြင့် လူသားအရင်းအမြစ်ကို တည်ဆောက်နိုင်ပါတယ်။ ဒါဆိုတစ်ဦးချင်းတန်ဖိုးတက်လာပါလိမ့်မယ်။ ဒါကြောင့် လုပ်နိုင်တဲ့ အခြေခံအကြောင်းကစရအောင်”ဟု ယင်း၏ဆွေးနွေးမှုတွင် ထည့်သွင်းဆွေးနွေးသည်။

ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ Business for Peace (B4P) လုပ်ကိုင်ရာတွင် ကုလသမဂ္ဂ၏ တာဝန်ကျေသော လုပ်ငန်းများဆိုင်ရာ ကွန်ရက်ဖြစ်သည့် UN Global Compact ၏ အခြေခံမူ ၁၀ ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ အခြေခံမူ ၁၀ ချက်မှာ လူ့အခွင့်အရေးခေါင်းစဉ်အောက်တွင် လိုက်နာရမည့် အခြေခံမူနှစ်ချက်၊ အလုပ်သမားအခွင့်အရေး ခေါင်းစဉ်အောက်တွင် လိုက်နာရမည့် အခြေခံမူလေးချက်၊ သဘာဝပတ်ဝန်းကျင် ခေါင်းစဉ်အောက်တွင် လိုက်နာရမည့် အခြေခံမူသုံးချက်၊ အဂတိလိုက်စားမှု ပပျောက်ရေးတွင် လိုက်နာရမည့် အခြေခံမူတစ်ချက်တို့ ပါဝင်သည်။

ဒေါက်တာအောင်ထွန်းသက်က “ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ (Business for Peace) လို့ ပြောရင် ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ အပစ်အခတ်ရပ်စဲရေးရှိတဲ့ နယ်စပ်ဒေသတွေမွန်၊ ကရင်၊ တနင်္သာရီမှာစီးပွားရေးသွားလုပ်ဖို့ ပြောတာမဟုတ်ဘူး။ အဲဒီမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွဲဖက်ပြီး တာဝန်ကျေတဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ ပြောတာ။ အဲဒီလိုလုပ်ပေးနိုင်ရင် ပြည်သူတွေအတွက်၊ ငြိမ်းချမ်းရေးကို မျှော်လင့်နေတဲ့သူတွေအတွက် အကျိုးရှိမယ်။ နိုင်ငံတော်အစိုးရကလက်ခံထားတာက ငြိမ်းချမ်းရေးမရှိလို့ မဖွံ့ဖြိုးခဲ့ဘူး။ ဖွံ့ဖြိုးမှုရအောင် ငြိမ်းချမ်းရေးလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာ။ အဲဒီလို ငြိမ်းချမ်းရေးလုပ်နေတဲ့အခါမှာ စီးပွားရေးကိုလည်း ရတဲ့နည်းနဲ့ ဖန်တီးကြည့်မယ်။ Business for Peace က ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို အထောက်အကူဖြစ်စေတဲ့ ဖွံ့ဖြိုးမှုရအောင်၊ ဖွံ့ဖြိုးမှုလို့ပြောရင် တရားမျှတတဲ့ ဖွံ့ဖြိုးမှု၊ အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးမှုဖြစ်အောင် ဖန်တီးတဲ့ သဘောပါ။ ငြိမ်းချမ်းရေးကိုရအောင် ကြိုးစားတဲ့အခါမှာ ဘက်စုံဖွံ့ဖြိုးမှုကို အာရုံစိုက်တဲ့ သဘောပဲ”ဟု ပြောသည်။

ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားဘဝ တည်ငြိမ်မှုကို တာဝန်ကျေသောစီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဖော်ဆောင်နိုင်ရန်၊ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ "Business for Peace (B4P)" ကို ဒေသခံလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လာစေရေးအတွက် ဇူလိုင်လတွင် တနင်္သာရီတိုင်းဒေသကြီးသို့ သွားရောက်မည်ဖြစ်ပြီး ကချင်ပြည်နယ်နှင့် ကယားပြည်နယ်များသို့လည်း ဆက်လက်သွားရောက်မည်ကြောင်း သိရသည်။ **သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**




---

**❖ ကျောဖုံးမှ**

ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး အဆိုပါသံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ပြီးစီးမှုကြောင့် မြောက်စည်းကျေးရွာနေ အိမ်ခြေ ၃၉၈ လုံး၊ အိမ်ထောင်စု ၄၁၄ စုမှ လူဦးရေ ၁၆၄၇ ဦးတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရေတိုက်စားခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကမ်းပါးပြိုကျခြင်းအန္တရာယ်အား စိုးရိမ်ပူပန်မှုများမရှိတော့ဘဲ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(ချင်းတွင်းသား)**

---

## ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စက်ဘီးစီးနင်းပွဲ ကျင်းပမည်

**မြစ်ကြီးနား ဇွန် ၃**

မြစ်ကြီးနားမြို့တွင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် လူထုအခြေပြု စက်ဘီးစီးနင်းပွဲကို ဇွန် ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြစ်ကြီးနားအခြေစိုက် Northern Green Bike စက်ဘီးကလပ်အသင်း ဥက္ကဋ္ဌ ဦးသောင်းက ပြောသည်။

လူထုအခြေပြု စက်ဘီးစီးနင်းပွဲကို မြစ်ကြီးနားမြို့မှ ဝါရှောင်ကျေးရွာ၊ ငွေရချောင်းအထိ ၁၉ မိုင် စီးနင်းမည်ဖြစ်ကြောင်း၊ ယင်းစက်ဘီးစီးနင်းပွဲတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(မင်းမင်းဦး)**

---

**❂ မြန်မာ့ရိုးရာလက်ဝှေ့မှ**

အကြိတ်အနယ်ရှိလှပြီး ဒုတိယအချီမှာ ဘဝမ်းက ဆန်းထွန်းကို အလဲထိုးအနိုင်ရရှိခဲ့သည်။

ဆက်လက်၍ လေးချီစိန်ခေါ်ပွဲစဉ်နှစ်ပွဲတွင် ပထမပွဲအနေဖြင့် ဒေါင်းသိခ် (ဒေါင်းမြန်မာ)နှင့် မျိုးဇော်ထွန်း(ဇာတိမာန်)တို့ ယှဉ်ပြိုင်ရာ အပြန်အလှန် ညာခြေကန်ချက်၊ ဘယ်ဝိုက်လက်သီးများကောင်းခဲ့သော်လည်း ပူးတွဲသရေဖြစ်ခဲ့သည်။ ဒုတိယပွဲတွင် ချင်းလေး (အဖြူရောင်သွေးသစ်)နှင့် အဂ္ဂ(နဂါးမာန်)တို့ ယှဉ်ပြိုင်ရာ ပထမအချီမှာပင် ချင်းလေး၏ ထိုးချက်၊ ဒူးချက်များဖြင့် အဂ္ဂမှာ ရှုံးခဲ့ရသည်။ လက်ဝှေ့ပြိုင်ပွဲများအနက် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ငါးချီယှဉ်ပြိုင်ထိုးသတ်ပွဲတွင် ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်)နှင့် ဟံသာဝတီသား (အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ရာ ဆလိုင်းချမ်းမြေ့ကိုမှာ ဘယ်ညာကန်ချက်ကောင်းပြီး ဟံသာဝတီသားမှာ ဒူးတိုက်ချက်များ ကောင်းခဲ့သော်လည်း အကြိတ်အနယ်ရှိပြီး အရှုံးအနိုင်မပေါ်သော ပူးတွဲသရေပွဲ ဖြစ်ခဲ့ရသည်။ ယနေ့ကျင်းပသော လက်ဝှေ့ပွဲများကို ဂျပန်နိုင်ငံ Manda အားဖြည့်အစားအစာကုမ္ပဏီမှ ပံ့ပိုးကျင်းပခြင်းဖြစ်ပြီး ပွဲစဉ် (၁၀)ပွဲတွင် လေးပွဲအနိုင်၊ ခြောက်ပွဲသရေနှင့် ပူးတွဲသရေပွဲများခဲ့သော်လည်း လူငယ်များပီပီ ကြံ့ခိုင်မှုစွမ်းရည်၊ လေ့ကျင့်အား၊ သက်လုံပိုင်း၊ လျင်မြန်ဖျက်လတ်မှုနှင့် ယှဉ်ပြိုင်ထိုးသတ်မှုအပိုင်းတို့တွင် အကြိတ်အနယ်ရှိလှသဖြင့် ပရိသတ်များအကြိုက်တွေ့ခဲ့သည့် ပွဲကောင်းများ ဖြစ်ခဲ့သည်။

**သတင်း-အေးမင်းသူ(ကြေးမုံ)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

■




ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)နှင့် ဟံသာဝတီသား(အဖြူရောင်သွေးသစ်)

---

## စာသင်ခန်းသို့ …

❍ မိုးရေဖျန်း၊ လန်းဖြာဝေ
လေချိုသွေး၊ အေးလိုက်တာ
သာပုံဆန်း၊ ပန်းရောင်စုံ
ထုံကြည်ဝင်း၊ သင်းပျံ့ပျံ့။
❍ ချောင်းရေလျှံ၊ ကန်ရေတိုး
မိုးဦးမှာ၊ ရွာခလေ့
မွှေ့ပျော်နေ၊ မေပျိုလေး
တေးချင်းသီ၊ ကြည်ရွှင်မြူး
ကျူးရင့်ကာ၊ ယာတောဆင်း။
❍ မြရည်လိမ်း၊ စိမ်းစိုလွင်
ယဉ်ပေတောင်း၊ ကျောင်းတော်သာ
စာသင်ခန်း၊ ပန်းသဘင်
ဝင်ခိုနား၊ အားသစ်ဝေ
ခြေလှမ်းများ၊ ကြွားဝင့်ဝင့်။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ဆန္ဒဓိပတိသိမ်တော်၊ ရွှေပါရမီဆွမ်းစားဆောင်၊ ရွှေပါရမီဆေးခန်း ရေစက်ချအလှူတော်နှင့် ဆေးခန်းဖွင့်ပွဲကျင်းပ

**မင်းတပ် ဇွန် ၃**

ချင်းပြည်နယ် မင်းတပ်မြို့နယ် တောင်ကုန်းရွာတွင် မေလနောက်ဆုံးပတ်က ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ဆန္ဒဓိပတိသိမ်တော်၊ ရွှေပါရမီဆွမ်းစားဆောင်၊ ရွှေပါရမီဆေးခန်းရေစက်ချအလှူတော်နှင့် ဆေးခန်းဖွင့်ပွဲကျင်းပသည်။

ဖွင့်ပွဲတွင် ဆရာတော်အရှင်ဆန္ဒာဓိက၊ တောင်ကုန်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိစိတ္တ၊ ကျန်းမာရေးဦးစီးဌာန မင်းတပ်ခရိုင်ဦးစီးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆရာတော်အရှင်ဆန္ဒာဓိကထံမှ ငါးပါးသီလခံယူကြပြီး ရေစက်ချအမျှပေးဝေသည်။

အခမ်းအနားသို့ ရွှေပါရမီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ မင်းတပ်ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိန်း၊ မင်းတပ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးချမ်းသာတို့ ဦးဆောင်၍ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ မနာတာအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော တောင်ကုန်း၊ ရမ်ပန်း၊ မနာတာ၊ ခေါက်ထား၊ ပိန်ရိုန်း၊ ပိုင်းတွိ၊ ပီဟူး၊ ရန်ချောင်းတို့မှ ပြည်သူများ တက်ရောက်ကြသည်။

"ဒီလိုဝေးလံခေါင်းပါးတဲ့ အရပ်ဒေသမှာ လှူဒါန်းမှုလာပြုတာဟာ ထေရဝါဒဗုဒ္ဓသာသနာရဲ့ မေတ္တာကရုဏာကို ထွန်းပြောင်စေသလို ဆေးခန်းဆောက်လုပ်လှူဒါန်းတဲ့အတွက်လည်း ပြည်သူလူထု ၂၀၀၀ ကျော်ကို အကျိုးပြုမှာဖြစ်လို့ ရွှေပါရမီဖောင်ဒေးရှင်းကို ပြည်သူလူထုကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု တောင်ကုန်းရွာနေ ဦးဟာရှိန်းကီး(လက်ထောက်မြို့နယ်ပညာရေးမှူး-ငြိမ်း) ကပြောသည်။

**(ခရိုင်ပြန်/ဆက်)**



# တောင်သာမြို့နယ် တဲကြီးကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**တောင်သာ ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာ၌ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ ကျေးရွာလူထုနှင့် အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုဖြင့် ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး၊ တောင်သာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြွယ်ကြွယ်၊ တောင်သာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝိုင်းချစ်အောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လျှပ်စစ်မီးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လျှပ်စစ်မီးရရှိသည့် ကျေးရွာများသည် ဖွံ့ဖြိုးတိုးတက်မှု၏ အဓိက အထောက်အပံ့ဖြစ်ကြောင်းနှင့် ရရှိသည့် လျှပ်စစ်မီးကို အကျိုးရှိစွာ စနစ်တကျအသုံးပြုရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာက ကျေးရွာလျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုများနှင့် လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချမှုဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအုံက ကျေးဇူးတင်စကားပြောကြားသည်။

တဲကြီးကုန်းကျေးရွာတွင် ၁၁ KV ဓာတ်အားလိုင်း ပေ ၁၆၈၀၊ ၄၀၀ ဗို့လိုင်း ပေ ၃၆၀၀ နှင့် တပ်ဆင်ထားသော ထရန်စဖော်မာသည် ၂၀၀ KVA တည်ဆောက်ထားရာ ကျေးရွာရှိ အိမ်ခြေ ၁၂၆ အိမ်ကို လျှပ်စစ်မီးပေးနိုင်မည်ဖြစ်သည်။

"ကျွန်တော်အသက် (၅၀)ကျော်ရှိပါပြီ။ ကျေးရွာက ဆင်းရဲလွန်းတဲ့အတွက် လျှပ်စစ်မီးရရှိဖို့ အိပ်မက်တောင်မမက်ဖူးပါဘူး။ အနီးပတ်ဝန်းကျင်ကျေးရွာတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ခုမှ လျှပ်စစ်မီးရရှိခဲ့တာပါ။ ခေတ်ပြောင်းလာတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးကူညီမှု၊ ကျေးရွာပြည်သူလူထုနဲ့ အလှူရှင်တွေရဲ့ ပါဝင်လှူဒါန်းမှုကြောင့် လျှပ်စစ်မီးရရှိခဲ့တာပါ။ အဖွင့်အမှာစကားမှာ ဝန်ကြီးချုပ်ပြောကြားခဲ့သလို ရွာမှာအရင်က ထမင်းအိုး၊ ဟင်းအိုးတွေကို သဘာဝကထွက်ရှိတဲ့ ထင်းနဲ့ချက်ပြုတ်ရလို့ သဘာဝပတ်ဝန်းကျင်ထိခိုက်ခဲ့ရပါတယ်။ ခုနောက်ပိုင်း နိုင်ငံအနှံ့ သဘာဝဘေးအန္တရာယ်တွေကျရောက်လျက်ရှိပါတယ်။ အခုကျေးရွာမှာ လျှပ်စစ်မီးရရှိပြီဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်သလိုလူလည်းသက်သာပါတယ်။ ဒါကြောင့် အခုလို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့တဲ့ အဘက်ဘက်ကလူကြီးတွေကို ကျေးဇူးတင်ပါတယ်"ဟု ဒေသခံ ဦးလှသောင်က ပြောခဲ့သည်။

**(မြို့နယ်ပြန်/ဆက်)**

၀



# နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၃**

နိုင်ငံတကာရိုးရာလက်ဝှေ့ အကျော်အမော်များ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇွန် ၁၀ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် သက်ငယ်တန်း မျိုးဆက်သစ် လေးချီပွဲနှစ်ပွဲနှင့် အထူးငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲအပါအဝင် တွဲဆိုင်းကိုးဆိုင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မျိုးဆက်သစ်လေးချီစိန်ခေါ်ပွဲ ဝယ်သာဝိတ်တန်းတွင် စည်သူ (T&T သထုံ)နှင့် ရှမ်းလေး(ဘိလပ်မြေစက်ရုံ)၊ မစ်ဒယ်ဝိတ်တန်းတွင် ပိုက်ထွေး( T&T သထုံ)နှင့် ရဲရင့်အောင်(အဖြူရောင်သွေးသစ်)တို့က ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အထူးငါးချီစိန်ခေါ်ပွဲ ဝယ်သာဝိတ်တန်းတွင် စိန်မျိုးအောင်(ဗမာ့သွေး) နှင့် ဖိုးလပြည့်(ရွှေဖူး)၊ ထက်အောင်ဦး(တောင်ကလေး)နှင့် ကျားပေါက်(ရန်စစ်ငြိမ်း)၊ လိုက်မစ်ဒယ်ဝိတ်တန်းတွင် ဖိုးသော်(အဖြူရောင်သွေးသစ်)နှင့် ဖစ်ဇ်ရှိုင်း(ဩစတြေးလျ)၊ သွေးသစ်ဝင်းလှိုင် (Adventure)နှင့် ရွှေရာမာန်(၁၈၈၆ မန္တလေး)၊ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ဘိုစတာ(အမေရိကန်)၊ မစ်ဒယ်ဝိတ်တန်းတွင် တူးတူး(နဂါးမာန်)နှင့် ဂျိမ်းစ်ဘီနယ်လ်(ပြင်သစ်)၊ လိုက်မစ်ဒယ်ဝိတ်တန်းတွင် စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ဆာလာဒိုက်(ပိုလန်)တို့က ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

"ဇွန် ၁၀ ရက်မှာ ကျင်းပမယ့် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို WLC 1 ထက်ပိုပြီး ကောင်းအောင် ကြိုးစားပြင်ဆင်ထားပါတယ်။ သရေမရှိတဲ့ မြန်မာ့ရိုးရာလက်ဝှေ့ အမှတ်ပေးစည်းမျဉ်းအတိုင်း ဆုံးဖြတ်သွားမှာဖြစ်လို့ အလွယ်တကူ အရှုံးမပေးဘဲ ယှဉ်ပြိုင်ကစားနိုင်တဲ့ ပြိုင်ဘက်တွေကို ခက်ခဲစွာနဲ့ ရှာဖွေခဲ့ရပါတယ်။ အခု လာရောက်ထိုးသတ်မယ့် လက်ဝှေ့ကစားသမားတွေက အင်္ဂလန်နိုင်ငံက အများစုဖြစ်ပါတယ်"ဟု လက်ဝှေ့ပွဲစီစဉ်သူ ကိုဇေသီဟ(မြန်မာလက်ခမောင်းကုမ္ပဏီ)က မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

World Lethwei Championship (WLC-2) ပြိုင်ပွဲကို မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည်ဖြစ်ကာ SkyNet ရုပ်သံ Sport-4 မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ကြိုတင်လက်မှတ်များကို မြရိပ်ညိုဟိုတယ်၌ ဝယ်ယူနိုင်ကြောင်း သိရသည်။

**(အောင်ကျော်ဦး)**

# ရေဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် တာတမံထိန်းသိမ်းနည်းသရုပ်ပြပွဲ ကျင်းပ

**ငါးသိုင်းချောင်း ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစီအစဉ်ဖြင့် ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာ ဗောဓိရေကင်းစခန်း အမှတ် (၂)တာမိုင် ၄၆ တွင် ဇွန် ၃ ရက် နံနက်ပိုင်းက ရေဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် ရေကာတာထိန်းသိမ်းနည်း လက်တွေ့သရုပ်ပြပွဲကျင်းပခဲ့ရာ ရေကြည်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်း၊ ငါးသိုင်းချောင်းမြို့ အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ငဝန်ရေကာတာတစ်လျှောက်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲ၌ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော်က ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းဟောပြောပြီး သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့်အတူ ရေကာတာရေယိုစိမ့်ပေါက်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် ရေခွေကတုတ်ရိုက်ထိန်းသိမ်းနည်းနှင့် မြစ်ရေနှင့်မိုးရေဒဏ်ကြောင့် ဖြစ်ပေါ်လာသော တာအိတာလျှောထိန်းသိမ်းနည်းများကို လက်တွေ့သရုပ်ပြရှင်းလင်းခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ရေကြည်မြို့နယ်အတွင်းရှိ ငဝန်ရေကာတာ တာမိုင် ၂၂ မိုင်တစ်လျှောက် ၂၀၁၆ ခုနှစ် မိုးရာသီငဝန်မြစ်ရေကြီးမြင့်နေစဉ်ကာလအတွင်း ရေကာတာ ရေယိုစိမ့်ပေါက်ပေါင်း ၄၅ ပေါက်ဖြစ်ပေါ်ခဲ့ပြီး အချိန်မီ ဝိုင်းဝန်းစုပေါင်းပြုပြင်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး ဆက်လက်၍လည်း ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ပေးသွားကြရန် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော်က တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# Southern အသင်း အိမ်ကွင်း၌ ရှုံးနိမ့်

**ရန်ကုန် ဇွန် ၃**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) နောက်ဆုံးပွဲအဖြစ် Southern နှင့် ရခိုင်အသင်းတို့ ယနေ့ညနေပိုင်းက မော်လမြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ရခိုင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယအကျော့တွင် အပြောင်းအလဲများစွာ ပြုလုပ်ထားသည့် Southern အသင်းသည် အိမ်ကွင်းပွဲများ ဆက်တိုက်ကစားနေရသော်လည်း ရန်ကုန်အသင်းကို သရေကျပြီးနောက်ပိုင်း နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ရခိုင်အသင်းသည် အဝေးကွင်း၌ နောက်ကျဂိုးများဖြင့် အနိုင်ရပြီး သုံးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။

ပွဲစဉ် (၁၆) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၃၈ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၃၇ မှတ်၊ ရန်ကုန်အသင်းက ၃၆ မှတ်၊ ဧရာဝတီနှင့် ရခိုင်အသင်းတို့က ၂၆ မှတ်စီ၊ မကွေးအသင်းက ၂၃ မှတ်၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ Southern အသင်းက ၁၅ မှတ်၊ ဇွဲကပင်အသင်းက ၁၄ မှတ်၊ နေပြည်တော်အသင်းက ၁၂ မှတ်၊ GFA နှင့် ချင်းယူနိုက်တက်အသင်းတို့က ၁၀ မှတ်စီ ရရှိထားသည်။

MNL အမှတ်ပေးပြိုင်ပွဲကို မြန်မာ ယူ-၂၂ အသင်း၏ ဆီးဂိမ်းပြိုင်ပွဲကြောင့် သုံးလကျော်ကြာ ရပ်နားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန် အကြိုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၃**

မြန်မာနိုင်ငံ၏ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း ပြန်လည်သုံးသပ်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြသူများ၏ အရည်အသွေး ပိုမိုတိုးတက်လာ စေရန် ရည်ရွယ်ကျင်းပသည့် ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင် မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန် အကြိုအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ The Hotel Royal ACE ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်း(ဝဲပုံ)က မြန်မာနိုင်ငံ ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (UNCAC) ပြဋ္ဌာန်း ချက်များအပေါ် အကောင်အထည်ဖော်ဆောင်မှု ပြန်လည် သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်းအတွက် ကိုယ်တိုင် အကဲဖြတ်ဆန်းစစ်ချက် (SAC) ပြုစုခြင်းကို ဇူလိုင်လတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအကောင်အထည် ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်ကို အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအဖြစ် အခြားနိုင်ငံများနည်းတူ ဆောင်ရွက် လျက်ရှိကြောင်း၊ ကွန်ဗင်းရှင်းအကောင်အထည်ဖော် ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ပထမစက်ဝန်း ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင် ခဲ့ပြီး ဒုတိယစက်ဝန်းကိုလည်း ဆက်လက်အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမစက်ဝန်းကဲ့သို့ ဒုတိယစက်ဝန်းကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ပြောကြား သည်။

ထို့နောက် United Nations Office on Drugs and Crime (UNODC) မှ Ms. Susanne Dahl နှင့် Mr.Francesco Checchi တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် UNCAC ကို ပြန်လည်သုံးသပ်ခြင်း ခေါင်းစဉ်ဖြင့် လုပ်ငန်းစဉ်များကို ခြုံငုံသုံးသပ်ခြင်း၊ ကိုယ်တိုင်အကဲဖြတ်ဆန်းစစ်ခြင်းနှင့် နိုင်ငံသုံးသပ်ချက် အစီရင်ခံစာ စသည့်ကဏ္ဍများကို ဆွေးနွေးကြသည်။

ထို့နောက် UNODC မှ တာဝန်ရှိသူများက ပြန်လည် သုံးသပ်ရေးလုပ်ငန်းစဉ် ပထမစက်ဝန်း အတွေ့အကြုံများ နှင့် သုံးသပ်ခံနိုင်ငံအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကို ရှင်းလင်းတင်ပြကြပြီး ကိုယ်တိုင်အကဲဖြတ်ဆန်းစစ် ချက် အခန်း(၂) ပြုစုနိုင်ရန်အတွက် လက်တွေ့လေ့ကျင့် ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင် အထည်ဖော်ဆောင်ခြင်း သုံးသပ်မှုလုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများက ပထမစက်ဝန်း (၂၀၁၀-၂၀၁၅)အဖြစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (UNCAC) ပြဋ္ဌာန်း ချက်ပါ အခန်း(၃) ပြစ်မှုအဖြစ် သတ်မှတ်ခြင်းနှင့် ဥပဒေ အာဏာသက်ရောက်ခြင်း၊ အခန်း (၄) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို သုံးသပ်ဆောင်ရွက်ပြီး ဒုတိယစက်ဝန်း (၂၀၁၆-၂၀၂၀)အဖြစ် အခန်း(၂) တားဆီး ကာကွယ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များနှင့် အခန်း(၅) ပိုင်ဆိုင်မှုများအား ပြန်လည်ရယူခြင်းတို့ကို သုံးသပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု ပြန်လည် သုံးသပ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နိုင်ရန် အကြိုအလုပ်ရုံ ဆွေးနွေးပွဲကို ဇွန် ၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်း နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များ အခမဲ့ဖြန့်ဖြူးပေး

**မန်တုံ ဇွန် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်း နှစ်ချင်းမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များ အခမဲ့ဖြန့်ဖြူးပေးအပ်ပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအယိုင်စဉ်က ယခုလို မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုပပျောက်အောင် အဓိကကူညီဆောင် ရွက်ပေးနေသည့် စိုက်ပျိုးရေးနည်းပညာနှင့် လိုအပ်သည့် ဘိန်းအစားထိုးသီးနှံအဖြစ် နှစ်ရှည်မျိုးစေ့များနှင့် စီးပွားဖြစ် စိုက်ပျိုးသီးနှံများကို အခမဲ့ဖြန့်ဝေပေးနေသော စိုက်ပျိုးရေးဦးစီးဌာနကို မိမိတို့ဒေသအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ဒေသခံတောင်သူများ ကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လေလွင့်ဆုံးရှုံးမှုမရှိအောင် ပါဝင်ကူညီ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ် ရေးမှူး ဦးမင်းမောင်မောင်က စိုက်ပျိုးရေးဦးစီးဌာန၏ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ပါဝင်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇေယျာမင်းမင်းအောင်က မန်တုံမြို့နယ်တွင် မူးယစ် ဆေးဝါး ပပျောက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာ နှစ်မှစတင်ပြီး စီမံကိန်းများချမှတ်ကာ ဘိန်းအစားထိုး သီးနှံ စိုက်ပျိုးနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဘိန်းစိုက်ပျိုးခဲ့သည့်ဒေသရှိ တောင်သူများ လူနေမှုဘဝ မြင့်မားတိုးတက်လာစေရန် အတွက် လိုအပ်သည့်မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာများ၊ ပံ့ပိုးပစ္စည်းများ၊ နည်းပညာများကို ကူညီဆောင်ရွက်ပေး ခြင်းဖြစ်ကြောင်းနှင့် မန်တုံမြို့နယ်အတွင်း ယခုနှစ်တွင် ဒေသနှင့်ကိုက်ညီစေသည့် စပါးမျိုးစေ့ ဧက ၁၀၀၊ အစေ့ထုတ်ပြောင်း ၂၅ ဧက၊ နှစ်ရှည်ပျိုးပင် ငါးဧကကို အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ အခမဲ့ဖြန့်ဝေပေးသည့် သစ်ကြားပျိုးပင် တစ်ဧက၊ လက်ဖက် လေးဧက၊ စပါးမျိုး ဧက ၁၀၀၊ အစေ့ထုတ်ပြောင်း ၂၅ ဧကအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၈၅၀ ကျော် မီးလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့

**မြစ်ကြီးနား ဇွန် ၃**

ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၊ ကျေးရွာများ ကျေးလက်မီးလင်းရေးကို နိုင်ငံတော်က အရှိန်အဟုန်ဖြင့်ဆောင်ရွက် ပေးခဲ့ရာ ၂၀၁၇-၂၀၁၈ မေလအထိ ကျေးရွာပေါင်း ၈၅၂ ရွာကို မီးလင်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ကချင် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့် က ပြောသည်။

မြစ်ကြီးနားမြို့ ရောရပ်ကွက် ကချင် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁ ရက်က ကျေးလက်ဒေသအခြေခံ လျှပ်စစ်ကျွမ်းကျင်မှု ရွေ့လျားသင်တန်း အမှတ်စဉ် (၁/၂၀၁၇)သင်တန်းဆင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

"ကချင်ပြည်နယ်အတွင်း ကျန်ရှိနေ သေးတဲ့ ကျေးရွာ ၄၈ ရွာကိုလည်း မီးလင်းရေးအတွက် စီစဉ်ဆောင်ရွက်ထား ပြီးဖြစ်ပါတယ်။ လျှပ်စစ်ရရှိခဲ့ရင် လျှပ်စစ် ကျွမ်းကျင်မှုပညာရပ်အများအပြား လိုအပ် လာမှာဖြစ်တဲ့အတွက် အခုလို သင်တန်းမျိုး ဖွင့်လှစ်ပေးတာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါသင်တန်းကို ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ရွှေက ဦးစီးပြီးနည်းပြ အဖွဲ့ဝင်များဖြင့် မေ ၈ ရက်မှ ဇွန် ၁ ရက် အထိ သင်တန်းသား သင်တန်းသူ ၁၀၀ အား လျှပ်စစ်အခြေခံ သဘောတရားများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များကို စာတွေ့ လက်တွေ့ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းကို ကျေးလက်နေပြည်သူများ အခြေခံလျှပ်စစ်ကျွမ်းကျင်မှု တတ်မြောက် ရန်နှင့် လျှပ်စစ်အခြေခံ ဗဟုသုတတိုးပွား လာစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ရခြင်းဖြစ် ကြောင်း သိရသည်။

ယင်းသင်တန်းများကို ကချင်ပြည်နယ် အတွင်းမှ(၁/၂၀၁၆) မြို့နယ် ၁၁ မြို့နယ် တွင် သင်တန်းသား သင်တန်းသူ ၇၄ ဦး၊ (၂/၂၀၁၆)တွင် မြို့နယ်၁၄ ခု၌ ၉၀၊ ယခုဖွင့်လှစ်သောသင်တန်းသည် မြို့နယ် ၁၉ ခုတွင် သင်တန်းသား သင်တန်းသူ ၁၀၀ တို့ကို ထပ်မံဖွင့်လှစ်သင်ကြားပေးနိုင် ခဲ့ကြောင်း သိရသည်။ **(မင်းမင်းဦး)**



# ရွှေဘိုဒေသ၌ ဆန်စပါးဈေးကွက်အေးနေ၍ နွေစပါးဈေးနည်းပါးမည်ကို လယ်သမားများစိုးရိမ်

**ရွှေဘို ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် နွေစပါးများ စိုက်ပျိုးထားလျက် ရှိရာ မိုးရာမှန်တိုင်းကြောင့် အောင်မြင်ဖြစ်ထွန်းနေသော်လည်း ဆန်စပါး ဈေးကွက်အေးနေ၍ မကြာမီရိတ်သိမ်းတော့မည့် နွေစပါးဈေးနည်းပါးမည် ကို စိုးရိမ်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါရွှေဘိုဒေသတွင် ယခုနှစ်နွေရာသီ၌ နွေစပါးနှင့် အခြားသီးနှံ များ ဧကပေါင်း သုံးသိန်းခွဲခန့် စိုက်ပျိုးထားလျက်ရှိရာ မိုးရာမှန်တိုင်း ကျရောက်၍ မိုးရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိဘဲ စပါးခင်းများ အောင်မြင်ဖြစ်ထွန်းနေကြသည်။

ရွှေဘိုဆန်စပါးဈေးကွက်တွင် မေလ တတိယအပတ်အထိ ရွှေဘို ပေါ်ဆန်းမွှေးစပါး တင်း ၁၀၀ လျှင် ငွေကျပ် တစ်ဆယ့်နှစ်သိန်းကျော်၊ ရွှေဘိုပေါ်ဆန်းမွှေးဆန်သစ် တစ်ပိုင်းလျှင် ငွေကျပ် လေးသောင်းဝန်းကျင် ဖြင့် ပစ္စည်းအရည်အသွေးအလိုက် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ သို့သော် လည်း မေလ စတုတ္ထအပတ်မှ ယနေ့အချိန်အထိ ဆန်အိတ်တစ်ပိုင်း ငွေကျပ် ၁၀၀၀ ခန့် လျော့နည်းလာမှုကြောင့် ဆန်စပါးဈေးကွက်အေးနေကြောင်း သိရသည်။

ထို့အတူ ဘုရင့်နောင်ကုန်စည်ဒိုင်၌ မေ ၂၄ ရက်မတိုင်မီက ရွှေဘို ပေါ်ဆန်းဆန်အသစ် တစ်အိတ် လက်ကားဈေးနှုန်း ကျပ် ၄၅၀၀၀ ရှိခဲ့ရာမှ အဆိုပါ ၂၄ ရက်မှ မေလကုန်အထိ တစ်ပတ်အကြာ ကျပ် ၄၄၀၀၀ အထိ လျော့နည်းခဲ့၍ ငွေကျပ် ၁၀၀၀ ဈေးနှုန်းကျဆင်းလာကြောင်း ကုန်စည်ဈေးကွက်များမှ သိရသည်။

"ရွှေဘိုပေါ်ဆန်း ဆန်စပါးဈေးကွက်အေးနေပါတယ်။ ဆန်တစ်ပိုင်း ငွေကျပ် ၁၀၀၀ လောက် ဈေးကျဆင်းသွားတော့ ဆန်စပါး အရောင်း အဝယ်နည်းပါးသွားတယ်။ ဒါကြောင့် မကြာမီ ရိတ်သိမ်းတော့မယ့် နွေစပါးတွေလည်း ဈေးနှုန်းနည်းပါးမှာကို ကျွန်တော်တို့ လယ်သမား တွေ စိုးရိမ်စိတ်တွေဝင်နေကြပါတယ်"ဟု ရွှေဘိုမြို့နယ် ကျားရွာမှ လယ်သမား ဦးဖိုးပြားက ပြောသည်။ **(ရောင်နီတင်ဝင်း)**



# သိန်းပေါင်းတစ်သောင်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**အင်းတော် ဇွန် ၃**



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် သိန်းပေါင်းတစ်သောင်းကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် ညနေ ၅ နာရီခွဲက နဘားရဲကင်းစခန်းမှူးရဲအုပ်ခင်ဇော်ထိုက်၊ အင်းတော်မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်အောင်နှင့် ကသာမူးယစ်တပ်ဖွဲ့စု (၆)မှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အင်းတော်မြို့နယ် ပင့်တင်ကျေးရွာ အနောက်ဘက်ရေကျော်အနီးတွင် မန္တလေးဘက်မှ မောင်းနှင်လာသော Surf အဖြူရောင်ယာဉ် 9H-----ကို တားဆီးစစ်ဆေးရာ ရပ်မပေးဘဲထွက်ပြေး မောင်းနှင်သွားသဖြင့် လိုက်လံဖမ်းဆီးရာ ပင်ဝယ်ကျေးရွာ တောင်ဘက် ၃ မိုင် ၄ ဖာလုံအရောက်တွင် လမ်းဘေးထိုးကျတိမ်းမှောက်နေသည်ကို တွေ့ရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း စိုးမြင့်ထွန်းအောင်(၂၄)နှစ် ညောင်ပင်ကျေးရွာ မိုးညှင်းမြို့နယ်နေသူအား ဖမ်းဆီးရမိကာ အတူပါသူနှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ဆက်လက်၍ မော်တော်ယာဉ်အားရှာဖွေရာ ယာဉ်၏တံခါးပိတ်များနှင့် ဆီတိုင်ကီအတွင်းမှ စာတန်းပါရောင်စုံ ဆပ်ပြာခွက်များအတွင်း ပလတ်စတစ်အကြည်ဖြင့် ထုပ်ထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူ လိမ္မော်ရောင်အမှုန့် ၁၁ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၂၁၉ ခွက် (အလေးချိန် ၂၄၀၉ ဂရမ်) (စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၄၀၉၀၀၀၀၀) နှင့် အပြာရောင် ကမ္ဘာလုံးတံဆိပ်နှင့် 88 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား တစ်ထုပ်လျှင် ၁၉၅ ပြားစီပါ ၁၀၀၀ ထုပ် (စုစုပေါင်း ၁၉၅၀၀၀ ပြား) (ကာလတန်ဖိုးငွေကျပ် ၉၇၅၀၀၀၀၀၀) အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများအား အင်းတော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်လင်း(အင်းတော်)**

# မိမိဝမ်းဗိုက်အား ခဲတံချွန်ဓားဖြင့် လှီးဖြတ်ခဲ့သူကို အရေးယူ

**ပဲခူး ဇွန် ၃**

ပဲခူးမြို့ အမှတ်(၃)နယ်မြေ ရဲစခန်းအပိုင် ဥဿာမြို့သစ် ရပ်ကွက်ကြီး(၉) မွန်စုကျေးရွာ Myan Star အထည်ချုပ်စက်ရုံအနီး၌ ဇွန် ၂ ရက် နံနက်ပိုင်းတွင် အမျိုးသားတစ်ဦး ဓားဒဏ်ရာများဖြင့် လဲကျနေကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်းက အမှတ်(၃)နယ်မြေရဲစခန်းသို့ အကြောင်းကြားရာ တာဝန်မှူး ရဲအုပ်နိုင်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မောင်ပုချို(၃၀)နှစ် ထန်းတောကြီးလမ်း ဇိုင်းမြောက်ရပ်ကွက် ပဲခူးမြို့နေသူသည် အရက်သေစာသောက်စားမူးယစ်ပြီး မိမိဝမ်းဗိုက်အား အရိုးအသွား နှစ်လက်မခန့်ရှိ ခဲတံချွန်ခေါက်ဓားဖြင့် လှီးဖြတ်ပြီး လဲကျနေခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ပဲခူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အမှတ်(၃)နယ်မြေစခန်းက မောင်ပုချိုအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဇော်ရှင်း(ကမ္ဘောဇသာဒီ)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၃၀၊ သွင်းကုန် ၅၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်လျက်ရှိရာ ဇွန် ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၂ ရက်တွင် မြဝတီမှရန်ကုန်သို့သွားရောက်မည့် Toyota Probox တစ်စီး၊ Toyota Alphard တစ်စီး၊ Nissan Note တစ်စီး၊ Honda Fit တစ်စီး၊ Honda Odyssey သုံးစီး၊ Subaru R2 တစ်စီး၊ Diahatsu Hijet တစ်စီး၊ Toyota Hiace တစ်စီးနှင့် Toyota Wish တစ်စီးတို့ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ် ၁၁ စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၆ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖြူးမြို့တွင်ယာဉ်တိုက်မှုဖြစ်ပွား၊ လူတစ်ဦးသေဆုံး

**ဖြူး ဇွန် ၃**



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့တွင် ဇွန် ၃ ရက်နံနက် ၅ နာရီခွဲခန့်က ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်(၁၄၂/၃)နှင့် (၁၄၂/၄)ကြား ဇေယျဝတီမြို့မှ ဖြူးမြို့သို့ သန့်ဇင်ဦး(၃၆)နှစ် ကျိုက်စကောရွာ ဒိုက်ဦးမြို့နယ်နေသူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်သည် ဖြူးချောင်းတံတားအရှေ့ဘက်လမ်းဘေး၌ ရပ်ထားသော ခြောက်ဘီးယာဉ်နှင့် 6J/---- HINO ယာဉ်တို့အား ဝင်ရောက်တိုက်မိခဲ့ရာ ၁၂ ဘီးယာဉ်အကူ သက်ထွန်းဇော်(၂၈)နှစ်မှာ သေဆုံးသွားပြီး ခြောက်ဘီးယာဉ်နောက်လိုက်မှာ ဒဏ်ရာများရရှိကာ ဆေးရုံသို့တင်ပို့ခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်သုံးစီးမှာ ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁၅၀ ခန့် ပျက်စီးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြူးမြို့မရဲစခန်းက အမှုဖွင့်ထားပြီး ထွက်ပြေးသွားသော ယာဉ်မောင်း သန့်ဇင်ဦးအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ပဲနွယ်ကုန်းမြို့၌ လူတစ်ဦးရထားတိုက်မိ၍ သေဆုံး

**ပဲနွယ်ကုန်း ဇွန် ၃။** ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းအပိုင်တွင် ဇွန် ၂ ရက် ည ၁၀ နာရီခန့်က မီးရထားမိုင်တိုင်အမှတ်(၁၁၃/၂၁)နှင့် (၁၁၃/၂၂) ကြား၌ လူတစ်ဦးသေဆုံးနေကြောင်းသတင်းအရ နယ်မြေရဲစခန်းမှ ရဲအုပ်အောင်ဆန်းထူးသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ရန်နိုင်အောင်(၃၀)နှစ် ကမ္ဘောဇရပ်ကွက်နေသူဖြစ်ပြီး ရန်ကုန်-မန္တလေး အမှတ်(၃) အဆန်အမြန်ရထားသည် ရထားလမ်းဘေးတွင် လမ်းလျှောက်နေသော ရန်နိုင်အောင်အား တိုက်မိခဲ့ပြီး အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် ပဲနွယ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# အရှိန်လွန်မော်တော်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်

**ကျောင်းကုန်း ဇွန် ၃။** ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကွင်းကြီးကျေးရွာအနီး၌ ဇွန် ၃ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်-ပုသိမ်ကားလမ်းမိုင်တိုင်(၆၄/၅)နှင့် (၆၄/၆)ကြား ရန်ကုန်မှပုသိမ်သို့ နိုင်မျိုးကို(၂၇)နှစ် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေသူမောင်းနှင်သည့် 2N/----- ဟိုက်ဂျက်မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲလမ်းယာဘက်ခြမ်းသို့ ထိုးကျကာလမ်းဘေးရှိ ထန်းပင်နှင့်တိုက်မိပြီး နိုင်မျိုးကိုမှာ ဒဏ်ရာများရရှိသွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းကြိုင်(ကျောင်းကုန်း)**

# မှုခင်းသတင်းအတိုအထွာ

## မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

နေပြည်တော် ဇွန် ၃

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေး(ရွာတော်)ရှိ ဆင်ဖြူရှင်ခန်းမ၌ ဇွန် ၂ ရက်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဒုရဲမှူးကြီး ခင်မောင်သန်းက မှုခင်းကျဆင်းရေးနှင့် မှုခင်းအသိပညာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရဲမှူးမင်းနိုင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယရဲမှူးလှစိုးက မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယရဲမှူးဝင်းကိုကိုက ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ရှိ တပ်နယ်အသီးသီးမှ စစ်သည်/မိသားစုဝင် ၅၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

## တရားမဝင်သစ်သယ်ဆောင်လာသူများ အမှုဖွင့်စစ်ဆေးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂ ရက်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မုံရွာမြို့ အလုံရပ်ကွက်နေ အောင်ကျော်လင်း(၂၄)နှစ်မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ သိန်းထက်ဦး(၂၄)နှစ်လိုက်ပါလာသည့်ယာဉ်နှင့်ကပ်လျက် လိုက်ပါလာသည့် မုံရွာမြို့ အလုံရပ်ကွက်နေ နိုင်လင်း(၃၃)နှစ် မောင်းနှင်ပြီး အောင်မျိုးသန့်(၁၇)နှစ် လိုက်ပါလာသော ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်မှ တရားမဝင် အင်သစ်ခွဲသား ၁၂၂ ချောင်း (၆ ဒသမ ၃၉၈၆ တန်)အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီးသစ်ပိုင်ရှင်မှာ နိုင်လင်းနှင့် အောင်မျိုးသန့်တို့ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းတို့လေးဦးတို့အား မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ခရီးသည်တင်ယာဉ်နှင့် ဆိုင်ကယ် ပွတ်တိုက်မိ၍ လူသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စံပါယ်နံ့သာကျေးရွာအနီး ရွှေဘို-မြစ်ကြီးနားကားလမ်း မိုင်တိုင်(၄၅/၂)တွင် ဇွန် ၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ရွှေဘိုဘက်မှ ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်နေသူ ကိုသိန်းမြတ်စိုး(၂၉)နှစ် မောင်းနှင်သည့် ခရီးသည်တင်မှန်လုံယာဉ်နှင့် လားရာတူ ဘေးချင်းယှဉ်မောင်းနှင်သည့် ကန့်ဘလူမြို့နယ်၊ မှန်နီပင်ကျေးရွာနေ ကိုဆန်းညွှန့်လွင်(၃၃)နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မချိုမာဌေး(၃၀)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်တို့ ပွတ်တိုက်မိရာ ဆိုင်ကယ်လဲကျသွား၍ မချိုမာဌေးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။ ယာဉ်မောင်း ကိုသိန်းမြတ်စိုးနှင့် ကိုဆန်းညွှန့်လွင်တို့နှစ်ဦးအား ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## စကားများရန်ဖြစ်ရာမှ တုတ်ဖြင့်ရိုက်၍ သေဆုံး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂ ရက်က ကြက်တက်ညောင်ပင်ကျေးရွာနေ ဦးကျော်(၇၀)နှစ်၏ နာရေးအိမ်တွင်ခိုက်ရန်ဖြစ်ပွား၍ လူတစ်ဦးထိခိုက်ဒဏ်ရာရကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ တစ်ရွာတည်းနေ ဦးမင်းစိုး(၄၀)နှစ်နှင့် ကညင်ကျကျေးရွာနေ ဦးဝင်းမြင့်(၅၂)နှစ်တို့ စကားများရန်ဖြစ်ကြပြီး ဦးမင်းစိုးက သစ်သားတုတ်ဖြင့်ရိုက်၍ ဦးဝင်းမြင့်တွင် ဒဏ်ရာများရရှိသဖြင့် ဆေးရုံသို့ ပို့ဆောင်ဆေးကုသနေစဉ် သေဆုံးသွားသောကြောင့် ဦးမင်းစိုးအား မုန်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

## လမ်းပြောင်းပြန်မောင်းနှင်လာသည့်ဆိုင်ကယ်နှင့် တိုက်မိ၍ လူသေဆုံး

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်(၃၆၄/၀-၁)အကြားတွင် ဇွန် ၂ ရက်က ရေနံချောင်းမြို့ဘက်မှ အေးမင်းစိုး(၂၈)နှစ်မောင်းနှင်ပြီး မသူဇာဝင်း(၂၉)နှစ်လိုက်ပါလာသည့် ဆိုင်ကယ်သည် လမ်းပြောင်းပြန်မောင်းနှင်လာရာ ယင်းလမ်းအတိုင်း မျက်နှာချင်းဆိုင်ဘက်မှ ရေနံချောင်းမြို့ အိုးဘိုရပ်နေ အောင်မြင့်ဌေး(၃၀)နှစ်မောင်းနှင်လာသော ဆိုင်ကယ်ကိုတိုက်မိရာ အေးမင်းစိုးတွင် ဒဏ်ရများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မသူဇာဝင်းနှင့် အောင်မြင့်ဌေးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ အေးမင်းစိုးအား လက်မှတ်ကုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

■

# သူနှင့် စီရိုနယ်လ်ဒိုတို့တွင် ဘယ်သူပိုကောင်းလဲဆိုတာကို ဇီဒန်း ပြောပြီ

ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက စီရိုနယ်လ်ဒိုမှာ အတောက်ပဆုံးကြယ်ပွင့်ကစားသမားတစ်ဦးဖြစ်သလို အရေးပါသည့် သွင်းဂိုးများသွင်းယူနိုင်သည့်ကစားသမားဖြစ်သော်လည်း ဂိုးဖန်တီးမှုအပိုင်းတွင် သူက ပိုမိုသာလွန်သည်ဟု မှတ်ချက်ပြုခဲ့သည်။ သတင်းထောက်များက ဇီဒန်းကို သူကစားသမားအဖြစ် ကျင်လည်နေစဉ်ကာလနှင့် ယခု စီရိုနယ်လ်ဒိုတို့တွင် ဘယ်သူပိုကောင်းသလဲဟူသော မေးခွန်းကို မေးမြန်းခဲ့ရာ ဇီဒန်းက "ရိုနယ်လ်ဒိုဟာ သံသယရှိစရာမလိုတဲ့ အရည်အသွေးရှိသူပါ။ သူက ဂိုးသွင်းကောင်းတယ်၊ ဒါက ပိုအရေးကြီးပါတယ်။ ကျွန်တော်ကတော့ ကောင်းကောင်းကစားနိုင်သလို ဂိုးအချို့လည်း သွင်းနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကစားတဲ့ နေရာကိုက ဂိုးသွင်းရေးအဓိကမဟုတ်ပါဘူး။ ဂိုးဖန်တီးနိုင်မှု အပိုင်းမှာတော့ ကျွန်တော်က သာလွန်ပါတယ်။ ကျွန်တော်ဟာ အသင်းအတွက် အရေးပါတဲ့ ဂိုးအချို့ကို သွင်းယူနိုင်ပေမယ့် အများကြီးတော့ မသွင်းနိုင်ခဲ့ဘူး"ဟု မယုတ်မလွန်ဖြေကြားခဲ့သည်။

ဇီဒန်းက စီရိုနယ်လ်ဒိုမှာ သူကစားစဉ်အချိန်ကနှင့် ခြားနားတဲ့ ခြေစွမ်းတစ်ရပ်ကိုပိုင်ဆိုင်ထားပြီး အသင်းလေ့ကျင့်ရေး အစီအစဉ်မှာပင် အနိုင်ရလိုစိတ် ပြင်းထန်လွန်းသူဟု ဖွင့်ဟပြောကြားခဲ့သည်။ ဇီဒန်းသည် ရီးယဲလ်အသင်းတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ငါးနှစ်ကြာ ကစားခဲ့ပြီး ၂၀၀၂ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် လေဗာကူဆင်အသင်းဘက်သို့ သွင်းယူခဲ့သည့် သူ၏ မြေမကျကန်သွင်းချက်ဂိုးမှာ ယခုထိ ချန်ပီယံလိဂ် အလှပဆုံးသွင်းဂိုးစာရင်းတွင် ပါဝင်နေဆဲဖြစ်သည်။



၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဇီဒန်းနှင့် စီရိုနယ်လ်ဒိုတို့ ပြိုင်ဘက်အဖြစ် တွေ့ဆုံစဉ်။

မေလွဲသင်း-ရေးသားသည်

## ဗယ်လ်ဗာဒီထွက်ခွာခွင့်ပြုလိုက်သော အာဒါတူရန်ကို ခေါ်ယူရန် အာဆင်နယ် ကြိုးပမ်းလာ

ဘာစီလိုနာနည်းပြ ဗယ်လ်ဗာဒီက အာဒါတူရန်ကို ဘာကာမှ ထွက်ခွာနိုင်သည်ဟု ပြောကြားပြီးနောက် တူရန်ကိုရရှိရန် အာဆင်နယ်အသင်းဘက်မှ ချဉ်းကပ်မှုများ စတင်လုပ်ဆောင်လာပြီဖြစ်သည်။ အာဆင်နယ်တွင် နည်းပြဝင်းဂါး အနာဂတ် သေချာသွားပြီးနောက် တူရကီလက်ရွေးစင် တူရန်ကိုခေါ်ယူရန် စီစဉ်လာခြင်းဖြစ်ကြောင်း တူရကီသတင်းဌာနက ဖော်ပြသည်။ ဘာစီလိုနာတွင် နည်းပြ အပြောင်းအလဲဖြစ်ပြီးနောက် ဘာကာမှ ပထမဆုံးထွက်ခွာမည့် ကစားသမားမှာ တူရန်ပင်ဖြစ်သည်ဟု ဟေဘာတာ့ဒ်ကလည်း ဖော်ပြခဲ့သည်။

အာဆင်နယ်သည် တူရန်၏ ကိုယ်စားလှယ်ဖြစ်သူ ဘူတာကို ချဉ်းကပ်မှုများ စတင်ပြုလုပ်နေပြီး ကာယကံရှင်သာ ဆန္ဒရှိပါက အပြောင်းအရွှေ့မှာ ယခုဇွန်လအတွင်းမှာပင် ပြီးမြောက်နိုင်ဖွယ်ရှိသည်။ တူရန်သည် အက်သလက်တီကိုအသင်းတွင် ထင်ရှားသော ခြေစွမ်းတစ်ရပ်ပြသနိုင်ခဲ့ပြီးနောက် ဘာစီလိုနာသို့ ပြောင်းရွှေ့ကြေး ပေါင် ၂၄ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သော်လည်း ထင်ရှားသည့် စွမ်းဆောင်ရည်မျိုး ပြသနိုင်ခြင်းမရှိခဲ့ပေ။ တူရန်ကို အင်တာမီလန်အသင်းမှလည်း ချိတ်ဆက်နေသဖြင့် အာဆင်နယ်အနေဖြင့် တူရန်ကိုရရှိရန် အင်တာမီလန်နှင့် အဓိကထားယှဉ်ပြိုင်ရဖွယ်ရှိသည်။ ဘာစီလိုနာကလည်း တူရန်နေရာတွင် ဒီမာရီယာနှင့် အစားထိုးရန် ကြိုးပမ်းမည်ဟု သတင်းထွက်နေခဲ့သည်။

တူရန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ပွဲ ၃၀ ဝင်ရောက်ကစားပြီး ၁၃ ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ဝင်းဂါးသာ တူရန်ကို အက်သလက်တီကိုတွင် ကစားစဉ်က ခြေစွမ်းမျိုး ပြန်လည်ရောက်ရှိအောင် ကူညီပေးနိုင်မည်ဆိုပါက တူရန်ကို ခေါ်ယူမှုမှာ အာဆင်နယ်အတွက် အင်မတန်အကျိုးသက်ရောက်မှုများပြားသော ခေါ်ယူမှု ဖြစ်လာမည်ဖြစ်သည်။

## မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်းအသင်းတို့ ကမ်းလှမ်းမှုသတင်းမှာ မဟုတ်မှန်ဟု ရိုင်ယန်ဂစ်ဆို

**ရိုင်ယန်ဂစ်က မန်နေဂျာဘဝကို အလျင်အမြန်ကူးပြောင်းမည် မဟုတ်သလို နည်းပြ လစ်လပ်လျက်ရှိတဲ့ မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်းတို့ကလည်း သူ့ကို နည်းပြသစ်အဖြစ် ကမ်းလှမ်းရန် ချိတ်ဆက်မှုများ ရှိခဲ့သည်ဆိုသည်မှာ မမှန်ကန်ကြောင်း ဖွင့်ဟလိုက်ပြီဖြစ်သည်။ ဂစ်တွင် နည်းပြ အတွေ့အကြုံဆို၍ မန်ယူအသင်းက ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် နည်းပြ မိုယက်စ်ကို ထုတ်ပယ်ပြီးနောက် ယာယီနည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးခြင်းသာ ရှိသည်။**

တစ်ချိန်ချိန်တွင် မန်နေဂျာအဖြစ် ဆောင်ရွက်ရန် ဆန္ဒရှိသော်လည်း ဘယ်ကိစ္စမဆို အလျင်အမြန်



လုပ်ဆောင်ရန် ရည်ရွယ်ချက်မရှိသေးကြောင်းကို ဂစ်က " ကျွန်တော်က မန်နေဂျာလုပ်ဖို့ ရည်ရွယ်ချက်ရှိသူပါ။ ဒါပေမယ့်ဘာကိုမှ အလျင်စလို ဆောင်ရွက်မှာ မဟုတ်ပါဘူး။ သင့်လျော်ပြီဆိုတဲ့ အချိန်မှာ ကိုယ်နဲ့ အဆင်ပြေမယ့် သင့်လျော်တဲ့ အသင်းတစ်ခုကို ရွေးချယ်သွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

လက်ရှိတွင် ကလပ်အသင်းဂန္ထဝင်ကစားသမားများကိုင်တွယ်နေသည့် အသင်းများ အောင်မြင်မှုများရနေသည့် ခေတ်ဖြစ်ပြီး အနီးဆုံးဥပမာမှာ ဇီဒန်း၊ အင်းနရစ်တို့ ဖြစ်သည်။ ထို့ကြောင့် ဂစ်ကိုလည်း နောင်တစ်ချိန်တွင် မန်ယူနည်းပြအဖြစ် မြင်တွေ့ရရန် မန်ယူပရိသတ်များက မျှော်လင့်နေသော်လည်း မန်ယူကစားသမားဟောင်းများ ဖြစ်သည့် ရိုင်ကိန်းနှင့် ဂယ်ရီနဗီးလ်တို့မှာ နည်းပြဘဝတွင် အောင်မြင်မှု မရရှိခဲ့ကြပေ။

## နေမာအား ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် အခွင့်အရေးကို ကွန်တီပယ်ချခဲ့

**ပြီးခဲ့တဲ့ နွေစျေးကွက်အတွင်း ဘာစီလိုနာတိုက်စစ်မှူး နေမာကို ခေါ်ယူနိုင်မည့် အခွင့်အရေးကို ပရီမီယာလိဂ်ကလပ်အသင်း ချယ်လ်ဆီးက ရရှိခဲ့သော်လည်း နည်းပြ ကွန်တီက ပယ်ချခဲ့ခြင်းကြောင့်သာ နေမာနှင့် ချယ်လ်ဆီးအသင်းတို့ လက်တွဲမှုကို မမြင်တွေ့ရခြင်းဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။**

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်နှင့် ဘာစီလိုနာအသင်းတို့သည် နေမာအား ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် ၁၅၅ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် နှုတ်အား



ဖြင့် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ သို့သော် နည်းပြ ကွန်တီ ရောက်ရှိလာပြီးနောက် ကွန်တီက လက်ရှိကစားသမားများအင်အားဖြင့်ပင် တိုက်စစ်ပိုင်းအတွက် လုံလောက်မှုရှိပြီး နေမာမှာ သူချမှတ်မည့် နည်းဗျူဟာနှင့် အံဝင်ခြင်းမရှိဟု မိုဗစ်အား အကြောင်းကြားခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းသို့ နေမာ ရောက်မလာခြင်းဖြစ်သည်။

နေမာမှာ ပြီးခဲ့သည့် ဘောလုံးရာသီက ဘာစီလိုနာတွင် အထူးခြေစွမ်းပြ ကစားနိုင်သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းကျဆင်းခဲ့ခြင်းကြောင့် ဘာစီလိုနာမှ ထွက်ခွာရန် ဆန္ဒရှိနေပြီဟု သတင်းထွက်နေသည်။ ပြီးခဲ့သည့် လပိုင်းကပင် နေမာ၏ ဖခင် စီနီယာနေမာက သူ့သားကို မက်ဆီရဲ့ လွှမ်းမိုးမှုအရိပ်မှ ကင်းလွတ်ရန် ဘာစီလိုနာမှ ထွက်ခွာ၍ ပရီမီယာလိဂ် ကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့ရန် တိုက်တွန်းထားသည်ဟု သတင်းထွက်လာခဲ့သေးသည်။

## အက်သလက်တီကိုအတွက်သာ ရှင်သန်တဲ့ သူရဲကောင်း



အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းက လက်ရှိ ကလပ်အသင်းမှာပဲ ဆက်ရှိနေမယ်ဆိုတဲ့အကြောင်းကို အတည်ပြုခဲ့ပြီးနောက်မှာ မန်ယူကို ဒီနှစ်နွေစျေးကွက်တွင်း သူမပြောင်းဖြစ်တော့ဘူးဆိုတာကို တစ်ဖက်ကနေ အချက်ပြလိုက်ပါတယ်။ မန်ယူအသင်းက ဂရစ်ဇ်မန်းအတွက် တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ အထိ ပေးချေမယ်လို့ ကမ်းလှမ်းခဲ့ပေမယ့် သူကတော့ ဒီကမ်းလှမ်းမှုကို ငြင်းဆန်လိုက်တာပါ။ ဂရစ်ဇ်မန်းကတော့ နောက်နှစ်နွေစျေးကွက်ရောက်ရင် ဒီထက်ကောင်းတဲ့ ကမ်းလှမ်းမှုတွေ သူ့အတွက် ရှိလာဦးမယ်လို့ ယုံကြည်နေတာကြောင့် ဒီလိုမြင့်မားတဲ့ လုပ်ခလစာကို ပြတ်ပြတ်သားသား ပယ်ချလိုက်တာလို့ ဆိုပါတယ်။

ဒါပေမယ့် အက်သလက်တီကိုနဲ့ ဂရစ်ဇ်မန်းတို့ ချုပ်ဆိုထားတဲ့ စာချုပ်မှာ အသင်းအပေါ် သစ္စာရှိမှုအတွက် အပိုဆုကြေး ပေါင် ၅ ဒသမ ၃ သန်း ရရှိမှာဖြစ်တာကြောင့် မန်ယူရဲ့ တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ကို ပစ်ပယ်နိုင်တာလို့ ဝေဖန်မှုတွေလည်း ရှိနေပါတယ်။ ဖီဖာ (ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)က အက်သလက်တီကိုအသင်းရဲ့ ကစားသမားခေါ်ယူမှု ပိတ်ပင်ခံထားရတဲ့ အယူခံကို ပယ်ချခဲ့ပြီးနောက် မန်ယူဘက်ကလည်း ဂရစ်ဇ်မန်းအပေါ် စိတ်ဝင်စားမှုတွေ အရှိန်လျော့သွားပါတယ်။

ဂရစ်ဇ်မန်းက နည်းပြ မော်ရင်ဟိုကို သူဘာလို့ မန်ယူကို ဒီနှစ်နွေစျေးကွက်အတွင်း မလာရောက်နိုင်လဲဆိုတာကို ဖုန်းနဲ့ ဆက်သွယ်ရှင်းပြခဲ့တယ်လို့ သတင်းထွက်လာပြီးနောက်မှာ သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ "အက်သလက်ထက် ဘာမှ အရေးမကြီးပါဘူး။ ကျွန်တော်တို့ အတူတူ ရပ်တည်ကြရအောင်ပါ" ဆိုတဲ့ စာသားကို ရေးသားခဲ့ပါတယ်။ မန်ယူအသင်း တာဝန်ရှိသူတွေက အခုလို အခြေအနေတွေ လုံးလုံးနောက်ကြောင်းပြန်လှည့်သွားရတဲ့အပေါ် စိတ်အနှောင့်အယှက်ဖြစ်နေပြီး မန်ယူကွင်းလယ်လူ ပေါ့ဘာကတော့ သူ့ရဲ့ ပြင်သစ်အသင်းဖော်လည်းဖြစ် အခင်ဆုံး သူငယ်ချင်းလည်းဖြစ်သူ ဂရစ်ဇ်မန်းကို ဒေါသထွက်မိတယ်လို့ ဟာသလုပ်ခဲ့ပါတယ်။

ပေါ့ဘာက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကတစ်ဆင့် "ကျွန်တော့်မှာ ဒီလိုလူတစ်ယောက်ရှိတယ်ဗျ။ ဒေါသထွက်စရာကောင်းတဲ့ လူပေါ့ဗျာ။ မနက်ဖြန်မှာ ကျွန်တော်သူ့မျက်နှာကို လက်သီးနဲ့ ထိုးပစ်မိတော့မှာပဲ"လို့ ရေးသားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ ဂရစ်ဇ်မန်းဟာ အက်သလက်တီကို အသင်းကနေ တစ်ချိန်ချိန်မှာ ထွက်ခွာဖို့ သေချာသလောက်ရှိပေမယ့် လိုအပ်တဲ့အချိန်မှာ ဆက်ရှိနေပေးခဲ့တာကိုတော့ အသိအမှတ်ပြုရပါမယ်။ အက်သလက်တီကိုဟာ ချန်ပီယံလိဂ်လို ပွဲမျိုးမှာ အင်အားကြီးအသင်းတစ်ခုရဲ့ ခြေစွမ်းမျိုးပြသနိုင်ပေမယ့် ဖလားလက်မဲ့ ရာသီသုံးရာသီ ဆက်တိုက် ကြုံခဲ့ရပြီးပါပြီ။ ကစားသမားတွေ သူ့ထက်ငါ အပြိုင်အဆိုင် အောင်မြင်မှု ရှာဖွေနေကြချိန်မှာ ဆုဖလား မကိုင်မြှောက်နိုင်တဲ့ အက်သလက်လို အသင်းမှာ ဆက်ရှိနေပေးတဲ့ ဂရစ်ဇ်မန်းရဲ့ စိတ်ဓာတ်ကိုတော့ ချီးကျူးရမှာ ဖြစ်ပါတယ်။

## ဒေသခံများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆွေးနွေး

**သထုံ ဇွန် ၃**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ တိုင်းရင်းသားများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို လွတ်လပ်စွာပြောဆိုတင်ပြပြီး ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် ဇွန် ၂ ရက်က သထုံမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများ ပေါင်းစပ်၍ တိုင်းရင်းသားများအား သွားရောက်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ချီတက်တဲ့အခါမှာ ပြည်သူနဲ့အတူဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူတွေကလည်း ဒေသဖွံ့ဖြိုးရေးအတွက် အတူတကွ ဘယ်လိုပူးပေါင်းချီတက်ရမလဲဆိုတာကို သိရှိနားလည်ဖို့လိုပါတယ်။ ဒီနေ့လုပ်တဲ့ပွဲကတော့ တိုင်းရင်းသားတွေကို မျက်နှာကြီးငယ်မလိုက် သူတို့ရဲ့လိုလားချက်နဲ့ ဆန္ဒတွေကိုသိပြီးတော့ ဆောင်ရွက်ပေးနိုင်ဖို့ လာရောက်တွေ့ဆုံတာပါ။ လတ်တလောဖြေရှင်းပေးနိုင်တာကိုတော့ သက်ဆိုင်ရာဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့ ဒီမှာဖြေရှင်းဖို့ အခက်အခဲရှိတာတွေကိုတော့ ပြည်နယ်အစိုးရအဖွဲ့ထံတင်ပြပြီး ညှိနှိုင်းပေးသွားမှာပါ" ဟု မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများတွင် ကျေးရွာအသီးသီး၌ ကျေးလက်လမ်းတံတားကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ မြေယာပြဿနာများ၊ ပညာရေးကဏ္ဍ စာသင်ကျောင်းများရရှိရေး၊ တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များစသည်တို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## တည်ဆောက်မှုကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းနိုင်ရေး ပဲခူးတိုင်းဒေသကြီးတွင် ညှိနှိုင်းစည်းဝေး

**ပဲခူး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီခွဲက Bago Regional Construction Control Authority(BRCCA) ပဲခူးတိုင်းဒေသကြီးတည်ဆောက်မှုကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်ဦးဝင်းသိန်းက တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူကာ အရည်အသွေးများ ကြီးကြပ်စစ်ဆေးခြင်းအား ဆောင်ရွက်ပေးနိုင်သည့် BRCCA အဖွဲ့ ဖွဲ့စည်းနိုင်တော့မည်ဖြစ်ကြောင်း၊ BRCCA အဖွဲ့၏ လက်အောက်တွင် အရည်အသွေးစစ်ဆေးရေးလုပ်ငန်း (QC) အဖွဲ့များရှိမည်ဖြစ်ပြီး လုပ်ငန်းစစ်ဆေးချက် အစီရင်ခံစာများကို စိစစ်ခြင်း၊ လိုအပ်ပါက လုပ်ငန်းခွင်သို့ကွင်းဆင်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ BRCCA အဖွဲ့သည် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ အမှန်တကယ်လိုအပ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်၍ ဌာနဆိုင်ရာများ၊ တက်ရောက်လာသည့် ပြင်ပအင်ဂျင်နီယာပညာရှင်များမှ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သော အရွေ့တစ်ခုသို့ အတူတကွလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးများနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ပြင်ပအင်ဂျင်နီယာပညာရှင်များမှ BRCCA ၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြပြီး BRCCA အဖွဲ့တွင် ဌာနဆိုင်ရာ အင်ဂျင်နီယာသုံးဦး၊ ဥပဒေပညာရှင်တစ်ဦး၊ ခရိုင်အလိုက် အင်ဂျင်နီယာအသင်းဝင်နှစ်ဦးစီဖြင့် ရှစ်ဦး၊ ပြင်ပအင်ဂျင်နီယာပညာရှင်ခြောက်ဦး၊ စုစုပေါင်း ၁၈ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပြင်ပအင်ဂျင်နီယာပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကျောင်းသားများ၏အနာဂတ်သည် ဆရာ၊ ဆရာမများ အပေါ်တွင်မူတည်

**ရန်ကုန် ဇွန် ၃**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရောဝတီခန်းမ၌ မေ ၂၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်က ယနေ့ကျောင်းသား၊ ကျောင်းသူများ၏ တိုးတက်မှု အနာဂတ်သည် ဆရာ၊ ဆရာမများ၏အပေါ်တွင် မူတည်ပါကြောင်းနှင့် အဓိကအလေးထားရမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**(မြင့်)**

## ရွှေဟောင်းယဉ်ကျေးမှုနယ်မြေ အထင်ကရနေရာများတွင် ဌာနဆိုင်ရာများ၊ ပြည်သူများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မြောက်ဦး ဇွန် ၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အထင်ကရနေရာများဖြစ်သည့် သျှစ်သောင်း၊ ထုက္ကန့်၊ အံတော်သိမ်ဘုရားနှင့် ရတနာပုံစေတီ၌ ဇွန် ၃ ရက် နံနက် ၇ နာရီက ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မြောက်ဦးမြို့ အထင်ကရ ရှေးဟောင်းနေရာများသို့ ကျွန်တော်တို့ ပြည်သူတွေအပြင် နိုင်ငံခြားသားဧည့်သည်များလည်း လာရောက်လေ့လာတာကို တွေ့ရပါတယ်။ ဒီလို အထင်ကရနေရာများ သန့်ရှင်းသာယာလှပရေးအတွက် ကျွန်တော်တို့ပါဝင်ပြီး သန့်ရှင်းရေးလုပ်ပေးရတဲ့အတွက် ကျေနပ်ဝမ်းမြောက်ပါတယ်။ ပြည်သူများဘက်ကလည်း အထင်ကရနေရာများ သန့်ရှင်းသာယာလှပရေးအတွက် စည်းကမ်းတကျ အမှိုက်စွန့်ဖို့လိုပါတယ်" ဟု အမှိုက်ကောက်လာသူတစ်ဦးကပြောကြားသည်။

စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်က သျှစ်သောင်း၊ ထုက္ကန့်၊ အံတော်သိမ်ဘုရားနှင့် ရတနာပုံစေတီ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရေလမ်းခရီးဖြင့် ကျောင်းတက်ရသည့် ကျေးလက်နေကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ကင်းစေရေးဆောင်ရွက်ပေး



**ကော့သောင်း ဇွန် ၃**

မိုးရာသီကာလ ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းစွာ သွားလာပညာသင်ကြားနိုင်ရန် အသက်ကယ်အင်္ကျီဝတ်ဆင်သွားလာရေး ကူညီမှုပရဟိတလုပ်ငန်းများအား ထိုင်း-မြန်မာနယ်စပ် ခမောက်ကြီးမြို့ ပါချန်မြစ်ကမ်းဘေးရှိ အေးချမ်းသာကျေးရွာတွင် ဆောင်ရွက်လျက်ရှိကြောင်း ဇွန် ၃ ရက်က သိရသည်။

ကော့သောင်းခရိုင် ခမောက်ကြီးနယ်မြေအတွင်း ပါချန်မြစ်ရိုးတစ်လျှောက်ရှိ ကျေးလက်တောရွာများမှ ပညာသင်ကြားကြရသည့် ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းရှိရာကျေးရွာသို့ ပါချန်မြစ်အတွင်း စုန်ဆန်ဖြတ်သန်းကာ ရေလမ်းခရီး ကူးတို့လှေငယ်များဖြင့် သွားရောက်ပညာသင်ကြားကြရာ မြစ်အတွင်း တောင်ကျရေစီးဝင်သည့် မိုးရာသီကာလ မြစ်ရေစီးဆင်းမှုကြမ်းသည့်ဖြစ်စဉ်များကြောင့် ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းစွာ သွားလာပညာသင်ကြားနိုင်ရေး ကျေးရွာတာဝန်ရှိအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ ကလေးငယ်များအား အသက်ကယ်အင်္ကျီစနစ်တကျဝတ်ဆင်ပေးခြင်း၊ လှေအတက်အဆင်း ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်မဖြစ်ပွားရေး အကူအညီပေးခြင်းလုပ်ငန်းများအား ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်၊ ကျောင်းဖွင့်သည့်နေ့တိုင်း ကူညီမှုပရဟိတလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ချမ်းအေးသာစံမြို့နယ် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ၏ ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်

**မန္တလေး ဇွန် ၃**

ရုံးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ပြည်သူတို့၏ လိုအပ်ချက်များကို တစ်နေရာတည်းတွင် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ၏ ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းကို ဇွန် ၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ မာန်အောင်ရတနာ ဓာတုဃရဝါခင်းကုန်းစေတီတော် ဝင်းရတနာဓမ္မဗိမာန်တွင် ဆောင်ရွက်ပေးကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကန်ကောက်ရပ်ကွက်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်နှင့် ပြည်ကြီးမျက်မှန်ရပ်ကွက်များရှိ ရုံးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အတွင်းရှိ ကျန်ရပ်ကွက်များသို့လည်း ဆက်လက်ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်၊ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Services - OSS) ကို ဖွင့်လှစ်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။


**(၀၀၂)**















# အိန္ဒိယ၌ ထုတ်လုပ်ပါ

ul&ifo


မေ ၃၀ ရက်က ဘာလင်မြို့၌ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲတွင် ခေါင်းဆောင်နှစ်ဦးကို တွေ့ရစဉ်။
ဓာတ်ပုံ – narendramodi.in

အိန္ဒိယနိုင်ငံသို့လာရောက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်ရန် မြှင့်တင်အားပေးသည့်အစီအစဉ်တစ်ရပ်ကို ဂျာမနီနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (အက်စ်အမ်အီး) အသိုက်အဝန်းက အထူးတလည်စိတ်ဝင်စားမှုပြသကြကြောင်း ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ရောက်ရှိစဉ် ပြောကြားခဲ့သည်။

အိန္ဒိယဈေးကွက်အတွင်း၌ ဂျာမနီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်မှုပြုလုပ်ရေးကို မြှင့်တင်အားပေးသည့် အစီအစဉ်သည် အောင်မြင်မှုရရှိနေကြောင်း ဝန်ကြီးချုပ်မိုဒီက အိန္ဒိယ-ဂျာမနီစီးပွားရေးလုပ်ငန်းများဆိုင်ရာ ထိပ်သီးညီလာခံတွင် ပြောကြားခဲ့သည်။ မေ ၃၀ ရက်က ပြုလုပ်သည့် ယင်းညီလာခံသို့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲလ် တက်ရောက်ခဲ့သည်။

**အိန္ဒိယ၌ ထုတ်လုပ်ပါ**

"အိန္ဒိယ၌ ထုတ်လုပ်ပါ" (Make in India) အမည်ရှိ အစီအစဉ်သည် ဝန်ကြီးချုပ်မိုဒီက ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် အစီအစဉ်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို အထောက်အကူပေးရန်၊ တီထွင်ဆန်းသစ်မှုကို အားပေးရန်၊ ကျွမ်းကျင်မှုစွမ်းပကားကို မြှင့်တင်ပေးရန်၊ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ကို ကာကွယ်ပေးရန်၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံကို အလေးပေးရန် ရည်ရွယ်သည်။

ဂျာမနီနိုင်ငံသည် အင်ဂျင်နီယာလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းတို့တွင် အားကောင်းမောင်းသန်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းများအရ အတွေ့အကြုံကြွယ်ဝသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ၎င်းအပြင် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာကျွမ်းကျင်မှုတို့ကိုလည်း ယင်းနိုင်ငံက အထူးပင် အလေးပေးသည်။

ဂျာမနီနိုင်ငံ၏ စက်မှုလုပ်ငန်းနှင့် စီးပွားရေးနယ်ပယ်တို့တွင် ကျောရိုးသဖွယ်တည်ရှိနေသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် မိသားစုပိုင်လုပ်ငန်း များအဖြစ် အများစုတည်ရှိနေသော်လည်း ကမ္ဘာ့ဈေးကွက်အတွင်းသို့ ထိုးဖောက်နိုင်မှုအရလည်းကောင်း၊ နည်းပညာသုံးစွဲနိုင်မှုအရလည်းကောင်း နိုင်ငံတကာတွင် ဝင့်ဝင့်ထည်ထည်ရှိနေသည်။

အိန္ဒိယနိုင်ငံ၌ ဂျာမနီနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်မှုမှာ လောလောဆယ်တွင် အကန့်အသတ်ဖြင့်သာ ရှိနေဆဲဖြစ်သော်လည်း အလားအလာကောင်းများရှိနေသည်ဟု ဆိုသည်။ ၂၀၁၅ ခုနှစ် ဟန်နိုဗာကုန်စည် ပြပွဲကျင်းပပြီးချိန်နောက်ပိုင်းမှစ၍ ဂျာမနီစီးပွားရေးအသိုက်အဝန်းက အိန္ဒိယနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စားလာကြသည်။ ဟန်နိုဗာကုန်စည်ပြပွဲသည် ကမ္ဘာ့အကြီးဆုံးကုန်စည်ပြပွဲကြီးတစ်ခုဖြစ်ပြီး ပြခန်းပေါင်း ၆၅၀၀ ခန့်၊ လာရောက်လေ့လာကြည့်ရှုသူ ၂၅၀,၀၀၀ ခန့် ရှိခဲ့သည်။

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ အိန္ဒိယသံရုံးသည် Make In India Mittelstand (MIIM) အစီအစဉ်တစ်ရပ်ဖြင့် ဂျာမနီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အိန္ဒိယဈေးကွက်သို့ဝင်ရောက်နိုင်ရေး အထောက်အကူပေးသည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

အိန္ဒိယဈေးကွက်အတွင်း ဂျာမနီ ရင်းနှီးမြှုပ်နှံသူများ လုပ်ပျော်ကိုင်ပျော်ဖြစ်စေရေးအတွက် အိန္ဒိယဗဟိုအစိုးရအဖွဲ့၊ ဒေသန္တရအစိုးရအဖွဲ့များနှင့် မိတ်ဖက်ကုမ္ပဏီများက အထောက်အကူပေးလျက်ရှိသည်။

လက်တွေ့ကျကျ ရင်းနှီးမြှုပ်နှံခြင်းမပြုမီ ဈေးကွက်ဝင်ရောက်ခွင့် လွယ်ကူချောမွေ့စေရေးအတွက် အကူအညီပေးနိုင်ရေးမှာ အထူးပင်အရေးကြီးလှသည်။

"ဂျာမနီနိုင်ငံရဲ့ ကုမ္ပဏီ ၈၃ ခုကျော်က (MIIM) အစီအစဉ်မှာ ပါဝင်ဖို့ စိတ်ဝင်စားလျက်ရှိပါတယ်။ ကုမ္ပဏီ ၇၃ ခုကတော့ အစီအစဉ်မှာပါဝင်ဖို့ တရားဝင်အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ကုမ္ပဏီပေါင်း ၄၇ ခုကတော့ အစီအစဉ်အတိုင်း အကောင်အထည်ဖော်လျက်ရှိနေကြပါပြီ" ဟု ဝန်ကြီးချုပ်မိုဒီက အိန္ဒိယ-ဂျာမနီစီးပွားရေးလုပ်ငန်းဆိုင်ရာ ထိပ်သီးညီလာခံတွင် ပြောကြားခဲ့သည်။

"အိန္ဒိယ-ဂျာမနီ မန်နေဂျာများ (စီမံခန့်ခွဲရေးမှူးများ) လေ့ကျင့်ရေးအစီအစဉ်အရ နှစ်နိုင်ငံမှာရှိတဲ့ကုမ္ပဏီတွေ ဖက်စပ်လုပ်ငန်းတွေကို ထူထောင်နိုင်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ပြုလုပ်လာကြပါတယ်" ဟု ဝန်ကြီးချုပ်မိုဒီက ဆက်လက်မိန့်ဆိုခဲ့သည်။


ဓာတ်ပုံ – reshlane.com
အိန္ဒိယနိုင်ငံ ပူးနေးမြို့၌ဖွင့်လှစ်ထားသော မာစီဒီးကားစက်ရုံ

အိန္ဒိယမန်နေဂျာ ၅၀၀ ကျော်မှာ (MIIM) အစီအစဉ်၏ အသီးအပွင့်များကို ရရှိခံစားခဲ့ကြရသည်ဟုဆိုသည်။

ဂျာမနီနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာအရ အရေးအပါဆုံး မိတ်ဖက်နိုင်ငံအဖြစ် ဝန်ကြီးချုပ်မိုဒီက သတ်မှတ်ထားသည်။ အိန္ဒိယသို့လာရောက်၍လုပ်ကိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကိုကြည့်လျှင် ဂျာမနီနိုင်ငံမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအရ သတ္တမနေရာတွင်ရှိနေကြောင်း၊ အိန္ဒိယဈေးကွက်၌ ရင်းနှီးမြှုပ်နှံနေသော ဂျာမနီကုမ္ပဏီများတွင် Bosch ကုမ္ပဏီ၊ Siemens ကုမ္ပဏီ၊ BASE ကုမ္ပဏီ စသည့်ထိပ်တန်းကုမ္ပဏီကြီးများ ပါဝင်ကြပြီး မိမိ၏နိုင်ငံတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနများကိုလည်း ထူထောင်ထားကြပြီဖြစ်ကြောင်း၊ Mercedes Benz ကုမ္ပဏီမှာ အိန္ဒိယနိုင်ငံ ပူနေးမြို့၌ ဒုတိယမြောက်စက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။

**ဖြေလျှော့ပေးခဲ့**

"စီးပွားရေးအရ ဂျာမနီရဲ့ မိတ်ဖက်ပြုဆောင်ရွက်မှုတွေကို ကျွန်တော်တို့ အလေးထားတယ်။ ဂျာမနီကုမ္ပဏီတွေရဲ့ စီအီးအိုတွေနဲ့လည်း အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အားပေးနိုင်စေဖို့ ဥပဒေစည်းမျဉ်းအကန့်အသတ်တွေကိုလည်း သိသိသာသာ ဖြေလျှော့ပေးခဲ့ပြီးဖြစ်ပါတယ်" ဟု မိုဒီက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် မေလနှောင်းပိုင်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဘုတ်အဖွဲ့ကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၁၆-၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ဒေါ်လာ ၆၀ ဘီလီယံအထိ ရှိခဲ့သည်။

အိန္ဒိယအစိုးရအဖွဲ့၏အဆိုအရ MIIM အစီအစဉ်အရ ယခုအချိန်အထိ ရင်းနှီးမြှုပ်နှံမှု ယူရိုသန်း ၆၅၀ ခန့်ကို ဆွဲဆောင်နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံတွင် အလုပ်အကိုင်နေရာ ၄၀၀၀ ကို ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရသည်။

၂၀၁၅ ခုနှစ်တွင် ဂျာမနီနိုင်ငံသို့ ဝန်ကြီးချုပ်မိုဒီ သွားရောက်ခဲ့ပြီးနောက် "အိန္ဒိယ၌ ထုတ်လုပ်ပါ" (Make In India) အစီအစဉ်မှာ ဂျာမနီကုမ္ပဏီအသိုက်အဝန်းအတွင်း ရေပန်းစားလာခဲ့သည်။

ဂျာမနီနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်နိုင်ရန် အိန္ဒိယနိုင်ငံက လုပ်ငန်းကဏ္ဍ ၂၇ ခုခန့်တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရေးအတွက် အထောက်အကူပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံက ဖွင့်လှစ်ပေးထားသောလုပ်ငန်းကဏ္ဍများကိုကြည့်လျှင် စက်မှုလုပ်ငန်းကဏ္ဍအရ စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်လုပ်ငန်း၊ ဖန်ထည်ထုတ်လုပ်ရေးလုပ်ငန်းတို့ကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအရ ရေအရင်းအမြစ်လုပ်ငန်း၊ ရေဆိုးသန့်စင်ရေးနည်းပညာဆိုင်ရာလုပ်ငန်း၊ လောင်စာဆဲလ်လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းတို့ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံလုပ်ငန်းကဏ္ဍအရ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးနည်းပညာလုပ်ငန်း တို့ကိုလည်းကောင်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍအရ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုများကိုလည်းကောင်း၊ အခြားလုပ်ငန်းကဏ္ဍများအဖြစ် လေကြောင်းအာကာသလုပ်ငန်း၊ လုံခြုံရေးနှင့် ထောက်လှမ်းစောင့်ကြည့်ရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ ဆေးဝါးလုပ်ငန်းနှင့် ထုပ်ပိုးပစ္စည်းလုပ်ငန်းတို့ကိုလည်းကောင်း တွေ့ရသည်။

MIIM အစီအစဉ်အရ အိန္ဒိယနိုင်ငံသို့ လာရောက်၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားသောကုမ္ပဏီများအတွက် အထူးအလုပ်ရုံဆွေးနွေးပွဲများကို ပုံမှန်ကျင်းပပေးလျက်ရှိသည့်အပြင် လုပ်ငန်းကွန်ရက်ချိတ်ဆက်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ပေးခြင်းတို့ကိုလည်း ပြုလုပ်လျက်ရှိသည်။

"အိန္ဒိယ၌ ထုတ်လုပ်ပါ" အစီအစဉ်သည် အိန္ဒိယနိုင်ငံ၌ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန် မြှင့်တင်အားပေးသည့် အစီအစဉ်ဖြစ်ပြီး ဝန်ကြီးချုပ်မိုဒီ၏ စီးပွားရေးမဟာဗျူဟာကို ထင်ဟပ်လျက်ရှိလေသည်။

ယင်းအစီအစဉ်သည် ပင်လယ်ရပ်ခြားကုမ္ပဏီများအား အိန္ဒိယ၌ ထုတ်လုပ်ရေးလုပ်ငန်းများထူထောင်ရေးကို ဆွဲဆောင်နိုင်ရန်သာမက ပြည်တွင်းရှိကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံအတွင်း၌ ထုတ်လုပ်မှုမြှင့်တင်ကြရန် တိုက်တွန်းအားပေးသည်။

"အိန္ဒိယ၌ ထုတ်လုပ်ပါ" အစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးကို မြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး အခွန်ဝင်ငွေတိုးပွားစေရန်လည်း စွမ်းဆောင်နိုင်စေလိမ့်မည်။ အရည်အသွေးစံနှုန်းမြင့်မားသော ကုန်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ တိုးမြှင့်ထုတ်လုပ်ရန် အားပေးသော အစီအစဉ်အဖြစ် ရှုမြင်မိရင်း "အိန္ဒိယ၌ ထုတ်လုပ်ပါ" ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။

**ရည်ညွှန်း** – Make in india outreach has attracted many German SMEs: PM Modi (Economic Times)

# ကောလာဟလတွေအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ယခုသတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်တွေအတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။**




## တေလာဆွစ်ရဲ့ ရန်သူမို့ ချစ်သူတော်ချင်တာပါ

ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်နဲ့ ကတ်တီပါရီတို့အကြား ဆိုးရွားတဲ့အတိတ်တွေရှိနေတာဟာလည်း လတ်တလောမှာ ပေါ်ထွက်လာတဲ့ ကတ်တီပါရီရဲ့ ဇာတ်လမ်းသစ်နဲ့ ဆက်စပ်မှုရှိနေတာဖြစ်တယ်လို့ သိရပါတယ်။ ကတ်တီပါရီဟာ လတ်တလောမှာ နော်ဝေလူမျိုး ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်နဲ့ သို့လောသို့လော အသံတွေ ထွက်နေပါတယ်။ ဒီလို လတ်တလောမှာ လက်တွဲနေတဲ့ ချစ်သူမရှိသေးတဲ့ သူတို့နှစ်ဦး ဇာတ်လမ်းတွေဖြစ်ခဲ့ကြရတဲ့အကြောင်းဟာ တေလာဆွစ်အပေါ်မှာ လုံးဝအခြေခံနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

တေလာဆွစ်ရဲ့ နောက်ကောက်ချခြင်းခံခဲ့ရတဲ့ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်ဟာ တေလာနဲ့ ဆက်ဆံရေးမပြေလည်ကြပါဘူး။ ဒီလိုပဲ တေလာနဲ့ အခင်အမင်တွေပျက်ကာ အမုန်းတွေပွားခဲ့ကြတဲ့ ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီအဖို့တော့ တေလာကို ရန်သူတစ်ဦးသဖွယ်သဘောထားကာ တေးသီချင်းတွေမှာလည်း အမြဲလိုလို စောင်းမြောင်းရေးသားသီဆိုလေ့ရှိပါတယ်။ ဒါကြောင့် တေလာရဲ့ ရန်သူနှစ်ဦးဖြစ်တဲ့ ကယ်လ်ဗင်ဟဲရစ်နဲ့ ကတ်တီပါရီတို့နှစ်ဦးပူပေါင်းခဲ့ကြတာဖြစ်တယ်လို့ ဟောလိဝုဒ်မီဒီယာတစ်ခုဖြစ်တဲ့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကတ်တီပါရီဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ် "Witness"မှာ ပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Swish Swish"နဲ့ ပတ်သက်ပြီး ဖြေကြားခဲ့ပါတယ်။ ကတ်တီပါရီက ယင်းတေးသီချင်းဟာ တေလာဆွစ်အကြောင်း ရေးသားထားတဲ့ တေးသီချင်းတစ်ပုဒ်လို့ ဆိုနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် ကတ်တီပါရီနဲ့ ကယ်လ်ဗင်ဟဲရစ်တို့ရဲ့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။

ကယ်လ်ဗင်ဟဲရစ်နဲ့ ပတ်သက်တဲ့ ကတ်တီပါရီရဲ့ ဇာတ်လမ်းဟာ ကောလာဟလတွေ အဖြစ်သာ ရပ်တန့်သွားခဲ့ခြင်းမရှိဘဲ တေးသီချင်းသစ်တွေကို အတူဖန်တီးသွားဖို့ ဆန္ဒတွေရှိနေကြကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် တေလာဆွစ်ရဲ့ သားကောင်ဖြစ်ခဲ့ရတဲ့ ကယ်လ်ဗင်ဟဲရစ်ဟာ ကတ်တီပါရီနဲ့ ပူးပေါင်းကာ တေလာကို ပြန်လည်အနိုင်ယူဖို့ ကြိုးပမ်းနေတာဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက စွပ်စွဲထားပါသည်။

တစ်ချိန်က သူငယ်ချင်းတွေဖြစ်ခဲ့ကြတဲ့ ကတ်တီပါရီနဲ့ တေလာဆွစ်တို့ဟာ အကြောင်းအချို့ကြောင့် အမုန်းကြီးမုန်းကြတဲ့ ရန်သူတွေဖြစ်ခဲ့ကြပါတယ်။ တေလာရဲ့ နာမည်ကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Bad Blood"ဟာ ကတ်တီပါရီအကြောင်း ရေးသားထားတာဖြစ်တယ်လို့ အသံတွေထွက်ခဲ့ပြီး ကတ်တီပါရီကတော့ "Swish Swish"တေးသီချင်းဟာ တေလာဆွစ်အကြောင်းဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီလိုအမုန်းတရားတွေနဲ့ ချည်နှောင်ထားတဲ့ ကတ်တီပါရီနဲ့ တေလာဆွစ်တို့ရဲ့ ဆက်ဆံရေးကြောင့် ကတ်တီပါရီရဲ့ လက်ရှိရည်မှန်းချက်ဟာ တေလာဆွစ်ရဲ့ ချစ်သူဟောင်း ကယ်လ်ဗင်ဟဲရစ်နဲ့ တရားဝင်လက်တွဲဖို့ပဲ ဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

## နောက်ထပ်ရင်သွေးလေးအတွက် ပြင်ဆင်နေပြီဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်

နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်နဲ့ လက်ရှိမှာလက်တွဲနေတဲ့ချစ်သူ အဲလက်ဇ်ရော့ဒရီးဂွက်စ်တို့ရဲ့အချစ်ဇာတ်လမ်းဟာ ပိုမိုခိုင်မာလာခဲ့ပြီဖြစ်ကာ ရင်သွေးလေးရယူဖို့အတွက်ပင်ပြင်ဆင်နေပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ခင်ပွန်းဟောင်းဖြစ်သူ မက်ခ်အန်ထော်နီနဲ့ရရှိခဲ့တဲ့အမြွှာရင်သွေးလေးနှစ်ဦးကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်ဟာ လက်ရှိချစ်သူနဲ့ တတိယမြောက်ရင်သွေးလေးကို ရယူသွားဖို့အတွက်ပြင်ဆင်နေတာလည်း ဖြစ်ပါတယ်။

ဘေ့စ်ဘောကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ အဲလက်ဇ်ရော့ဒရီးဂွက်စ်နဲ့ ဂျနီဖာလိုပက်ဇ်တို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲခဲ့တာ အချိန်မကြာသေးပေမယ့် တစ်ဦးကိုတစ်ဦးအလွန်နှစ်သက်ကြကာ များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုတွေအကြားကပင် အချိန်ပေးကာ ပုံမှန်တွေ့ဆုံလေ့ရှိပါတယ်။ ဟောလိဝုဒ်လမ်းတွေပေါ်မှာသာမက အနုပညာနဲ့ပတ်သက်တဲ့အခမ်းအနားတွေမှာပါ အတူတွဲကာ တက်ရောက်တာကိုတွေ့ရပြီး တရားဝင်လက်တွဲကြတဲ့ ကြယ်ပွင့်စုံတွဲလည်း ဖြစ်ပါတယ်။



ဒါပေမယ့် အဲလက်ဇ်နဲ့ ဂျနီဖာတို့ရဲ့အချစ်ခရီးဟာ အထစ်အငေ့ါမရှိ ဖြောင့်ဖြူးနေတာတော့ မဟုတ်ပါဘူး။ အဲလက်ဇ်ဟာ ယခင်ဇနီးသည်နဲ့ လက်တွဲခဲ့စဉ်ကာလအတွင်းမှာရော ချစ်သူရှိနေတဲ့ကာလတွေမှာပါ အခြားသောအမျိုးသမီးတွေနဲ့ ဇာတ်လမ်းသစ်တွေပျိုးတတ်တဲ့ သူတစ်ဦးဖြစ်တာကြောင့် ဂျနီဖာအနေနဲ့ ချစ်သူနဲ့ပတ်သက်ပြီး စိုးရိမ်စိတ်တွေတော့ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျနီဖာလိုပက်ဇ်က အဲလက်ဇ်အနေနဲ့ နောက်ကွယ်မှာ ဘာတွေလုပ်နေတယ်၊ ဘယ်တွေသွားနေတယ် ဆိုတာတွေကို အသေးစိတ်စုံစမ်းပေးဖို့အတွက် ကိုယ်ပိုင်စုံထောက်တစ်ဦးကို ငှားရမ်းထားကြောင်းလည်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါသေးတယ်။

အလားတူ ဂျနီဖာလိုပက်ဇ်ဟာလည်း ချစ်သူတွေတစ်ယောက်ပြီးတစ်ယောက် ပြောင်းလေ့ရှိပြီး အဲလက်ဇ်နဲ့ လက်မတွဲမီက ဒရိတ်ခ်၊ ကက်စပါစမတ်ထ်တို့လို ငယ်ငယ်ရွယ်ရွယ် ဂီတကြယ်ပွင့်လေးတွေနဲ့လည်း ဟိုးလေးတစ်ကျော်ကျော်ဇာတ်လမ်းတွေရှိခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဂျနီဖာလိုပက်ဇ်ဟာ အဲလက်ဇ်နဲ့ လက်တွဲခဲ့ပြီး မကြာမီမှာပင် သူ့ရဲ့အမြွှာလေးနှစ်ဦးကို အဲလက်ဇ်နဲ့ တွေ့ဆုံစေခဲ့ပါတယ်။ ဂျနီဖာလိုပက်ဇ်ရဲ့ ခြောက်နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရင်သွေးလေးနှစ်ဦးနဲ့ အဲလက်ဇ်ရဲ့ ဆက်ဆံရေးဟာ အလွန်အဆင်ပြေခဲ့ပြီး ကလေးတွေရဲ့ဖခင်ဖြစ်သူ မက်ခ်အန်ထော်နီကပင် အဲလက်ဇ်ရော့ဒရီးဂွက်စ်ရဲ့ ကလေးတွေအပေါ် ဆက်ဆံရေးကို ချီးကျူးခဲ့ကြောင်းလည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# မန်ချက်စတာပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရခဲ့သူများနှင့် အရီရန်နာဂရန်းဒ် တွေ့ဆုံ

ပြီးခဲ့တဲ့ မေ ၂၂ ရက်မှာ ဖြစ်ပွားခဲ့တဲ့ မန်ချက်စတာဖျော်ဖြေပွဲပေါက်ကွဲမှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပရိသတ်တွေကို ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်က ဆေးရုံသို့ သွားရောက်တွေ့ဆုံခဲ့ကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

အရီရန်နာဂရန်းဒ်ရဲ့ "Dangerous Woman"နယ်လှည့်ဖျော်ဖြေရေးအစီအစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲကို ပြီးခဲ့တဲ့ မေ ၂၂ ရက်က အင်္ဂလန်မှာရှိတဲ့ မန်ချက်စတာအရီနာမှာ ပြုလုပ်ခဲ့ရာ အသေခံဗုံးခွဲမှုဖြစ်စဉ်တစ်ခု ယင်းဖျော်ဖြေပွဲအတွင်း ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ဖျော်ဖြေပွဲကိုလာရောက်ကြည့်ရှုခဲ့ကြတဲ့ ပရိသတ်တွေအနက် ၂၂ ဦးသေဆုံးခဲ့ရကာ အများအပြားထိခိုက်ဒဏ်ရာရခဲ့ကြပါတယ်။ အရီရန်နာရဲ့ ပရိသတ်အများစုဟာ ငယ်ရွယ်တဲ့ မိန်းကလေးတွေဖြစ်တာကြောင့် သေဆုံးခဲ့သူတွေထဲမှာလည်း မိန်းကလေးပရိသတ်တွေများတာကို တွေ့ရပါတယ်။

ယင်းပေါက်ကွဲမှုကြောင့် ကျန်ရှိနေတဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ရပ်နားခဲ့ပြီး လာမယ့်ဇွန် ၄ ရက်မှာတော့ မန်ချက်စတာမှာ ပြန်လည်ဖျော်ဖြေပေးသွားဖို့ စီစဉ်ထားပါတယ်။ ဒီတစ်ကြိမ်မှာတော့ အရီရန်နာဂရန်းဒ်နဲ့အတူ အခြားသော နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ မိုင်လီဆိုင်းရပ်စ်၊ ကတ်တီပါရီ၊ နီးဟော်ရန်စတဲ့ အနုပညာရှင်ပေါင်းများစွာက ပါဝင်အားဖြည့်ပေးသွားမှာဖြစ်ကာ သေဆုံးသွားခဲ့တဲ့ပရိသတ်တွေအတွက် ရန်ပုံငွေပွဲလည်းဖြစ်ပါတယ်။ မေ ၂၂ ရက်က အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲကို လာရောက်ကြတဲ့ ပရိသတ်တွေကိုတော့ အခမဲ့ ကြည့်ရှုခွင့်ပြုသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းဖျော်ဖြေပွဲအတွက် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာ မန်ချက်စတာသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကာ ထိခိုက်ဒဏ်ရာရခဲ့တာကြောင့် ဆေးရုံမှာ တက်ရောက်ကုသနေရဆဲဖြစ်တဲ့ ပရိသတ်တွေနဲ့ သွားရောက်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။



သူ့ရဲ့ပရိသတ်တွေအနက် ငယ်ရွယ်တဲ့သူတွေနဲ့တွေ့ဆုံခဲ့တာဖြစ်ပြီး မန်ချက်စတာ ကလေးဆေးရုံမှာ သွားရောက်တွေ့ဆုံခဲ့တာလည်းဖြစ်ပါတယ်။ အရီရန်နာဂရန်းဒ်ရဲ့ ရုတ်တရက်လာရောက်တွေ့ဆုံမှုကြောင့် ကလေးတွေပျော်ရွှင်ခဲ့ရပြီး အရီရန်နာဂရန်းဒ်နဲ့ တွေ့ဆုံခွင့်ရခဲ့တဲ့ ကလေးငယ်တစ်ဦးက သူ့ရဲ့ ဘုရင်မကို ဆုံခွင့်ရခဲ့ပြီဖြစ်ကြောင်း လူမှုကွန်ရက် မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ အရီရန်နာရဲ့ လာရောက်တွေ့ဆုံမှုအပေါ် အခြားသော ပရိသတ်တွေကလည်း ဝမ်းမြောက်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြပါတယ်။

မန်ချက်စတာပေါက်ကွဲမှုဖြစ်စဉ်အပြီး အမေရိကန်ကို ချက်ချင်းပြန်လည်ထွက်ခွာသွားကာ ထိခိုက်ဒဏ်ရာရခဲ့တဲ့ ပရိသတ်တွေကို လာရောက်တွေ့ဆုံတာမျိုးတွေ ပြုလုပ်ခဲ့ခြင်းမရှိတဲ့အတွက် တချို့က အရီရန်နာဂရန်းဒ်ကို ဝေဖန်ခဲ့ကြပြီး ဇွန် ၂ ရက်မှသာ အရီရန်နာက မန်ချက်စတာကလေးဆေးရုံမှာတက်ရောက်နေရတဲ့ သူ့ရဲ့ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ကြော်ငြာ


COME AND FIND YOUR PLACE

Visit us and find out more
www.leeds.ac.uk
www.facebook.com / UKEASMENTOR

ACADEMIC EXCELLENCE

The University of Leeds is one of the UK's Largest universities, world famous for its teaching and research



A CREATIVE & CULTURAL CAMPUS

Located in in the north of England, our single-site campus is just a short walk from the city centre

CONTACT US

Bld # 29 Rm # 11 Shwe Ohn Pin Estate Yanshin Steet, Yankin Township
(09) 420020816 / (09) 421062060
yangon@ukeasmentor.ac

UKEAS MENTOR

UNIVERSITY OF LEEDS



SHOCK PRICE

GRAND STYLE TILES EXPO'17

ALL TILES SALE 20% & OTHER ITEMS STOREWIDE

Jun 06 - Aug 31, 2017

Thiri Yadanar Wholesale Market Compound

600x600MM

Ks 2,700

Ks 2,900
Ks 2,350
3.0X457.20x457.20MM

2.0x152.4x1220MM
Ks 2,100
Ks 1,700


**သန်လျင်မြေကွက်ရောင်းရန်**

အောင်ချမ်းသာ(တိုးချဲ့-၂)
ထောင့်ကွက်၊ နေရာကောင်း
ဖုန်း-၀၉-၉၆၇၇၀၃၃၉၉၊
၀၉-၉၆၃၆၄၅၅၅၃

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ငါးဘတ်ချောင်းကျေးရွာ အထကမှ ဒသမတန်းကျောင်းသူ မရွှေရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းမောင် [၇/သနပ(နိုင်)၀၆၅၂၂၃]ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**

အဖ ဦးကိုကို၏သားဖြစ်သူ မောင်ဖြိုးကိုကို[၁၂/အစန(နိုင်)၂၁၆၂၇၅]၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၁၉၉၅ ရက်ဖြစ်သည်မှာ မှန်ကန်ပါကြောင်း။


PUN HLAING SILOAM HOSPITALS

ပန်းလှိုင်စီလုံဆေးရုံ နှလုံးကုသဌာန အထူးအစီအစဉ်
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပြီ...

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

ဇွန်လ | ၉ | ရက်နေ့မှ | ၁၁ | ရက်နေ့အထိ



LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၀၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

www.punhlaingsiloamhospitals.com



KMD Institute Since 1986



ပထမနှစ် အောင်မြင်ပြီးသူများအတွက်

Second Year Diploma in Computing

- IT Professional တစ်ယောက်ဖြစ်ရန် စာတွေသာမက လက်တွေ့ Software Project တစ်ခု ဖန်တီးကျမ်းရေးသား နိုင်မည် ဖြစ်ပါသည်။
- International Diploma(ပထမနှစ်)၊ Local Diploma (ပထမနှစ်)၊ GTC၊ ကွန်ပျူတာတက္ကသိုလ် နှင့် အလားတူအရည်အချင်းရှိသူများ တက်ရောက်နိုင်ပါသည်။
- ဒုတိယနှစ်အောင်မြင်ပြီးပါက နောက်ဆုံးနှစ်တစ်နှစ် အချိန်ထပ်ပေးရုံဖြင့် University of Greenwich (UK) ၏ B.Sc (Hons) Business IT Degree ရယူနိုင်ပါမည်။

| Opening Date | Opening Date | Opening Date |
|---|---|---|
| 15 June 2017 | 26 June 2017 | 24 June 2017 |
| 11:00 AM - 3:00 PM | 7:00 AM - 11:00 AM | 7:00 AM - 2:00 PM |
| (Mon - Fri) | (Mon - Fri) | (Sat - Sun) |

ဒုတိယနှစ် အောင်မြင်ပြီးသူများအတွက်

Final Year | B.Sc (Hons) Business IT

- University of Greenwich (UK) မှ ချီးမြှင့် မည့် Degree ဖြစ်ပါသည်။
- IADCS, LSDC, ABE, HND (EdExcel, SQA), Informatics, ကွန်ပျူတာတက္ကသိုလ်ပြီးထားသူများ နှင့် အခြား Advanced Diploma ရထားသူများတက်ရောက်နိုင်ပါသည်။
- နောက်ဆုံးနှစ်ပြီးဆုံးပါက Business and IT Skills နှစ်ခု စလုံး ရရှိမည် ဖြစ်ပြီး လက်တွေ့ လုပ်ငန်းခွင်တွင် အတွေ့အကြုံ ရရှိစေရန် Internship ဆင်းရန် စီစဉ်ပေးပါမည်။

| Opening Date | Opening Date |
|---|---|
| 19 June 2017 | 24 June 2017 |
| 4:00 PM - 6:30 PM | 1:00 PM - 5:00 PM |
| (Mon - Fri) | (Sat - Sun) |

CB BANK ဖြင့် သင်တန်းကြေးအရစ်ကျ ပေးသွင်းနိုင်ရန် စီစဉ်ပေးထားပါသည်။
နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

ISO

Route to International Degree

UNIVERSITY of GREENWICH

B.Sc(Hons)BIT (Final Year)

NCC

NCC

Bringing British Education To You

HotLine 09770867903

KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895

www.facebook.com/KMDNCC

မိုးရာသီ
အထူးအစီအစဉ်
မေလ(၂၇)ရက် မှ ဇွန်လ (၃၀)ရက်နေ့အထိ

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၅)ဆိုင်စလုံးတွင်
ကျပ်(၅)သိန်းဖိုးနှင့် အထက်ပထမဆုံး ဝယ်ယူသူ (၃၀)ဦးစီကို
ရွှေပြုဆွဲသီးများ ဓနစဉ်ချီးမြှင့်ပေးမည်။
ဓနစဉ်စုစုပေါင်းဆွဲသီး(၁၅၀) ခု

(2016 ASEAN BUSINESS INNOVATION AWARD) ဆုရ
Forever Gems by ရွှေနန်းတော်

နိုင်ငံတကာအဆင့်မီရွှေနန်းတော် စိန်ရွှေရတနာဆိုင်
(၂၃)နှစ် ပြည့်အထူးအစီအစဉ်
(ကျပ်သိန်းပေါင်း(၂၅၀၀) ကျော်ဖိုးချီးမြှင့်)
၂၀၁၇ မေလ (၁)ရက် မှ ၂၀၁၈ ဇန်နဝါရီ (၇)ရက်နေ့ထိ
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်(၅)ဆိုင်စလုံးမှဝယ်ယူသူများ



TOYOTA Brand New ကား (၂) စီး
(၅)ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၂)ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၁)ကျပ်သား ရွှေဆွဲကြိုး (၁၀)ကုံး

Sale 5 to 50%off

(၁)ကျပ်သား ရွှေဆွဲကြိုး အပါအဝင်
ချက်ချင်းပေါက်ချက်ချင်းယူ ဗလာမပါကံစမ်းမဲများ

၂၀၁၇ ဇန်နဝါရီ(၁)ရက် မှ ၂၀၁၈ ဇန်နဝါရီ (၇)ရက်နေ့ထိ
အများဆုံးဝယ်ယူသူ(၂၅)ဦး
(၁၀)ကျပ်သားအပါအဝင်ရွှေသားထည်များချီးမြှင့်ပေးမည်။

| | | | | |
|---|---|---|---|---|
| ဆိုင်(၁)- လမ်းမတော်သံချောင်းရှေ့ | ဆိုင်(၂) - မဟာဗန္ဓုလလမ်း(၁၉)လမ်းထိပ် | ဆိုင်(၃) - Junction Square | ဆိုင်(၄) - Myanmar Plaza | ဆိုင်(၅) - Junction City |
| Ph- 01-210572, 229409 | Ph- 01-211728, 226977 | Ph- 09-73145462,09-731 45463 | Ph- 09-265399966, 09-265399977 | Ph- 09-451888836, 09-451888837 |

SUPER ONE
Shopping Center









COMING SOON

အမှတ်(၁၂၅၉) နဝဒေးဥယျာဉ်အိမ်ရာ၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာ

ဆိုင်ခန်းငှားရမ်းလိုသူများနှင့် ပစ္စည်းအမယ်သစ်မိတ်ဆက်လိုသူများ ရုံးချုပ်သို့
ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

ရုံးချုပ်။ ။အမှတ် (၆၆)၊ ၁၂၄ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
Ph : 01 202256, 202294, 202297 Fax : 01 201770




အိမ်အရောက် Guide သင်ပေးသည်။
၁၀တန်းကျောင်းသား/သူများကို စိတ်ရှည်စွာ ကျွမ်းကျင်သော ဆရာ/မများကိုယ်တိုင် အိမ်တိုင်ရာရောက် သင်ကြားပေးသည်။
09-5156557







**wpfDnfzpfyaumif**

နေပြည်တော်
ဦးတိတ်လွင်[၁၄/နဖန(နိုင်)၀၅၅၅၄၄]နှင့် ဦးပေါက်ယူချမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးတိတ်လွင်(ခ) ဦးပေါက်ယူချမ်း

အလိုရှိသည်
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်းတွင်
- Driver (၁) ဦး
Ph: 09 73226006,09 401505559

ခေတ်မီမြေဖုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
















လမင်းမိုမို
ရခဲ့သမျှ အရာရာ

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၂၈)နေ ဦးတင်အုန်း-(ဒေါ်ခင်စိန်)တို့၏သမီးငယ် မသီသီဆွေ[၁၂/ဒပန(နိုင်)၀၂၆၁၁၁]သည် မိဘညီအစ်ကိုမောင်နှမများ ခွင့်မလွှတ်နိုင်သော ကိစ္စပြုလုပ်သွားပါသဖြင့် ကြီးစွာသောစိတ်ဆင်းရဲခြင်းနှင့် ဂုဏ်သိက္ခာညှိုးနွမ်းခြင်းတို့ဖြစ်ရသည့်အတွက်ကြောင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် နောက်နောင်ဂရင်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်မယူပါ။(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးတင်အုန်း-(ဒေါ်ခင်စိန်)**

**အများသိစေရန်နှင့် သတိပေးတားမြစ်ချက်**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ပေါက်တန်းရပ်ကွက်၊ ကွင်းအမှတ်(၂၉၈)၊ မြေအမျိုးအစား $R_3$၊ ဦးပိုင်အမှတ်(၁၁-ဃ)၊ အကွက်အမှတ်(၅၅)၊ (၅၆)၊ (၅၇)၊ ဧရိယာ(၄. ၁၈)ဧကရှိမြေ(အနောက်ပိုင်းတက္ကသိုလ်လမ်းမကြီးမေးတင်)နှင့် အကျိုးခံစားခွင့်အားလုံးသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်အေး[၇/ဝမန(နိုင်)၀၇၇၀၄၅]၊ အေးချမ်းသာယာ(၂)လမ်း၊ ဝေါမြို့၊ ပဲခူးတိုင်းဒေသကြီးနေသူက ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်ကြည်ကြည်အေး၏ ခွင့်ပြုချက်မရှိဘဲ ထိုမြေအတွင်း တရားမဝင် ဝင်ရောက်ခြင်း၊ တရားမဝင်ခွဲစိတ်ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်သူများရှိပါက ထိရောက်စွာဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်လိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရွှေလှိုင်တင်**
**B.A,H.G.P,PGDL,DBL**
**(စဉ်-၁၀၆၈၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၆/၃၈) (၅)လွှာ၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇**

## အထူးပင်ဂုဏ်ယူဝမ်းမြောက်ခြင်း။

စာရေးဆရာ မောင်ခေတ်ထွန်း ( ဦးဝင်းမောင်၊ မြန်မာနိုင်ငံစိတ်ပညာအသင်း တွဲဖက်အတွင်းရေးမှူး) သည် သုတစွယ်စုံ မီဒီယာဂရု(ပ်) က ချီးမြှင့်မည့် (၁၂) ကြိမ်မြောက် သုတစွယ်စုံစာပေဆုတွင် "မြန်မာအမျိုးသမီးစာရေးဆရာများ၏စာပေရှုထောင့်မှ" "တအုပ်မြင် ရည်ညွှန်းစာပေဆု ဆွတ်ခူးရရှိသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံစိတ်ပညာအသင်း
အမှတ် (၂၁)၊ (၉) လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၁၆၈၆

DADDY (ဖယ်ရီ)
ဘားအံ၊ ဂူဝီး၊ ဝူ၊ ချစ်သူမြိုင်
ဖယ်ရီခ 37000 မေလ၊ ဇွန်
June-2,9,16,23,30
09 448001903,09-440334848

ရှေးဦး၊ ပုသိမ်၊ မျှားပုံ
အရောက်ပို့
ပွဲတော်အုပ်ဆန်ဆိုင်
01-512443,09-5055574

# အသည်း၊ ကျောက်ကပ်၊ အရိုး ရောဂါရှင်များအတွက် သတင်းကောင်း

Indraprastha Apollo HOSPITALS
TOUCHING LIVES
Organised By
WeCare Health Care Services

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံရှိ အသည်း၊ ကျောက်ကပ်၊ အရိုး အထူးကုဆွဲစိတ်ဆရာဝန်ကြီးများမှ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ ဟောပြောမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။
ကျန်းမာရေးနှင့်ပတ်သတ်သော စိတ်ဝင်စားဖွယ်ရာအမေးအဖြေကဏ္ဍများလည်း ထည့်သွင်းပေးထားပါသည်။

ကျောက်ကပ်အထူးကုခွဲစိတ်ဆရာဝန်ကြီး
Dr.(Prof.) Sandeep Guleria

အသည်းအထူးကုခွဲစိတ်ဆရာဝန်ကြီး
Dr. Neerav Goyal


အရိုးအထူးကုခွဲစိတ်ဆရာဝန်ကြီး
Dr. Havind Tandon

၁၀.၆.၂၀၁၇ (စနေနေ့)တွင် မန္တလေးမြို့ နှင့် ၁၁.၆.၂၀၁၇ (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့များ၌ ဟောပြောပွဲများ ကျင်းပမည်ဖြစ်ပါသည်။

ဆက်သွယ်စာရင်းပေးရန် → ရန်ကုန် - 09 730 43351, 09 95 730 4351
မန္တလေး - 09-977 339 477, 09 512 0118
Find us on Facebook
WeCareHealthCareServices

The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်မှတ်လုပ်ငန်းသုံးပစ္စည်း
အထောက်အကူပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ

Back @ MCC
FOOD & HOTEL 2017
Myanmar
7- 9 JUNE 2017
Myanmar Convention Centre (MCC)
Yangon (10.00 -18.00 Hrs.)
Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA



The Industry's Choice
Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

Register at
www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519

ရွှေမင်းကြိုး
အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အမြဲကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂ ၅၉၀၀၃၄

IELTS 09-5136158
09-965136158
ဆရာသန်းနိုင် Dip in English (YUFL)
SECURE A PASSPORT TO A BRIGHTER FUTURE BY LEARNING WITH SAYA AND SHARPEN YOUR 4 SKILLS WITH IELTS
ပညာဒါနတန်းခွဲများရှိသည်။
Foundation Classes(3 Month)
Exam Preparation (3 Month)

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ငေိုးရိပ်(၃)(၆)(၈)(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိတိုက်ခန်းများကို အမြန်ရောင်းမည်။ (B.C.C၊ မီတာရရှိပြီး)
ဖုန်း။ 09-254111883, 09-785401011

SYP
ဒေါ်ဆားရိုးမင်
အုတ်ကျောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
ကိုအန်းနိုင် + မရိုးရိုးဘေး
Ph: 645757, 095408777, 095145162, 0973021997, 09455081166,09-965145162

" တိုက်ခန်းရောင်းမည် "

ရောင်းမည်။ လုံးချင်း/မြေ (2 in 1 Style စီးပွားဖြစ်လုပ်နေ)
စီးပွားရေး/နေရာကောင်းက အလွန်ရခဲတယ်။
၂ ၈/၂ RC ပေ (၂၀x၆၀)၊ နှစ် (၆၀)ဝရန်း၊ ရေ၊ မီတာ (၂)လုံး၊ ကြိုးဖုန်း၊ မီးစက်၊ C.C.T.V (၁၀)
အပေါ်ထပ် (၁)ထပ် အသင့်နေထိုင်နိုင်သည်။
3BR၊ 1 Living Room၊ 1 Bath၊ 1 Kitchen၊ 2 AC ပေါ်လည်းမိခင်ကို ကျွန်းပါတော်မင်း
ကျွန်းအခန်းဖွဲ့
မြေညီ+ထပ်ခိုး ၁၈/၂ ထပ် လက်ရှိလုပ်ငန်းကောင်းဆဲ၊ စီးပွားဖြစ်ဆဲနေ့စဉ်ဝင်ငွေကောင်းဆဲ
လူစည်ကားဆုံး၊ စီးပွားရေးလုပ်ငန်းမျိုးစုံလုပ်ရန်အကောင်းဆုံး၊ ဈေးကောင်း၊ ကားမှတ်တိုင်နီး
ရန်ကုန်မြို့ ၊ တောင်ဥက္ကလာပမြို့နယ်အလယ်လမ်းမကြီးဖြစ်သောသုမင်္ဂလာလမ်းမကြီးပေါ်၊
နေ့ဝန်ဈေးရှေ့၊ ပတ္တမြားရေးအနီး။ ဖုန်း -09 972131444, 09-43176339

ရွှေတိဒီနရီ (MOVING HOUSING SERVICE)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကရိယာ၊
ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီးကားများနှင့်
အလုပ်သမားများ တပါတည်း ပြောင်းရွှေ့ပေးနေသည်။
(မြို့တွင်း / နယ်စပေး)
Ph: 09 2532 77776, 09 2532 66667
09 2532 66668, 09 2532 66669

ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားဆေးမောင်း--စက်ပြင်သင်တန်း
သိမ်ဖြူ- 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ဝရုံ- 09-260111942, 09420066955
09-440051112, 09-44051113

Konica ရွှေချောင်ရှုပ် ဓါတ်ပုံစတူဒီယို

Pre-Wedding ရိုက်ကူးသူတိုင်း

50% OFF

(၁၀.၆.၂၀၁၇) မှ (၃၀.၆.၂၀၁၇) အထိ

မိုးရာသီ **Promotion**

လမ်းမတော် ရွှေချောင်ရှုပ်
အမှတ်(၇၀)၊ လှည်းတန်းလမ်း၊
လမ်းမတော်မြို့နယ်။
၀၁-၂၂၅၀၀၄

ကမာရွတ် ရွှေချောင်ရှုပ်
အမှတ်(၃၆)၊ အင်းစိန်လမ်းမ၊
လှည်းတန်းသီးရုံရှင်အနီး၊ ကမာရွတ်မြို့နယ်။
၀၁-၅၂၅၃၀၄

ကျောက်တံတား ရွှေချောင်ရှုပ်
အမှတ်(၁၃၄)၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်။
၀၁-၂၅၆၂၅၁

SAMSUNG
DAY | June 2017

ဇွန်လ(၁)ရက်နေ့မှ (၅)ရက်နေ့အထိ
Samsung Smartphones နှင့် Tablets တွေ ဝယ်ယူပြီး
လက်ဆောင်များ ရယူလိုက်ပါ...

ကျပ် ၅၀၀,၀၀၀ အထက်
ဝယ်ယူသူတိုင်းအတွက်



ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀
အထိ ဝယ်ယူသူတိုင်းအတွက်



ကျပ် ၂၀၀,၀၀၀ အောက်
ဝယ်ယူသူတိုင်းအတွက်




samsungmobilemyanmar | samsungmyanmar | mySamsung.com/mm | samsung.com/mm
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shop များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center 01 2399 888 (Mon-Sun) 7AM to 11PM

သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့




Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made in JAPAN
3 YEARS




SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 12 May 2017 to 12 May 2018
MPT
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး အခမဲ့
အင်တာနက် လစဉ် 1.5 GB (၆) လ ရယူပါ။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM


Red Bull
အသစ်!
กระทิงแดง
KRATINGDAENG
RedBull
ENERGY DRINK
ကျွဲရိုင်း ရဲ့
အသစ်ပြောင်းလဲလိုက်သော
အလှူမိန့်ယံဘူးသစ်
TAURINE
Taurine က ခန္ဓာကိုယ်ဖွဲ့ စည်းပုံကို တိုးတက်စေတယ်။
စွမ်းဆောင်ရည်ကို မြှင့်တင်ပြီး အာရုံစူးစိုက်မှုကို အားကောင်းစေတယ်။
Taurine
B-COMPLEX
B-Complex က ဦးနှောက်နဲ့ အာရုံကြောကို
အထောက်အကူ ဖြစ်စေပြီး တွေးခေါ် စဉ်းစားမှုကို ထက်မြက်စေတယ်။
B Complex
CAFFEINE
ခန္ဓာကိုယ်လှုပ်ရှားမှုနှင့် တွေးခေါ် စဉ်းစားမှုကို
လန်းဆန်းထက်မြက်စေတယ်။
Caffeine
PACK OF 6 CANS
Red Bull
Red Bull Myanmar ကို Like လုပ်ခြင်းဖြင့်
ပျော်ရွှင်စရာ အတွေ့အကြုံများကို ရယူခံစားလိုက်ပါ။
https://www.facebook.com/redbullmyanmar/
ဆိုင်တိုင်းတွင်
အလွယ်တကူ
ရနိုင်ပါပြီ။

## ဒေါက်တာဦးထင်မင်းဆွေ
**M.Med.Sc (Mental Health)**
**အသက် (၄၆)**

ဖားကန့်မြို့နေ ဦးမြင့်ဆွေ-ဒေါ်ခင်စန်းမြင့်တို့၏ သားငယ်၊ ဒေါက်တာဦးထင်လင်းဆွေ၏ညီ၊ အမှတ်(၆၆)၊ မြေညီ(ဝဲ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ ပုသိမ်ညွန့်ရပ်ကွက်နေ ဒေါ်ကေသီနိုင်၏ ခင်ပွန်း၊ မောင်လှိုင်သူရ၏ဖခင် ဒေါက်တာဦးထင်မင်းဆွေသည် ၁-၆-၂၀၁၇ (ကြာသပတေးနေ့) ည ၇း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၁၇ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇန (ကွန်ဒို)၊ တိုက်(C)၊ အခန်းအမှတ်(D-6)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စောမြရီ [၁၂/ဗဟန(နိုင်)၀၀၆၄၈၀]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဥမ္မာသျှား(ကွယ်လွန်)[၁၂/ဗဟန(နိုင်)၀၉၂၁၅၄]၏ ကိုတ္တိမအမွေစား အမွေခံသားဖြစ်သူ ဦးကျော်ဇေယျ[၁၂/ဗဟန(နိုင်)၀၄၉၁၈၉]က ပိုင်ဆိုင်မှုအမည်ပြောင်း လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၈/A၊ မြေကွက်အမှတ်-၆၏ အစိတ်အပိုင်းဧရိယာ ၆. ၅၁ဧက၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ်-၃၂၊ ခူဝဲလမ်း၊ ၂(က)စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်မြေအား နှစ်ပေါင်း(၂၀)ခန့်ကတည်းက မူလပိုင်ရှင်နေထိုင်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူနေထိုင်လျက်ရှိပါကြောင်း အမှတ်(၂)(က)စံပြရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ခြံမြေပိုင်ဆိုင်ကြောင်းနှင့် အိမ်ဂရန်ထုတ်ပေးနိုင်ပါရန် ထောက်ခံစာ၊ ယာယီအိမ်ထောင်စုစာရင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပေးဆောင်သည့် အခွန်ပြေစာ (အထွေထွေခွန်၊ လမ်းမီးခွန်၊ သန့်ရှင်းရေးဆောင်ရွက်ခ၊ ပစ္စည်းခွန်)တို့ကို တင်ပြ၍ ဒေါ်အေးမင်းမော်[၆/ထဝန(နိုင်) ၀၀၃၃၀၉]၊ ဒေါ်ငြိမ်းနှင်းစိုး[၆/ထဝန(နိုင်)၀၆၈၄၂၅]တို့မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မူးယစ်
# ကိုပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

## လွမ်းတသသ
## ဦးရဲတင့်(ခ)ဦးဒေါ်န (ရုပ်ပြ၊ရုပ်ရှင်ဗီဒီယိုဒါရိုက်တာ)
## (၁၉-၆-၂၀၁၅) (၂)နှစ်
## ဒုတိယဗိုလ်မှူးကြီးကျော်ထင်အောင်
## စစ်တက္ကသိုလ်အပတ်စဉ်(၄၁)
## (၄-၆-၂၀၁၄) (၃)နှစ်

သားတို့ တူအရီးကို တစ်နေ့မှမမေ့မရပါ။

ဒီနေ့တွင် သားတို့တူအရီးအားရည်စူး၍ ]a&Tule;&wen pmoifwlif ကြီးမှာ သက်န်းပရိက္ခရာအစုံနှင့် ဆွမ်းကပ်လှူဒါန်းပြီးဆွမ်းဆန်စိမ်းများ လှူဒါန်းကုသိုလ်ပြုနေပါသည်။

နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုများကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ် အမျှယူပါတော့သားတို့ရယ်. . .

**ဖေဖေ-ဦးအောင်ကျော်ညွန့်၊ မေမေ-ဒေါ်စောမြတ်ရီ**
**ဦးရဲတင့်(ခ)ဦးဒေါ်န၏ဇနီး ဒေါ်စန်းစန်းဝင်း၊ သမီးရွှေအိမ်စည်**
**ကိုကြီး-ဦးကျော်ဇေယျ-ဒေါ်မေသီအောင်**
**(မန္တလေး-ဘုရင်သက်န်းတိုက်)**
**ကိုလေး-ဦးကျော်ဇင်သန့်-ဒေါ်ငြိမ်းငြိမ်း(ခေတ္တ-စင်ကာပူ)**
**သား၏ချစ်ဇနီး မခိုင်သဉ္ဇာဦး**
**သား-ရဲမာန်အောင်၊ အောင်ကောင်းမြတ်**

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ကိုပြည့်ဖြိုးကျော်
## အသက်(၃၁)နှစ်
**Soft.ware Eng,(Assentic Co.Singapore)**
**M.C.S.C,B.C.S.C(2002-2009)**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**
**T.T.C ကျောင်းသားဟောင်း(၁၉၉၁-၂၀၀၁)**

သားငယ်လေး ၂၀၁၆ခုနှစ်၊ မေလ ၃၁ရက်၊ (အင်္ဂါနေ့)နံနက်(၂း၂၀)နာရီတွင် Singapore နိုင်ငံ Mt.Alverniaဆေးရုံ၌ ဆေးဝါးကုသမှုခံယူရင်း မိသားစုကို ခွဲခွာသွားတာ (၁)နှစ်ပြည့်ခဲ့ပြီဖြစ်ပေမယ့် သားငယ်လေးကို တစ်နေ့မှ မမေ့နိုင်ခဲ့ပါ။

လိမ္မာယဉ်ကျေးတဲ့ သူတော်ကောင်းသားလေးမို့ နှမြောတမ်းတရပါတယ်။ မိဘတွေကို လိုလေသေးမရှိရအောင် လုပ်ကျွေးပြုစုခဲ့တဲ့သားလေး စိတ်ထားဖြူစင်ပြီး ဘာသာတရားကိုယုံကြည်လေးစားအားထားတဲ့ သားလေးမို့လည်း အထူးသတိရအောက်မေ့နေမိတယ်။

ဝိပဿနာတရားကိုလည်း ပေါက်ပေါက်မြောက်မြောက် ကြိုးစားအားထုတ်ပြီး မိဘတွေကျေနပ်ပီတိဖြစ်ရအောင်ပေးစွမ်းနိုင်ခဲ့တဲ့ သားငယ်လေးတစ်ယောက် မြင့်မြတ်တဲ့အထက်ဘုံဗိမာန်မှာ ရောက်နေတယ်ဆိုတာ သိရလို့လည်း သားငယ်အတွက် စိတ်အေးရပါတယ်။

နေ့စဉ်၊ လစဉ်သားငယ်အတွက် ပြုလုပ်ပေးနေတဲ့ ကုသိုလ်ဒါနတွေကိုလည်း နေ့တိုင်း သားငယ်လေးကို အမျှပေးဝေကြပါတယ်။

သားငယ်လေးရောက်နေတဲ့ အထက်ဘုံဗိမာန်မှသိရှိပြီး သာဓုအနုမောဒနာတွေ ခေါ်ဆိုနိုင်ပါစေ။ သားငယ်လေး ရည်မှန်းထားတဲ့ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ အေးချမ်းပြည့်စုံသော နိဗ္ဗာန်ဘုံနန်းကြီးသို့လည်းယခုတစ်ဘဝတည်းနှင့်စောလျင်စွာ ကူးပြောင်းဝင်ရောက်နိုင်ပါစေ။

**သားငယ်လေးကို တစ်နေ့မှမမေ့မရတဲ့**
**ဖေဖေ-ဦးလှိုင်ဝင်း**
**မေမေ-ဒေါ်သင်းသင်းဌေး**
**ကိုကို-ကိုရဲဝင့်သူ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**
**အသက် (၄၅) နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary,P.I.S.M)တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊ TTC) ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**
**အသက် (၄၅) နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary,P.I.S.M) တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊ TTC) ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## သွေးသည် အသက်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**
**အသက် (၄၅) နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary,P.I.S.M)တို့၏ချစ်လှစွာသော ဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊TTC) ၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ (သောကြာ နေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဇနီးနှင့်ဝန်ထမ်းမိသားစုများ**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**
**အသက် (၄၅) နှစ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary,P.I.S.M)တို့၏ချစ်လှစွာသော ဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို(ဆရာမ-ငြိမ်း၊TTC)၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဇနီးနှင့်ဝန်ထမ်းမိသားစုများ**
**သာသနာရေးဦးစီးဌာန၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**
**အသက် (၄၅) နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary,P.I.S.M)တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊ TTC) ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**
**အသက် (၄၅) နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary,P.I.S.M)တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊ TTC) ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## တစ်နှစ်ပြည့်အောက်မေ့ဖွယ်ရာ
## ဦးမောင်မောင်အေး(a) Tony Htwe

ရန်ကုန်ပြည်သူ့ဆေးရုံကြီး (၄-၆-၂၀၁၆မှ ၄-၆-၂၀၁၇) ဘုရားသခင်နှုတ်ကပတ်တော် တရားနှင့်အညီ လိုက်လျှောက်ခဲ့သော ကျေးဇူးရှင်လေးလေးပေါက် ခွဲခွာသွားသည်မှာ တစ်နှစ်ပြည့်ခဲ့သော်လည်း သမီးလေးနေ့စဉ် အောက်မေ့သတိရလျက်ရှိပါသည်။

**ချစ်သမီးလေး နှင်းနှင်းထွေး(မိပုတ်)**

## ဦးတင်ဝင်း အသက် (၇၀)
**(ပျဉ်းမနား-မောင်နီသင်း)**
**လက်ထောက်ညွှန်မှူး(ငြိမ်း)၊ ပညာရေးသုတေသန**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်၊ တိုက်(၁၆)၊ အခန်း(၂)နေ ဒေါ်ရီရီမြင့်(အထပြ၊ အထက-၃၊ ကမာရွတ်-ငြိမ်း)၏ခင်ပွန်း၊ ကိုထွန်းထွန်းဦး-မဝတ်ရည်သင်း(Myanmar United Channel)၊ ကိုသိန်းဝင်း (Exera Co.,Ltd)-မဝတ်ရည်သင်း(N.E.L.C)၊ ကိုအုပ်စိုးသင်း-မခိုင်ဇင်ဦး (ခေတ္တ-မလေးရှား)၊ ဗိုလ်ကြီးပြည့်စိုးသင်း(မြိတ်) တို့၏ဖခင်၊ အာကာဦး(၇-တန်း-B၊ ကမာရွတ်)၊ သွန်းနှင်းစံ( ၁ တန်း၊ T.T.C လှိုင်)တို့၏အဘိုး ဦးတင်ဝင်းသည် ၂-၆-၂၀၁၇ (သောကြာနေ့) နံနက် ၁း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဌေးအောင်(ခ)ဦးဖိုးတာ (၆၄)နှစ်
**မြိတ်မြို့**

ရန်ကုန်မြို့၊ အမှတ်-၂၆၆၊ ပထမထပ်(ဝဲ)၊ ၃၉လမ်းနေ (ဦးထွန်းတင်-ဒေါ်ငွေသက်)တို့၏သား၊ (ဦးရိမ်းဖေ-ဒေါ်လှရှင်)တို့၏ သားသမက်၊ ဒေါ်လှလှသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထိန်လင်းထွဋ်-မခင်သော်တာအောင်၊ မခင်သဉ္ဇာအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး ဦးဌေးအောင်သည် ၂-၆-၂၀၁၇ (သောကြာနေ့) နံနက်၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## Prof.Dr.Nang Suan Kham (58)
**B.A(Hons);MA (History); M.Res;Ph.D**
**East Yangon University (EYU)**

တီးတိန်မြို့နယ် Saizang ရွာဖွား၊ Tualzangရွာနေ(Pu Gin Khua Tual,1966-Pi Luan Lang Cing,1970)တို့၏သားထွေး၊ (Pu Morgan Suan Khen Mang,2010)-Pi Rang Cung တို့၏ သားသမက်၊ အမှတ်(၁၅၀)၊ ခုနစ်လွှာ(B)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ Pi Cin Khan Niang၏ ချစ်လှစွာသောခင်ပွန်း၊ Rev.Ngul Cin Thang(MEGST,Yangon)-Pi Malsawmi,(Pi Ciin Do Cing,2012)-Pu Zam Khaw Lian(Tiddim),Pu Pau Khaw Kam-Pi Zam Khan Man (Indianapolis),(Pa Khai Za Cin,2013)၊(Nu Ning Do Cing,2009),Pi Cing Sian Vung,Kalemyo;Rev. Lian Za Vung-Rev.S Tual Za Pau(Kalemyo)တို့၏ညီ/မောင်၊Tg.Tual Lian Thang,Pa Mang Sian Mung-Nu Yee Mon Aung,Tg.Kam Suan Khai(BA-Final,Dagon University),Lia Cing Suan Lun(3rd year,WYTU;2nd year,LAP,Business Major,MIT) တို့၏ဖခင်၊ Tg.Kham Sawm Piang,Lia Niang Lian Cingတို့၏အဘိုးသည် ၂-၆-၂၀၁၇ ရက် နံနက် ၇း၃၀ နာရီတွင် ရန်ကုန်မြို့၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် Tedim Baptist Church,Yangon (TBC-Y)ဘုရားကျောင်း(၁၅၆၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်)တွင် ဈာပနဝတ်ပြု အစည်းအဝေးပြုလုပ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းတော်သားများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်အောင်လှ (၄၆) နှစ်
**ကမ္ဘာ့ရတနာဘဏ်လီမိတက်၊ ဝေါဘဏ်ခွဲတာဝန်ခံ၊ မန်နေဂျာ**

ရန်ကုန်မြို့နေ (ဦးလှ-ဒေါ်လှကြည်)တို့၏သားထွေး၊ ဦးကြည်လွင်-ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ပြုံးတို့၏သားသမက်၊ သထုံမြို့နေ (ဦးမြင့်စိုးညွန့်)-ဒေါက်တာအေးအေးလှ၊ ရန်ကုန်မြို့နေ ဦးခင်မောင်လှ-ဒေါ်မာမာဆွေ၊ ဦးမြင့်ဦး-ဒေါ်တင်တင်လှတို့၏ချစ်လှစွာသောညီ/မောင်၊ ဒေါ်ဇင်မာလွင်(ခ) အိတုံ (လက်ထောက်မန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်ခွဲ-၁)၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ပိုင်မင်းခန့်၊ မောင်ဇေယျာထွဋ်တို့၏ ချစ်လှစွာသောဖခင်သည် ၁-၆-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၇(စနေနေ့) မွန်းလွဲ ၁နာရီတွင် မြဝတီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၇ (တနင်္လာနေ့) နံနက် ၆ နာရီမှ ၁၁ နာရီအထိ (၂)ရပ်ကွက်၊ ဆင်းရွှေလီ(၃)လမ်းရှိ ဦးကြည်လွင်-ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ပြုံးတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
**ကြည်း ၂၅၇၄၄ (တေဇ-၂၁)**
**အသက် (၄၅) နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary,P.I.S.M) တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို(ဆရာမ-ငြိမ်း၊ TTC) ၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**တေဇ(၂၁)သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးသိန်းမောင်**
**အသက်(၉၃)နှစ်**
**မြို့နယ်ဦးစီးမှူး၊ မြို့နယ်စာရင်းရုံး(ငြိမ်း)**

ဦးဝင်းထွဋ် Chief Engineer (NGWE EAIN MIN CO.,LTD)၏ ဖခင်သည် ၁-၆-၂၀၁၇ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် အတူထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**NGWE EAIN MIN Co.,Ltd**
**ဝန်ထမ်းမိသားစုများ**

# ရွာလုံးကျွတ်ပြောင်းရွှေ့မည့်အခြေအနေမှ ကင်းလွတ်သွားသည့် မြောက်စည်းကျေးရွာ

**ကလေး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် မြောက်စည်းကျေးရွာသည် မဏိပူရမြစ်(ခေါ်) နန်းကသဲချောင်းကမ်းပါးဘေး၌ တည်ရှိပြီး မိုးရာသီရောက်တိုင်း ကျေးရွာအနီး ချောင်းကမ်းပါးကို ရေတိုက်စားခြင်းကြောင့် နှစ်စဉ်နှစ်တိုင်း ပြိုကျလျက်ရှိရာ ရွာလုံးကျွတ်ပြောင်းရွှေ့ရမည့် အခြေအနေသို့ရောက်ရှိသော်လည်း ယခုအချိန်၌ ချောင်းကမ်းပါးကို သံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ပြီးစီးခြင်းကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့ရမည့်အခြေအနေမှ ကင်းလွတ်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသံခြင်းအခြေပြု ကျောက်စီမြေထိန်းနံရံကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ သန်းအကုန်အကျခံ၍ အလျား ပေ ၈၄၀ နှင့် အမြင့်ဆုံးနေရာ ၉ ပေဖြင့် နိုင်လင်းကျော်ကုမ္ပဏီလီမိတက်မှ ဖေဖော်ဝါရီ ၅ ရက်က စတင်တည်ဆောက်ခဲ့ရာ မေ ၁၇ ရက်တွင် လုပ်ငန်းဆောင်ရွက်မှုရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို တာဝန်ရှိသူများက ဇွန် ၃ ရက်နံနက်ပိုင်းတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**


ကျောက်စီမြေထိန်းနံရံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပူးတွဲသရေပွဲ အများဆုံးဖြစ်ခဲ့

**ရန်ကုန် ဇွန် ၃**

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲတွင် သုံးချီပွဲ ခုနစ်ပွဲ၊ လေးချီပွဲ နှစ်ပွဲနှင့် ငါးချီပွဲ တစ်ပွဲတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ ပထမဆုံး ယှဉ်ပြိုင်သည့် သုံးချီ ပွဲတွင် ကြယ်စင်ထွန်း(အဖြူရောင်သွေးသစ်) နှင့် ဒေါင်းသတ္တိ(ဒေါင်းမြန်မာ)တို့ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂ မိနစ် ၅၆ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် ကြယ်စင်ထွန်း (အဖြူရောင်သွေးသစ်)က အနိုင်ရခဲ့သည်။ ဖိုးလပြည့်(ဒေါင်းမြန်မာ)နှင့် ဂျိုကာ (အဖြူရောင်သွေးသစ်)တို့ ပွဲစဉ်မှာ ဘယ်ညာလက်သီးချက်များ ကောင်းကြသော်လည်း သရေပွဲဖြစ်ခဲ့သည်။ ငြိမ်းချမ်း(နဂါးမာန်)နှင့် နဂါးနိုင် (ဇာတိမာန်)တို့ ပွဲစဉ်တွင်လည်း ညာခြေကန်ချက်၊ ဖြောင့်လက်သီးများဖြင့် အပြန်အလှန်ထိုးသတ်ခဲ့ကြသော်လည်း သရေပွဲဖြင့် အဆုံးသတ်ရသည်။ နိုင်အောင်မိုး (AMT)နှင့် စက်မှုကျော်ကြီး (ရိုးရာအားမာန်)တို့ သုံးချီပြည့်ယှဉ်ပြိုင်ကြသော်လည်း အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့ကြသည်။

သုံးချီ ငါးပွဲမြောက်အဖြစ် ကျားရိုင်း (ကျားဘုရင်)နှင့် ကရင်သွေး (ရိုးရာအားမာန်) ပွဲစဉ်တွင် တတိယအချီ စက္ကန့် ၅၀ အရောက် ကျားရိုင်း(ကျားဘုရင်)၏ ညာခြေဖြတ်ကန်ချက်ကြောင့် ကရင်သွေး (ရိုးရာအားမာန်) မှာ မထနိုင်တော့ဘဲ ကျားရိုင်းကို အရှုံးပေးလိုက်ရသည်။ စိုးမိုးနိုင် (AMT) နှင့် သူရအောင် (ရိုးရာသွေး)တို့ ပွဲစဉ်တွင် စိုးမိုးနိုင်၏ ဖြောင့်လက်သီး၊ ဘယ်ဝိုက်လက်သီးချက်များဖြင့် သူရအောင်မှာ ပထမအချီ အမှတ်စဉ်ရေ၊ ဒုတိယချီ အနားတောင်းခဲ့ရသော်လည်း အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်ခဲ့သည်။ သုံးချီနောက်ဆုံးပွဲစဉ်အဖြစ် ဆန်းထွန်း (ရိုးရာအားမာန်)နှင့် ဘဝမ်း(နဂါးမာန်)တို့ပွဲတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂**


**ရီးယဲလ်နှင့် စပိန်တိုက်စစ်မှူးဟောင်း မိုရီယန်တေးစ် မြန်မာ့ရိုးရာအားကစားနည်းဖြစ်သော ခြင်းလုံးခတ်ကစားနည်းကို သရုပ်ပြကစားနေစဉ်။**

# ရီးယဲလ်တိုက်စစ်မှူးဟောင်း မိုရီယန်တေးစ် ခြင်းလုံးခတ် သရုပ်ပြ

**ရန်ကုန် ဇွန် ၃**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရီးယဲလ်မက်ဒရစ်နှင့် စပိန်တိုက်စစ်မှူးဟောင်း မိုရီယန်တေးစ်သည် ယနေ့ညနေပိုင်းက YUSC ကွင်း၌ မြန်မာလူငယ်ကစားသမားများနှင့် ဘောလုံးကစားပြီး ခြင်းလုံးခတ်သရုပ်ပြသခဲ့သည်။

မိုရီယန်တေးစ်သည် ညနေ ၃ နာရီတွင် YUSC ကွင်းသို့ ရောက်ရှိလာခဲ့ပြီး ယင်းကွင်းတွင် ဘောလုံးကစားနေသည့် လူငယ်ကစားသမားများနှင့် မိနစ်ပိုင်းကြာ သရုပ်ပြသကစားခဲ့သည်။ ဘောလုံးကစားအပြီးတွင် မိုရီယန်တေးစ်သည် မြန်မာ့ရိုးရာအားကစားနည်းဖြစ်သော ခြင်းလုံးခတ်ကစားနည်းကို မြန်မာလူငယ်များနှင့် ဝိုင်းဖွဲ့ကစားခဲ့ပြီး သရုပ်ပြသကစားခဲ့သည်။ မိုရီယန်တေးစ်သည် ညပိုင်းတွင်ကျင်းပသော ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအား Eclipse Bar ၌ မြန်မာပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။ မိုရီယန်တေးစ်သည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ဆုဖလား သုံးကြိမ်ရရှိခဲ့ပြီး ဥရောပထိပ်သီးကလပ်အသင်းများတွင် ပါဝင်ကစားခဲ့သည်။ ထို့ပြင် စပိန်လက်ရွေးစင်အသင်းတွင်လည်း ကာလရှည်ပါဝင်ကစားခဲ့ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



မျိုးဆက်သစ်လူငယ်

ကြေးမုံ
အထူးကဏ္ဍ

ဇွန် ၄၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# မေတ္တာအလင်း

ဇင်ငြိမ်းမွန်



မခင်စန်းရဲ့ဘဝကမလှပခဲ့ပေမယ့် သမီးချောသုံးယောက် ပိုင်ဆိုင်ပါရဲ့။ ပတ်ဝန်းကျင်က မခင်စန်းဆိုရင် ထိပ်ဆုံးက ကဲ့ရဲ့ကြတယ်။

ကဲ့ရဲ့တာလည်း မပြောနဲ့လေ။ သမီး သုံးယောက်လုံး အမေက မခင်စန်းဆိုပေမယ့် အဖေကျတော့ တစ်ယောက် စီလေ။ ဒီတော့ အိမ်တစ်အိမ်က လေလည်ရင် ဘေးချင်း ကပ်အိမ်က ကြားရတဲ့ရပ်ကွက်မို့ မခင်စန်းကိုဝိုင်းဖွဲ့ပြီး အတင်းပြောကဲ့ရဲ့ကြတာ မဆန်းပါ။

မခင်စန်း လင်များတာဟာ မျိုးရိုးလိုက်တယ် ပြောရ မလား။ သေသွားတဲ့မခင်စန်း အမေကြီးကလည်း ယောကျ်ား လေးယောက်ယူခဲ့သူ။ မခင်စန်းလိုတော့ ကလေးမယူခဲ့။ ပထမဆုံးယောကျ်ားနဲ့ မခင်စန်းတစ်ယောက်တည်းကိုပဲ မွေးခဲ့တာပေါ့။ မခင်စန်းယူတဲ့ ယောကျ်ားသုံးယောက်မှာ သမီးအကြီးနှစ်ယောက်ရဲ့ အဖေတွေက ဆုံးသွားရှာပြီ။ အငယ်ဆုံးမလေး စုစုရဲ့အဖေက ရှိသေးပေမယ့် မခင်စန်း က မယားငယ်အဆင့်မို့ စုစုခမျာ အဖေ့ကို မမြင်ဖူးရှာပါ။ ဒါကြောင့်လည်း အကြီးတွေလို အဖေ့မေတ္တာ လုံးဝမရသူမို့ စုစုကို မခင်စန်း အချစ်ပိုလေရဲ့။

× × × × ×

လမ်းတစ်လျှောက်လုံး ချိုမာတစ်ယောက် ဒေါသက ထွက်လာတော့ ကျိုးကျတော့မတတ် ခုတင်ကို အသံမြည် အောင် ခပ်ကြမ်းကြမ်းထိုင်ချလိုက်တယ်။ မခင်စန်း တစ်ယောက် သမီးကိုကြည့်ပြီး 'မိန်းကလေးတန်မယ့် နေပုံက' ဆိုတဲ့ အတွေးနဲ့မျက်စောင်းထိုးကာ. . . . . 'ညည်းက ဘာဖြစ်လာတာတုံး' 'တစ်လမ်းကျော်က မပု ပေါ့. . . . သမီး နာမည်ကိုဖျက်လို့' 'ဘာ' သားသမီးထိ စားကြည့်ဆိုသလို မခင်စန်းရဲ့ ဒေါသအသံကြောင့် ချိုမာပင် မျက်လုံးပြူးသွားပါရဲ့။

မခင်စန်း သက်ပြင်းချကာ စိတ်ကိုလျှော့ချလိုက် ပြီး. . . . 'ကဲပြောစမ်း အဲဒီကောင်မက နာမည် ဘယ်လို ဖျက်တာလဲ' 'ကိုကျော်တို့မိဘတွေဆီသွားပြီး အမေ လင်များတဲ့အကြောင်း သွားပြောတယ်လေ. . . . . သမီးတို့ ညီအစ်မသုံးယောက်ကလည်း အဖေမတူဘူးတဲ့' 'ဘာများလဲလို့အေ. . . . သူသွားပြောတာ အမှန်ပဲဟာကို။ မကြာခင် အမျိုးတော်ရတော့မှာ သိထားတော့ ကောင်း တာပေ့ါ' ဘာမှမဖြစ်သလိုပုံစံနဲ့ အမေပြောတော့ ချိုမာ လည်း မျက်မှောင်ကြုတ်လိုက်တယ်။ ဒီကိစ္စက သူ့ အိမ်ထောင်ရေးကို ထိခိုက်လာတာ အမေမသိဘူးလား။ အဆိုးဆုံးက အငယ်ဆုံးမ စုစုကြောင့် မတော်ရသေးတဲ့ ယောက္ခမက ပိုကဲ့ရဲ့လေရဲ့။

'ဩော်အမေရယ်. . . ခုသူတို့ သိသွားတော့ သမီးကို အမေတူပြီး မျိုးရိုးလိုက်နိုင်တယ်တဲ့. . . . အငယ်မစုစု ကိုလည်းသူများယောကျ်ားနဲ့ပတ်သက်ပြီး မဖုံးနိုင်မဖိ နိုင်ဖြစ်မှ ကိုယ်ဝန်ပျက်စီးအောင် အကြိမ်ကြိမ်လုပ်ခဲ့လို့ မွေးလာတော့ မျက်လုံးမမြင်ရတာဆိုပြီး နှိမ်ချပြောဆို လိုက်ပုံများ' မခင်စန်းခမျာ တခဏတာ ကျောက်ရုပ် ဖြစ်သွားပါရဲ့။ သူများယောကျ်ားမှန်း မသိလို့ အငယ် မလေးအဖေနဲ့ ပတ်သက်မိခဲ့တာပါ။ သူ့မိန်းမဖြစ်သူ မခင်စန်းဆီကို လာတောင်းပန်တော့ အပြီးတိုင်သံယောဇဉ် ဖြတ်လိုက်တယ်။ မခင်စန်းဆီမှာ ကိုယ်ဝန်ရှိမှန်းတောင် သိမသွားခဲ့။ သမီးနှစ်ယောက်နဲ့ ကျပ်တည်းလှပေမယ့် ကိုယ်ဝန်ကိုမယူဖို့ လုံးဝမတွေးဘဲ အခက်အခဲကြားက သမီးငယ်စုစုကို မွေးဖွားနိုင်ခဲ့တယ်။ ကံဆိုးပုံက သမီးငယ် လေးမှာ အမြင်အာရုံချို့တဲ့ရှာတယ်။ အဝေးကို မျှော် ကြည့်ရင်း သက်ပြင်းချကာ ချိုမာကို မခင်စန်းနှစ်သိမ့် ပေးလိုက်တယ်။

'ကဲပါ တွေးပူမနေပါနဲ့ သမီးရယ်. . . . အကြီးမတောင် လက်ထပ်ပြီးတာ တစ်နှစ်ရှိတော့မယ်. . . ဘာသံကြားရ လို့လဲ၊ သမီးလည်း လက်ထပ်ပြီးရင် အဆင်ပြေသွားမှာပါ' 'ဩော် အမေကလည်း မမကြီးရဲ့ခင်ပွန်းက တစ်ကောင် ကြွက်လေ အမေ့ကြောင့် ဘယ်ကဲ့ရဲ့ခံရပမလဲ. . . . တော်ပါပြီ မပြော တော့ပါဘူး' အချိန် တန်တော့ သမီးက အမေလိုမဟုတ်ဘူးဆိုတာ သူတို့သိလာလိမ့်မယ်' ပါးစပ် ကပြောပြီးတာနဲ့ အိမ်ထဲဝင်ကာ ဆန်အိတ်ထဲကဆန် တစ်ပြည်ကို အိတ်ထဲထည့်ပြီး လမ်းဘက်ကို ချိုမာ တစ်ယောက် ပြန်ထွက်သွားတယ်။ သမီးဖြစ်သူရဲ့ နောက်ကျောပိုင်းကိုကြည့်ပြီး ယောက္ခမကို သွားဖား တော့မယ်လို့ အတွေး နဲ့ မခင်စန်း ပြုံးမိသေး တယ်။ ကောင်လေးရဲ့ မိဘ တွေက မခင်စန်းထက်ငယ်ပေမယ့် အလုပ်မလုပ်ကြတော့ဘဲ သားဖြစ်သူ ဝင်ငွေလေးနဲ့ပဲ ရပ်တည်နေကြတော့ အဆင် ပြေလိုက် မပြေလိုက်နဲ့ပေ့ါ။

× × × × ×

'ဩော် သမီးလေးတောင် ဘုရားဘက်ကပြန်လာပြီ' တုတ်နဲ့ မြေကြီးထိသံ တဒေါက်ဒေါက်နဲ့အတူ စုစုအိမ်ကို ပြန်ရောက်လာခဲ့ပြီ။ ခုတင်ပေါ်ကို ထိုင်ချလိုက်ပြီး ပခုံး ပေါ်ရောက်လာတဲ့ အမေ့လက်ကြောင့် အလိုက်သင့် ရင်ခွင်ထဲမှီလိုက်တယ်။' အမေ့ကို သမီး ပြောစရာရှိတယ်' ခါတိုင်းနဲ့မတူ တက်ကြွရွှင်လန်းနေတဲ့ သမီးဖြစ်သူ အသံလေးကြောင့် မခင်စန်းပြုံးလိုက်ကာ. . . .'ပြောလေ သမီး အမေနားထောင်နေတယ်' 'သီလရှင်လေးတွေရဲ့ အသံကို သမီးကြားခဲ့တယ်။

သူတို့ကို သမီးမမြင်ရပေမယ့် အားကျတယ် အမေ ရယ်. . . သမီးသာမျက်လုံးကောင်းရင်လေ ရာသက်ပန် မသီလရှင်ဝတ်ချင်မိတယ်' သမီးဖြစ်သူကလည်း ပြောရင်း မျက်ရည်ဝဲလာ၊ မခင်စန်းမှာလည်း နားထောင်ရင်း မျက်ရည်ကျလာပါရဲ့။ မိခင်ပီသတဲ့ မခင်စန်းမှာ သမီး ဖြစ်သူရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်မိတယ်။ ငယ်စဉ် ကတည်းက ဘုရားတရားနားလည်တဲ့ ကလေးမို့ စုစုလေးကို ဒီနှစ်ထဲမှာ သီလရှင်လေးဝတ်ပေးနိုင်ရင် ကောင်းမယ်လို့ မခင်စန်း မကြာခဏတွေးခဲ့ပါတယ်။ စေတနာဆရာဝန်ကြီးပြောသလို မျက်ကြည်လွှာအလှူရှင် ပေါ်လာရင် ကောင်းမှာပဲလို့ မခင်စန်းအောက်မေ့မိပါရဲ့။

'သမီးလက်စိုသွားတယ်. . . အမေငိုနေတာလားဟင်' 'အမေ့မျက်လုံးထဲကို အကောင်ဝင်သွားလို့ မျက်ရည်ကျ လာတာပါ. . . သမီးသာ ဝမ်းမနည်းနဲ့။ ဆရာဝန်ကြီး ပြောသလို မျက်ကြည်လွှာအလှူရှင်ပေါ်လာခဲ့ရင် ဖြစ်ချင် တာတွေလုပ်လို့ရပြီလေ. . . . . အမေယုံတယ် သမီးလေး မျက်စိ ပြန်ကိုကောင်းလာမှာ' 'အမေ့စကားကြောင့် သမီး စိတ်ချမ်းသာလိုက်တာ' 'တတယ်စိတ်ချမ်းသာရမှာပါ သမီး ရယ်'လို့ မခင်စန်း စိတ်ထဲကပြောရင်း သမီးဖြစ်သူရဲ့ နဖူးကို ဖွဖွလေးနမ်းလိုက်ရှာတယ်။

× × × × ×

မိခင်ဖြစ်သူ အတိတ်ကြောင့် ကောင်လေးအသိုင်း အဝိုင်းက မကြည်ဖြူကြပေမယ့် ချိုမာရဲ့ မင်္ဂလာပွဲလေးဟာ အောင်မြင်စွာ ပြီးဆုံးသွားပါရဲ့။ မကြာခင် သတို့သားအိမ် ဘက်ကို လိုက်သွားရမှာမို့ ဒီအမေ့ကြောင့် ဘယ်လောက် ကဲ့ရဲ့ခံရခံရ ခွဲခွာခြင်းကို မခံစားနိုင်တာကြောင့် ချိုမာ တစ်ယောက် ပါးပြင်ထက် မျက်ရည်မဆည်နိုင် ဘေး တစ်ဖက်ဆီမှာ အစ်မနဲ့ ညီမလေးကလည်း နှစ်သိမ့်ပေးရင်း ငိုနေပြန်တယ်။ ငိုယိုနေတဲ့ သမီးသုံးယောက်ကို မခင်စန်း ကြည့်လိုက်ပြီး. . . . 'သမီးချိုမာ အမေက သုံးကြိမ် အိမ်ထောင်ပြုခဲ့ပေမယ့်. . ပွေရှုပ်တဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး. . . . . အိမ်ထောင်ရေးကံ မကောင်း ခဲ့လို့ပါ. . . . ရိုးရိုးသားသားဈေးရောင်းပြီး သမီးတို့ကို ကျွေးမွေးစောင့်ရှောက်ခဲ့တယ်။

အိမ်ထောင်ကိုယ်ဆီကျတော့လည်း ညအိပ်ရာဝင် ဘုရားရှိခိုးတိုင်း အမေ့မေတ္တာကြောင့် သမီးနှစ်ယောက်ရဲ့ အိမ်ထောင်ရေး ထာဝရပျော်ရွှင်မှုတွေနဲ့ ပေါင်းဖက်နိုင် ကြပါစေ။ အမေလို မဖြစ်ပါစေနဲ့လို့ အမြဲဆုတောင်းပေး တယ်' 'သမီး တောင်းပန်ပါတယ် အမေရယ်' အမေ့ကို စိတ်ပျက်မိတဲ့အတွက် နောင်တရခြင်းနဲ့အတူ ချိုမာ တစ်ယောက် ပြေးဖက်လိုက်တယ်။ စုစုလေးခမျာအမေနဲ့ အစ်မကို မမြင်ရပေမယ့် လက်ခုပ်လေးတီးကာပျော်နေရှာ တာပေ့ါ။ ညနေစောင်းတော့ အကြီးမ ဟေမာကလည်း သူ့ အိမ်ကိုပြန်သွားပြီ။ ချိုမာကလည်း ခင်ပွန်းလက်ကိုဆွဲကာ အမေ့အိမ်လေးကို နှုတ်ဆက်သွားပြန်တယ်။ မခင်စန်းမှာ သမီးနှစ်ယောက်အတွက် စိတ်အေးရပေမယ့် စုစုလေးကို ကြည့်ပြီး စိတ်မအေးနိုင်ရှာ။ မျက်ကြည်လွှာအလှူရှင် အမြန်ဆုံးတွေ့လို့ မျက်လုံးသာ ပြန်မြင်လာရင် သမီးနဲ့အတူ မယ်သီလရှင်ဝတ်မယ်လို့ တွေးမိတော့ မခင်စန်း စိတ်ထဲ ကြည်နူးသွားပါရဲ့။

× × × × ×

ကုန်စိမ်းဖိုးချေပြီးတာနဲ့ အိမ်မှာမျှော်နေမယ့်သမီးကို တွေးမိပြီး လမ်းထိပ်က အသုပ်သည်ဆီက သဘော်သီးသုပ် တစ်ပွဲ ဝယ်လိုက်တယ်။ 'ဟဲ့ မစပ်အောင်သုပ်ပေးနော်' 'စိတ်ချပါတော် မစပ်စေရပါဘူး' 'ငါ့သမီးက အစပ်ကြောက် လို့ပါအေ. . . . ရော့ ပိုက်ဆံ' သဘော်သီးသုပ်ထုပ်လေးကို လက်ကဆွဲကာ မခင်စန်းလမ်းထဲကို ဖြည်းဖြည်းလျှောက်လာ တယ်။

လမ်းထဲကို အုတ်ခဲလာပို့တဲ့ ကားကြီးမှာ စည်းကမ်းမဲ့စွာ မောင်းလာတဲ့ လူငယ်တစ်စုရဲ့ဆိုင်ကယ်ကို ရှောင်တိမ်း ရင်း. . . .'ကျွိ. . . . . ဒုန်း' 'ဟာ မခင်စန်း ကားတိုက် သွားပြီဟေ့' သွေးအိုင်ထဲ လဲလျောင်းနေတဲ့ မခင်စန်း အနားကို လူတွေဝိုင်းလာကြတယ်။ အနားမှာရှိတဲ့ လူတစ်ယောက် လက်ကို အားတင်းပြီး ဆုပ်ကိုင်ကာ. . . . 'ကျွန်မ သမီး စုစုကိုသွားခေါ်ပေးပါ' မခင်စန်းရဲ့ နောက်ဆုံး အချိန်မှန်း ခန့်မှန်းမိတာကြောင့် စုစုကို ပြေးပြီးခေါ်ကြ တာပေ့ါ။ စုစုရောက်လာတဲ့အခါ. . . . 'အမေဘယ်မှာ လဲ. . . . အမေ့ အနားကို ခေါ်သွားပေးပါ' 'အမေ အနားကိုရောက်ပြီ ထိုင်ချလိုက်တော့' ဘေးကလူတွေရဲ့ အသံကြောင့် စုစု ထိုင်ချလိုက်ပြီး လက်ဖြင့်လိုက်စမ်းကာ အမေ့ကို ရင်ခွင်ထဲ ပွေ့လိုက်တယ်။

လက်ကိုပေကျံလာတဲ့ သွေးတွေကြောင့် အမေ့ကို ဆုံးရှုံးမခံနိုင်တာကြောင့် အော်ဟစ်ငိုကာ. . . . .'အမေ ဘာမှမဖြစ်ရဘူး. . . . သမီးကို မထားခဲ့ပါနဲ့' သမီးဖြစ်သူ မမြင်နိုင်ပေမယ့် မခင်စန်း သွေးတွေအန်နေတဲ့ကြားက အားတင်းပြုံးလိုက်တယ်။

အသက်မထွက်ခင် သူ့ဆန္ဒကို ပြောရဦးမယ်လေ။ ရပ်ကွက်လူကြီးကို အားကိုးတကြီးကြည့်ပြီး. . . .'ဦးမြ ကျွန်မ သေရတော့မှာပါ. . . မသေခင် တစ်ခုလောက် တောင်းဆိုပါရစေ' 'ပြောပါ တူမကြီး။ ဦးလေးတတ်နိုင် သလောက် ကူညီပါမယ်' 'ကျွန်မရဲ့ မျက်ကြည်လွှာကို သမီးလေးအတွက် လှူခဲ့ပါတယ်. . . . ခွဲစိတ်မှုအတွက် သမီးကြီး နှစ်ယောက်နဲ့တိုင်ပင်ပြီး အောင်မြင်အောင် ကူညီပေးပါနော်' 'စိတ်ချပါ တူမကြီး။ စုစုမျက်လုံးပြန်မြင်ဖို့ ဦးလေးတို့ တတ်နိုင်သလောက် ကူညီပါမယ်' ရပ်ကွက် လူကြီးနဲ့ အမေဖြစ်သူ ပြောနေတာကို နားစွန့်ကာထောင် နေတဲ့ စုစုလေးမှာ မိခင်မေတ္တာကြီးမားပုံကြောင့် မျက်ရည် မဆည်နိုင်ရှာပါ။

'အမေဘာတွေ ပြောနေတာလဲ။ သမီးကို ထားသွား တော့မလို့လား. . . . ဟင့် ဟင့် ဟီး' 'ထားသွားတယ်လို့ မပြောပါနဲ့သမီးရယ်. . . အမေ့ မေတ္တာတွေက သမီး အနားမှာ ရှိနေဦးမှာပါ. . . . မျက်လုံးပြန်မြင်တာနဲ့ သီလရှင်ဝတ်ရမယ်နော်. . . . အမေ့ကို သတိရပြီး ခဏ ခဏငိုမနေရဘူး။သီလရှင်ဝတ်လေးနဲ့ သမီးလေးပုံစံကို မျက်လုံးထဲမြင်ယောင်ပြီး အမေစိတ်ချမ်းသာ. . . . အား. . . .' 'အမေ ဆက်ပြောလေ. . . . အမေ အမေ သမီးခေါ်နေတယ်လေ. . . . ဟင့် ဟင့် ဟီး အမေ့ကို ခေါ်မရတော့ဘူး' ငြိမ်သက်သွားတဲ့ မခင်စန်းရဲ့ အသက်မဲ့ ခန္ဓာကိုယ်ကြီးနဲ့ ဝမ်းနည်းစွာငိုကြွေးနေတဲ့ သမီးဖြစ်သူ စုစုကိုကြည့်ပြီး လူအပေါင်းကလည်း မျက်ရည်တွေ ကျလာ ကြတယ်။ ဒီကမ္ဘာမြေပေါ်ကနေ မခင်စန်းထွက်ခွာသွား ပေမယ့် သူရဲ့ နှိုင်းဆမရတဲ့ မေတ္တာကြောင့် အသက်မဲ့ခန္ဓာ ကိုယ်ကြီးကနေ မျက်မမြင်သမီးလေးအတွက် နောက်ဆုံး ပေးဆပ်မှုအနေနဲ့ မေတ္တာအလင်းဆောင်ပေးနိုင်လေရဲ့။

## ကျောင်းဖွင့်ချိန်

ဝသန်မိုးစက် ဝေချိန်ခါ
ကျောင်းသွားကြစို့ ညီညီညာ။

ခေါင်းလောင်းသံသာ ခွန်းချိုဆင့်
ဖြူစိမ်းပန်းတင့်။

ပြုံးမျက်နှာနှင့် ချိုမြကြည်
မိုးဦးပန်းချီ ယဉ်လှသည်။

စည်းကမ်းကိုယ်စီ လိုက်နာထား
ရိုးသားနိုးကြား စာကြိုးစား။

ဆရာအများ ရှိသေမယ်
ပညာရဖို့ရှယ်။

လိမ္မာကွယ် ညီမလေး
နောင်ရေးလှဖို့လေး။ ။

**ပိုင်(ဆေး-၁)**

## ကျောင်းဖွင့်ရာသီ

ကျောင်းဖွင့်ရာသီ ရောက်ပြန်ပြီမို့
ညီ ညီမလေး မောင်ငယ်ထွေးတို့
စာရေးစာသင် ကျောင်းရင်ခွင်ဝယ်
ပျော်ရွှင်သင်ကြား စေချင်တယ်။

စာတတ်ပေတတ် ပညာမြတ်မှ
လူ့ရပ်လူ့ရွာ လျှောက်သောခါဝယ်
ပြိုင်ငှာပေါင်းသင်း ဆက်ဆံခြင်းက
လမင်းပမာ ထွန်းလင်းဖြာ။

ကျောင်းစာသင်ပြား သမီးသားတို့
သင်ကြားစာပေ များထွေထွေကို
သေသေချာချာ သင်ယူပါမှ
နောင်ခါနာဂတ် တန်ဖိုးတက်။

မြတ်သည့်ပညာ အရာရာနှင့်
ပြည်ရွာကောင်းကျိုး ဆောင်သယ်ပိုးဖို့
မြတ်နိုးစွာပင် ကျောင်းခန်းဝင်၍
ပျော်ရွှင်စွာပင် ကျောင်းစာသင်။

စာသင်စာဖတ် ပညာတတ်မှ
လတ်ဆတ်ဝေဆာ ပန်းမာလာလို
ထုံစွာရနံ့ သင်းသင်းပျံ့၍
ရှင်းသန့်ပွင့်ဖူး ဂုဏ်ရည်ထူးကြပေလိမ့်မည်။

**ဇော်လင်း(မြို့သာ)**

## ကျောင်းသွားကြမယ်

ဇွန်လရက်မြတ် တစ်ရက်ဟာ
ကျောင်းတွေဖွင့်တော့မှာ ။
လှမ်းစို့ညီညာ လက်ကိုတွဲ
စာသင်ကျောင်းကိုပဲ ။
ကျောင်းသားများလည်း ပျော်လို့နေ
ကျောင်းတွေဖွင့်ရင်လေ ။
မိုးရည်စက်တွေ သွန်းဖြိုးထား
မိုးဦးစမို့လား ။
စိန်ပန်းပွင့်များ တဝေဝေ
စိမ်းလန်းစိုပြေနေ ။
ပန်းမျိုးစုံလေ ဖူးပွင့်ကြ
မိုးရေစိုမြမြ ။
ကျောင်းတော်ကြီးက လှလို့ပင်
လှုပ်ရှားအသက်ဝင် ။
ပြုံးပျော်ရွှင်လို့ ခြေသစ်လှမ်း
ကျောင်းတော်ဥယျာဉ်နန်း ။
စိတ်ရွှင်လန်းလို့ ကျောင်းခန်းဝင်
ပညာသင်ဖို့ပြင် ။
ပြုံးပျော်အစဉ် ချိုမြမြ
ငယ်နသွေးအလှ ။
အစ်ကိုကြီးက လွယ်အိတ်လွယ်
မကြီး ထီးမိုးမယ် ။
ညီမငယ်ထွေး လက်ကိုဆွဲ
ညီလေး လက်ကိုတွဲ ။
စိတ်ဝမ်းမကွဲ အမြဲကွယ်
စာကိုသင်ကြမယ် ။
ပညာရယ်လေ ပြည့်ပါမှ
ဘဝရယ်လှပ ။
ပညာဝလို့ ဉာဏ်ပြည့်လျှင်
အောင်ပန်းဆင်နွဲချင် ။
ဉာဏ်ပညာရှင် တိုးတက်ကြောင်း
အားသစ်တွေကိုလောင်း ။ ။

**နန်းကြယ်စင်မေ**

## ရောင်စုံခဲတံ

အရုပ်လေးတွေ ဆွဲကြမယ်
ဆေးရောင်လှလှခြယ်
သစ်ပင်လေးတွေ မြင့်မြင့်ဆွဲ
ပန်းချီပုံလေးထဲ
ရွှေကျားကြီး အဝါရောင်ခြယ်
တောတန်း စိမ်းစိုမယ်
ကောင်းကင်ကြီးကို အပြာမှုန်း
သားသား ပျော်မဆုံး ။

**ထက်လူအောင်**

## ကျောင်းသွားမယ်

မနက်ရောက်ရင် ကျောင်းကိုသွားကွယ့်
ပညာတတ်ကြီးဖြစ်အောင်ကွယ်။
လွယ်အိတ်ထဲမှာ ကျောင်းစာအုပ်နဲ့
ခဲတံဘူးလေးထည့်ပေးမယ်။
သားဗိုက်ဆာရင် ကျောင်းမှာစားဖို့
ထမင်းဘူးနဲ့ဟင်းစုံတယ်။
လက်ကိုစင်အောင်သန့်သန့်ဆေးလို့
ဇွန်းလေးကိုင်ပြီးစားပေါ့ကွယ်။
မုန့်စားချိန်မှာ မုန့်ကိုစားကွယ့်
သူငယ်ချင်းလည်းမျှကျွေးမယ်။
အတန်းထဲမှာ ရန်မဖြစ်နဲ့
ချစ်ချစ်ခင်ခင်နေရမယ်။
ကစားချိန်မှာ ဆော့ကစားလို့
ပျော်ပျော်ပါပါးနေပေါ့ကွယ်။
ဆရာမကို ရိုသေကြကွယ့်
စာကိုမှတ်သားနာယူဖွယ်။
စာအုပ်ထဲမှာ စာတွေရေးလို့
ပုံလည်းလှလှဆွဲခဲ့ကွယ်။
ကျောင်းဆင်းချိန်မှာ ရှေ့ကိုထွက်ခဲ့
မေမေကြိုပြီးစောင့်ပါ့မယ်။
အိမ်ကိုရောက်ရင် ဖေဖေကြီးက
စာတွေကြည့်ပြီး ပျော်လိမ့်မယ်။
ပျော်ကြမယ် ပျော်ကြမယ်။

**အောင်မြင့်(ချင်းတွင်း)**

## ကျောင်းနေပျော်ရွှယ် တို့မောင်မယ်

စိန်ပန်းတွေလည်းပွင့်လို့ရယ်
ကျောင်းကြီးလည်းဖွင့်ပြီကွယ်
သူငယ်ချင်းတွေ ဖွဲ့လို့ထား
ကျောင်းအပ်သွားစို့လား
ဖြူစိမ်းလေးကိုဝတ်ဆင်မယ်
ပါးကွက်ကျားလေးမေလိမ်းခြယ်
ဆံကေသာဆီလူးထား
ကျော့ကျော့မော့မော့ကျောင်းကိုသွား
ခေါင်းလောင်းသံလေး နားဝင်ချို
အလံရှေ့မှာ နိုင်ငံတော်သီချင်း သီလို့ဆို
ညီညီညာညာအခန်းကိုသွား
မင်္ဂလာပါနှုတ်ဆက်စကား
ဆရာမလေးစာချတယ်
တို့တွေလိုက်ရွတ်မယ်
မပီကလာ စာရွတ်ကြ
ဆရာမလေး သဘောကျ
အတန်းချိန်လည်းပြီးလို့ရယ်
စာအုပ်တွေသိမ်းကွယ်
ခေါင်းလောင်းသံလေး အချက်ပေး
စီတန်းရပ်ကြဟေ့
ကမ္ဘာမကြေသီချင်းကို
ညီညာသီလို့ဆို
အသံကုန်ဟစ်ခါကြွေး
အခန်းစုံက မောင်မယ်လေး။ ။

**ထက်မြတ်(မတ္တရာ)**

## ကြိုးစားကြကွယ်

တို့ကျောင်းကလေး ဖွင့်ချေပြီ
ကျောင်းတက် ရတော့မည်
စာအုပ်စုံညီ သယ်လို့သွား
မေ့ကျန် သတိထား။
ခဲတံလေးအား ယူခဲ့ပါ
အက္ခရာ ရေးဖို့ရာ
ပေတံကိုသာ ထားခဲ့နဲ့
ဇယား ဆွဲဖို့ကွဲ့။
ဖေရဲ့အနား တိုးလို့သာ
မုန့်ဖိုး တောင်းနေတာ
သင်အံလေ့လာ ကျောင်းကိုတက်
ကျက်မှတ်ကာ ရေးဖတ်။
အနာဂတ်ရဲ့ ကလေးငယ်တွေ
စာသင်ကြပါလေ။
ရည်မှန်းချက်တွေ မြင့်မြင့်ထား
ကြိုးစားကြစို့လား။

**ပုညခေတ်(မန္တလေး)**

## ကျောင်းသွားစို့

တို့ရွာကလေး ခပ်ငယ်ငယ်
ကျောင်းကိုသွားဖို့ ပြင်ကြတယ်
သနပ်ခါးနဲ့ဆီလိမ်းခြယ်
လွယ်အိတ်လွယ်လို့ကွယ်
လက်ကလေးပိုက်ကာ ကျောင်းကိုသွားတော့
တို့ရေလည်းလိုက်ခဲ့မယ်
လူကြီးတွေ့ရင် ခါးကိုညွတ်လို့
ခေါင်းကလေးငုံ့ကာ လမ်းလျှောက်မယ်
လူလိမ္မာတွေ အလွန်ပေါ်တော့
တို့ရွာလေးဟာ တိုးတက်မယ်
တိုးတက်မယ်
တိုးတက်မယ်

**ရိုးတံ(ပုလဲနယ်)**

## သစ်ပင်စိုက်ကြမယ်

မိုးဦးချိန်ခါ ရောက်လို့လာ
မိုးတွေရွာပြီဗျာ။
ဝန်းကျင်တစ်ခွင် သာစေဖို့
သစ်ပင်စိုက်ပါစို့။
ညီ ညီမတို့ လာကြကွယ်
စုပေါင်းစိုက်ကြမယ်။
တို့လူငယ်တွေ ပေါင်းစုအား
ရွှေတိုက်စိုးစေသား။
သစ်ပင်လေးများ နောင်ခါတွင်
ကြီးမားဖို့အစဉ်။
ရေလောင်းပေါင်းသင် လုပ်မယ်တို့
ဝန်းကျင်စိမ်းစိုဖို့။ ။

**ကိုမျိုး(ရေတော်)**

ဝတ္ထုတို

## နဒီသင်း(ကုန်းဇောင်း)

# အဖေသိခဲ့မယ်ဆိုရင်

ဖဋ္ဌ-၁ မောင်မျိုးမင်း
ဖဋ္ဌ-၂ မောင်ဝင်းမြင့်
ဖဋ္ဌ-၅ မစုစုအောင် သချာ်
ဖဋ္ဌ-၇ မောင်တိုးဝင်း မြန်မာ-အင်္ဂလိပ်-သင်္ချာ-ဓာတု-ရူပ-ဇီဝ

ကျွန်တော်၏အစ်ကို ခုံနံပါတ်က ဖဋ္ဌ-၁၅၇ပါ။ လူအများကြီးကို တိုး၍ကြည့်နေရသည်။ ကျွန်တော်တို့နယ်မြို့ငယ်လေး၏တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်သည့်နေ့ဆိုလျှင် ကျွန်တော်နှင့် ဆိုင်ဆိုင်မဆိုင်ဆိုင် ကြည့်ချင်သည်မှာ ကျွန်တော်ငယ်ငယ်လေးကတည်းကဖြစ်သည်။

တခြားသူများ ပျော်ရွှင်နေသည့်ပုံက ကျွန်တော့်အတွက် အားကျအတုယူစရာမြင်ကွင်းတစ်ခုဖြစ်နေသည်။ ဘဝတက်လမ်းအတွက် ရုန်းကန်ခဲ့၍ရသောအသီးအပွင့်တစ်ခု ပွင့်ဖူးလာ၍ကြည်နူးရသောအရသာသည် မည်သည့်အရာနှင့်မှ မတူပါ။ ကျရှုံး၍ခေါင်းငိုက်စိုက်ကျဝမ်းနည်းကြေကွဲနေသည့် ကျောင်းသားများကိုကြည့်ပြီး "ငါကျ ဒီလိုမဖြစ်အောင်ကြိုးစားမယ်ဟဲ့"ဆိုသည့်စိတ်လည်း ဝင်မိသည်။

ကျွန်တော်တို့မြို့ငယ်လေးတွင် တစ်နှစ်ကိုအနည်းဆုံး ဆရာဝန်တစ်ယောက်မွေးဖွားပေးသည်။ အောင်စာရင်းအတူတူကြည့်နေသည့် အမျိုးသမီးနှစ်ဦး ခေါင်းချင်းဆိုင်ပြောနေကြသည်မှာ "မသင် ဒီမှာကြည့်စမ်း၊ ဘာသာစုံဂုဏ်ထူးသုံးယောက်တောင်ဟ" "ဟယ် ဒါဆို ငါတို့ကုန်းဇောင်း ဆရာဝန် သုံးယောက်တိုးတာပေါ့" အမျိုးသမီးနှစ်ယောက်၏ပီတိစကားသံကြောင့် ကျွန်တော်ဆိုင်းဘုတ်ကို တစ်ခါထပ်ကြည့်မိသည်။

"ဟော့ကောင် ဟိုမြောင်းပေါင်မှာ လူသတ်မှုဖြစ်လို့တဲ့ အသတ်ခံရတာနှစ်ယောက်တဲ့၊ တစ်ယောက်က ခေါင်းမရှိတော့ဘူးတဲ့" နာမည်စာရင်းလိုက်ရှာနေသည့် လူအုပ်ကြီး အထိတ်တလန့်သတင်းကြား၍ အခင်းဖြစ်ပွားသည့်နေရာကို သွားကြည့်သူနှင့်၊ သတင်းစကားတစ်ဆင့်ပြောသည့်သူနှင့် အောင်စာရင်းဆီသို့ အာရုံမရောက်ကြပေ။ နှစ်လောင်းပြိုင်လူသတ်မှုဆိုပဲ။

အမျိုးသားနှစ်ဦး လမ်းလျှောက်ရင်းက "အသတ်ခံရတဲ့နေရာက အရက်ဆိုင်နားမှာ" "အသတ်ခံရတာ အရက်သမားတဲ့" "ဒါဆို သတ်တဲ့သူကလည်း အရက်သမားနေမယ်" အရက်သမားဆိုရင် ကျွန်တော့်အဖေများဖြစ်နေမလားဆိုသည့်စိတ်က ကျွန်တော့်စိတ်ကို ထိတ်လန့်စေသည်။

ထို့ကြောင့် "ဟော့လူ အခင်းဖြစ်တဲ့အရက်ဆိုင်က နာမည်ဘာလဲဗျ"

"ဗျာ"

ကျွန်တော့် အဖေသောက်နေကျ အရက်ဆိုင်နာမည်ဖြစ်နေသည်။အဖေများဖြစ်နေမလား။ အဖေက အရက်သာသောက်တာ နာမည်နှင့်လိုက်အောင်အေးအေးဆေးဆေး နေတတ်သည့်လူပါ။ အဖေ့ကို တခြားသူကသတ်သွားသလား။ ဒါလည်းမဖြစ်နိုင်ပါ။ အဖေနှင့်ရန်ငြိုးရန်စ ရှိသူက ခပ်ရှားရှားရယ်ပါ။ ကျွန်တော့်စိတ်ထဲတစ်မျိုးပဲ။ သွားကြည့်မှဖြစ်မည်။ အခင်းဖြစ်သည့်နေရာတွင် လူအများကြီးဖြစ်နေသည်။

ကျွန်တော် တိုးဝှေ့ကြည့်သည်။သို့သော် ရှေ့သို့မရောက်ပါ။ "ဘယ်သူမှ မဝင်ရဘူး" ရဲဝတ်စုံနှင့် ဦးလေးကြီးက တားမြစ်နေသည်။ သေသူဘယ်သူဖြစ်သည်ကို မကြည့်ခဲ့ရပေ။ အဖေအိမ်မှာ ရှိမည်ထင်ပါသည်။ ရှိပါစေလို့ လမ်းတစ်လျှောက်ဆုတောင်းလာမိသည်။ အိမ်ရှေ့ရောက်တော့ "အမေ-အမေ" အမေဘယ်သွားပါလိမ့်။ အိမ်ပေါ်ရောက်နေသလား။ အပြင်ဈေးဝယ်သွားသလား။ "အမေ-အမေ-" "ဟဲ့ဒီကလေး တကြော်ကြော် တအော်အော်နဲ့ ဘာဖြစ်လာတုံး မနက်ကြီးကနေ အခုမှပြန်လာတယ်။ နင့်အစ်ကို အောင်လား" "အမေ အဖေကော" "ဘာဖြစ်လို့လဲ နင်အဖေရှိပဲ့၊ အိပ်လို့၊ ကျွန်တော် အမေပြောတာမယုံပါ။ အပေါ်ထပ်တက်ကြည့်လိုက်သေးသည်။ အဖေက ခွေခွေလေး အိပ်နေသည်။ ဟူး--တော်ပါသေးရဲ့ဟု ကျွန်တော်လေပူတစ်ချက်မှုတ်ထုတ်ရင်းက ရင်ဘတ်ဖိမိသည်။

ရေအိုးစင်က ရေအဝခပ်သောက်လိုက်သည်။ ယခုမှ အမောပြေသွားသည်။ ကျွန်တော်အိပ်ရာထဲတွင် အိပ်မပျော်ဖြစ်နေမိသည်။ မနက်က လူသတ်သမားအကြောင်း သိချင်နေမိသည်။

"အား"

"ကိုလူအေး တော်ဘာဖြစ်တာလဲ၊ ချွေးတွေ ထွက်နေလိုက်တာ နစ်လို့၊ အိပ်မက်ဆိုး မက်တာထင်တယ်။ ရော့-ရေသောက်လိုက်ဦး" တစ်ဖက်အခန်းမှ အမေ၏စကားသံ ကြားနေရသည်။ အဖေအရက်ရှိန်ကြောင့် အိပ်မက်ဆိုးမက်သည် ထင်ပါသည်။ ခဏနေ တစ်ဖက်ခန်းမှ အသံတိတ်ဆိတ်သွားသည်။

ကျွန်တော်၏ မျက်လုံးနှင့် စိတ်သည်လည်း အနားယူသွားပါတော့သည်။ "အဟွတ်--အဟွတ်-" အိပ်ရာကကျွန်တော်နိုးတော့ အဖေ၏ ချောင်းဆိုးသံကြားရသည်။ အဖေ အလုပ်မသွားဘူး။ ဘာဖြစ်လို့ပါလိမ့်။ "အဖေ-နေမကောင်းဘူးလား" စကားပြန်မပြောသည့် အဖေ့အနား ကျွန်တော်ရောက်သွားသည်။ ညက အရက်သောက်သည်မှာ များသွားပုံရသည်။ တစ်ခါတစ်ခါဖြစ်တတ်ပါသည်။ မနက်လင်း တစ်ခွက်တစ်ဖလား သောက်လိုက်လျှင် အဆင်ပြေပြေနေသာထိုင်သာရှိသွားတတ်သည်။ "အဖေ လက်ကျန်ရှိသေးလား၊ ထပ်သောက်လိုက်ပါလား အဖေရာ" ကျွန်တော့်ကို ခေါင်းရမ်းပြသည်။ "အဖေ ဒီနှစ်အောင်ချက်ကောင်းလိုက်တာဗျာ၊ ဘာသာစုံဂုဏ်ထူးတွေလည်း အားကြီး။ ရိုးရိုးအောင်တဲ့သူဆိုဝုန်းလို့၊ ကျုပ်ကျရင် ဂုဏ်ထူးအများကြီးပါအောင်လုပ်မှာနော် အဖေ" ကျွန်တော်၏စကားကို နားမထောင်ဘဲ အဝေးကိုငေးနေသည်။

ကျွန်တော်ကလည်း ကျွန်တော်ဖြစ်ချင်သည်၊ လုပ်ချင်သည်ကို တစ်ဖက်လူ စိတ်မဝင်စားသည်ဖြစ်စေ၊ စိတ်ဝင်စားသည်ဖြစ်စေ ပြောချင်သည်ကို ပြောတတ်သည်။ "ဘာသာစုံဂုဏ်ထူးပါအောင် ကြိုးစားဖို့ကလည်း အိမ်နေလို့မဖြစ်ဘူး၊ ဘော်ဒါနေမှဖြစ်တာဗျ။အဖေ ကျွန်တော့်ကို ဘော်ဒါပို့နော်။ ပို့မှာမို့လား။ "ကျွန်တော့်ကို ရီဝေဝေကြည့်နေသောအဖေ အရင်ကဆို ကျွန်တော်စကားပြောရင် ခေါင်းတညိတ်ညိတ်နှင့် ရှိတတ်သည်။ ယခုတော့ ကျောက်ရုပ်ပမာ အေးတိအေးစက်။ ကျွန်တော့်ကို စကားမပြောဘဲ ပြန်အိပ်သွားသည်။

ယနေ့ အဖေအလုပ်မသွားပါ။ ညနေ ကျောင်းဆင်းချိန်တွင် အိမ်မှာ အဖေမရှိတော့ပေ။ နေကောင်းသွားသဖြင့် အလုပ်သွားလုပ်သည် ထင်ပါသည်။ အမေ့ကိုကြည့်ပြန်တော့ ဈေးဆိုင်ပေါ်မှာ ဈေးရောင်းနေသည်။ လွယ်အိတ်ကိုတိုင်မှာ ချိတ်ပြီး ထမင်းစားရန် မီးဖိုခန်းထဲဝင်လိုက်သည် ဆိုရုံပဲ "အစ်မ-မကြည်ခင် " "ဟဲ့ ဖိုးလုံး နင့်ဟာက အမောတကောနဲ့ ဘာလဲဟ" "အစ်မ--အစ်မယောကျ်ား ကိုလူအေး ရဲစခန်းမှာ အဖမ်းခံလို့ နှစ်လောင်းပြိုင် လူသတ်မှုတဲ့"

"အ-မ-လေး"

"ဗျာ"

"အမေ"

"လုပ်ကြပါဦးဗျာ ကျွန်တော့် အမေ လဲသွားပြီ"

အိမ်နားချင်းများ ပြေးလာကြ၍ အမေ့ကို ဝိုင်းပြုစုကြသည်။ ကျွန်တော် ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်နေသည်။ မျောက်မီးခဲကိုင်ထားရသလို ပူလောင်လွန်းလှသည်။ အမေ့ကို အိမ်နားနီးချင်း လက်ထဲထား၍ အဖေရှိသည့် ရဲစခန်းကို အပြေးအလွှားသွားရပြန်ပါသည်။



"ရဲစခန်းရောက်တော့ စခန်းမှူးကြီးရှေ့တွင် ခေါင်းငိုက်စိုက်နှင့် လူကြီးတစ်ယောက်ထိုင်နေသည်။ ကျွန်တော့်အဖေဟုတ်ပါလေစဆိုသည့် အတွေးနှင့် ထိုလူကြီးကို သေချာကြည့်မိသည်။ ထိုလူကြီး၏ ပါးတစ်ဖက်က အမာရွတ်သည် ကျွန်တော့်အဖေဖြစ်ကြောင်း ဝန်ခံနေချေပြီ။ ကျွန်တော် နောက်ဘက်က ထိုင်ခုံပေါ် အသာဝင်ထိုင်လိုက်သည်။ စခန်းမှူးကြီးက "ကိုလူအေး ခင်ဗျားသတ်တာသေချာတယ်နော်"

"ဟုတ်ကဲ့ဆရာ ကျွန်တော်
ဖိုးတုတ်နဲ့ ကျော်မြင့်ကို သတ်ခဲ့ပါတယ်။"

စခန်းမှူးကြီးက စာရေးကြီးကို ဝန်ခံမှတ်တမ်းရေးရန် ခေါင်းညိတ်ပြနေသည်။ စခန်းမှူးကြီးက "ကဲ-ပြောပါဦး ကိုလူအေး၊ အခင်းဖြစ်ခဲ့ပုံလေး" ကျွန်တော့်အဖေခေါင်းငိုက်စိုက်နေရင်းက "အဲဒီနေ့က ကျွန်တော်နဲ့ ဖိုးတုတ် အရက်အတူတူသောက်ခဲ့ကြတယ်။ ခါတိုင်းထက် ပိုသောက်ခဲ့ကြတယ်။ ဖြစ်ချင်တော့ အဲဒီနေ့မှ နှစ်ယောက်သား လုပ်အားခပိုရခဲ့တယ်။ သောက်ရင်းသောက်ရင်းနဲ့ အရှိန်လွန်ပြီး များသွားကြတယ်။ တစ်ယောက်ကို တစ်ယောက်လုပ်ငန်းခွင်ထဲကပြဿနာ အရက်ဝိုင်းထဲ ဆွဲသွင်းကြတော့တာပါပဲ။ အပြန်ကျပြန်တော့ တစ်ယောက်လက်တစ်ယောက်ဆွဲပြန်လာကြတယ်။ ဒီချိန်မှာ ဖိုးတုတ်ကမတ်တတ်ရပ် သေးပေါက်တယ်။"

ကျွန်တော့်အဖေ ခဏနားသည်။ ထို့နောက်လည်မျိုမှတံတွေးကို မျိုချနေသည်။ ခဏကြာမှ စကားဆက်ပြောသည်။ "သူ့ရဲ့သေးက အောက်မှာထိုင်နေတဲ့ ကျွန်တော့်ကိုစိုကုန်တယ်။ ဒီမှာတင် ကျွန်တော် စိတ်အရိုင်းဝင်လာပြီး ဒီကောင်ငါ့ကိုမလေးမစားနဲ့ဆိုပြီး အလုပ်လုပ်ရာက ပြန်ပါလာတဲ့ဓားနဲ့ လည်ပင်းကို ခုတ်ချလိုက်ပါတယ်။ ဘယ်နှချက်ခုတ်မိလဲ မသိတော့ပါဘူးဗျာ။ သူသေပြီဆိုမှ ကျွန်တော်ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ နွားကျောင်းပြန်လာတဲ့ ကိုကျော်မြင့်ကို မြင်လိုက်တယ်။ သူတော့ ငါသတ်တာသိသွားပြီဆိုပြီး သူ့ကိုလိုက်သတ်တယ်။ သူကရှေ့ကပြေး ကျွန်တော်က နောက်ကလိုက်နဲ့ သူလဲအကျမှ ဓားနဲ့ခုတ်မိတာပါပဲဆရာရယ်။" အဖေ့ဆီမှ သက်ပြင်းချသံငွေ့ငွေ့ကိုကြားရသည်။

စခန်းမှူးကြီး အင်းခနဲသက်ပြင်းချလိုက်သည်။ "ကိုလူအေးအဖြစ်ကလည်းဗျာ ဘာမဟုတ်တာလေးတစ်ချက်နဲ့ လူသတ်ရတယ်လို့၊ ကျုပ်တို့ယောကျ်ားတွေက သည်းခံမိပြန်ရင်လည်း သူများနဲ့မတူဘူး။ မိန်းမတောင်သူများပေးချင်ပေးတာ။ သည်းမခံမိရင်လည်း ချောင်းဆိုးတာတောင် ရန်စတယ်ထင်တဲ့အမျိုးဗျ့။ အဓိကတော့ အရက်ဝင်နေတော့ ပိုဆိုးသွားတာပေါ့ဗျာ။ "ကျွန်တော့်အဖေ မည်သည့်စကားမှပြန်မပြောပါ။ ခဏကြာမှ "ဟုတ်ကဲ့ ဆရာ ကျွန်တော့်အတွက်ကြောင့် ကျွန်တော့်မိသားစုအပေါ်မှာ ပြင်လို့မရတဲ့ အမည်းစက်ကြီးပါ။ ကျွန်တော် အမှားကြီးမှားသွားတယ်ဆရာ ကျွန်တော့်ကိုဖမ်းပါ။" ကျွန်တော့်အဖေ၏အသံများက တုန်ခါနေသည်။

စခန်းမှူးကြီးက နှစ်ယောက်ကို ခေါင်းညိတ်ပြလိုက်သည်။ ရဲနှစ်ယောက်က အဖေ့လက်ကိုဆွဲ၍ သံတိုင်အပေါက်ထဲမှ သွင်းလိုက်သည်။ ကျွန်တော် အဖေ့ဆီပြေးသွားလိုက်သည်။ ကျွန်တော်၏မျှော်လင့်ချက်ရောင်နီသည် အဖေကိုင်ထားသည့် သံတိုင်တွေအောက်ရောက်သွားသည်။ အဖေ သိပ်ရက်စက်သည်။ အဖေကျွန်တော်ဘဝကို ရိုက်ချိုးလိုက်သည်။ အဖေ-အဖေရာ ကျွန်တော်အဖေ့ကို ငေးကြည့်နေမိသည်။

"သား-လူလေး"

အဖေ၏သားခေါ်သံသည် ကျွန်တော့်အတွက် မချိုမြိန်တော့ပါ။

"အဖေ့ကို ဒီလို မကြည့်ပါနဲ့လူလေးရယ်၊ အဖေ့ကို ခွင့်လွှတ်ပါ။ အဖေ့မိုက်ပြစ်အတွက် အဖေခံမယ်။ ဒီကြားထဲမှာ ငါ့သားက စာကြိုးစားပါ။ ငါ့သားဖြစ်ချင်တဲ့ ဆရာဝန်ဖြစ်အောင်လုပ်ပါ။ ငါ့သားကို အဖေ့မှာချင်ဆုံးကသားအရက်မသောက်ပါနဲ့၊ အရက်ရဲ့ ကျေးကျွန်မဖြစ်အောင်နေပါ။ ပြန်တော့ သား၊ နောက်ဘယ်တော့မှ မလာခဲ့နဲ့။ "ကျွန်တော့်ကို လာကိုင်လိုက်သည့် အဖေ၏လက်တစ်စုံသည် အေးစက်နေသည်။ ထို့အတူ ကျွန်တော့် မျက်ဝန်းများလည်း အေးစက်နေချေပြီ။ သံတိုင်ကြားထဲ အဖေ့ကိုပြောလိုက်ချင်ပါသည်။

ကျွန်တော့်ဘဝက အိမ်ထောင်ဦးစီးတစ်ယောက်၏ လက်ထဲမှာဆိုတာ အဖေသိခဲ့မယ်ဆိုရင်ဗျာ-----။

* * *

ဆောင်းပါး

# လူတန်းစားမခွဲခြားသော လမ်းကလေး

မောင်စိုးဝေ(မြို့သာ)

ကျွန်တော့်ကျောရိုးသည်အရောင်မဲ့၏။လူမျိုးစုံဖြတ်သန်းသွားလာနင်းလျှောက်ခြင်းကို ခံခဲ့ရသဖြင့် အရောင်မတောက်ပနိုင်တော့။ တချို့နေရာများတွင် အနီရောင်ကွမ်းသွေးအချို့နေရာယူကြ၏။မြို့မျက်နှာသာတွင်ရှိသောကျောရိုးတချို့သာအရောင်တောက်၏။ ကျွန်တော့်ကိုလမ်းဟုအများကအသိအမှတ်ပြုခေါ်ဆိုကြသည်။ကျွန်တော့်ကျောပြင်ပေါ်တွင် သူတို့ခြယ်သပေးသောမိတ်ကပ်များဖြင့်အရောင်တောက်သည့်နေရာရှိသကဲ့သို့ သူတို့ပေးသောဒဏ်ရာဒဏ်ချက်များလည်းရှိပါသည်။

ကျွန်တော့်အပေါ်နင်းလျှောက်၍လိုရာခရီးသွားကြသူများကား လူအမျိုးမျိုးစိတ်အထွေထွေပင်။အများအားဖြင့် ကျွန်တော့်ကျောပြင်ထက်ဝယ် သူတို့ကြာကြာမရပ်တန့်ကြ။သူတို့စီးနင်းလာသောယာဉ်အချို့ ချွတ်ယွင်းပျက်စီးမှုဖြစ်မှသာလျှင် ကြာကြာနေတတ်ကြ၏။ကြာကြာမနေရဘဲဖြတ်သန်းသွားလာရသည်ကိုပင် သူတို့၏အတ္တပုံရိပ်များကအထင်းသားပေါ်လွင်ထင်ဟပ်လျက်။ခဏအခိုက်အတန့်လေးမျှ သွားလာရသောအချိန်လေးတွင်ပင် အချင်းချင်းရှောင်ကွင်းပေးရန် ဝန်လေးခြင်းနေရာကောင်းလုယူကြခြင်းတို့ကြောင့် ထိခိုက်မှုများဖြစ်ပေါ်တတ်ကြ၏။ဤသည်ကိုပင် လမ်းမကောင်းလို့ဟူ၍ ကျွန်တော့်ကို ချောက်ချတတ်ကြသေးသည်။

ကားအကောင်းစားပေါ်မှ ရေသန့်ဘူးခွံနှင့်အမှိုက်များ ကျွန်တော့်ကျောပြင်ပေါ်ကျလာတတ်သည်။ မဆန့်မပြဲတင်ဆောင်လာသောကျောက်မှုန့်ကျောက်မွှား၊သဲနှင့်မြေများလည်းကျွန်တော့်ကျောပြင်ထက်ဝယ်ကျဆင်းလာတတ်သေး၏။မိမိသွားလိုရာကိုအဆင်ပြေအောင်အသုံးပြုကြသော်လည်း နောက်ထပ်ဖြတ်သန်းမည့်သူများ၏ဒုက္ခကို သူတို့မစာနာတတ်ကြ။ထိုကျောက်ခဲလေးများကိုနင်း၍ချော်လဲသွားသောဆိုင်ကယ်လေးများကို ကျွန်တော်သနားမိ၏။

ကျွန်တော့်ကျောရိုးပေါ်တွင် သံဘီးတပ်ထားသောယာဉ်များမောင်းနှင်ခွင့်မရှိ။ သို့သော်စည်းကမ်းမလိုက်နာသူတို့က မသိမသာမောင်းနှင်ကြသဖြင့် အနာတရဖြစ်ရ၏။ ကျွဲ၊နွား၊ဆိတ်ကျောင်းသူတို့ကလည်း ကျွန်တော့်ကျောရိုးပေါ်တွင် မကြာခဏဖြတ်မောင်းကြ၏။ ဂရုတစိုက်မောင်းနှင်ထိန်းကျောင်းခြင်းမရှိသူတို့ကြောင့် ဆိုင်ကယ်နှင့်ကားများတိမ်းမှောက်ကြ၏။

တချို့လူပုဂ္ဂိုလ်များသည် သူတို့၏ယာဉ်များကိုပေါ့ပေါ့ဆဆမောင်းနှင်ကြသောကြောင့် ကျွန်တော့်ကျောရိုး၏နေရာအချို့တွင် တိမ်းမှောက်ကြ၏။ယာဉ်တစ်စီးမကမှောက်လာသောအခါ ကျွန်တော့်ကျောရိုးကိုပင်မကောင်းဆိုးဝါးများဖမ်းစားသည့်နေရာဟုစွပ်စွဲကြ၏။သူတို့၏ပေါ့ဆမှုကိုသတိမမူကြ။ ဤသို့ဖြင့်အပြစ်လွှဲချတတ်ကြသောစကားများကိုလည်း ကျွန်တော်ခံရတတ်ပါသေး၏။မည်သို့ပင်ဖြစ်စေ ကျွန်တော့်ကျောရိုးသည် လူတန်းစား၊ယာဉ်အမျိုးအစားခွဲခြားမှုမရှိ။သူတို့သွားလိုရာခရီးအတွက် ကျွန်တော့်ကျောရိုးကို နင်းဖြတ်နိုင်သည်။ ဂရုတစိုက်သွားလာပါက အန္တရာယ်ကင်းစေနိုင်သလို ပေါ့ဆစွာသွားလာပါက ထိခိုက်အနာတရဖြစ်စေနိုင်ပါ၏။ခဏတာသွားလာရသော ကျွန်တော့်ကျောရိုးထက်ဝယ်သဘောထားမကြီးကြသော လူတို့၏အတ္တများကို များစွာမြင်တွေ့ရပါ၏။ မည်သို့ပင်ဆိုစေ တစ်ရွာနှင့်တစ်ရွာ၊တစ်မြို့နှင့်တစ်မြို့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းသွားလာနိုင်ရန် အကျိုးဆောင်ပေးရသော ကျွန်တော့်အလုပ်ကို ကျွန်တော်ဂုဏ်ယူမိပါသည်။

**တချို့လူပုဂ္ဂိုလ်များသည် သူတို့၏ယာဉ်များကို ပေါ့ပေါ့ဆဆမောင်းနှင်ကြသောကြောင့် ကျွန်တော့်ကျောရိုး၏ နေရာအချို့တွင် တိမ်းမှောက်ကြ၏။ ယာဉ်တစ်စီးမက မှောက်လာသောအခါ ကျွန်တော့်ကျောရိုးကိုပင် မကောင်းဆိုးဝါးများ ဖမ်းစားသည့်နေရာဟု စွပ်စွဲကြ၏။ သူတို့၏ပေါ့ဆမှုကို သတိမမူကြ။ ဤသို့ဖြင့် အပြစ်လွှဲချတတ်ကြသောစကားများကိုလည်း ကျွန်တော်ခံရတတ်ပါသေး၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်ကျောရိုးသည် လူတန်းစား၊ ယာဉ်အမျိုးအစားခွဲခြားမှုမရှိ။ သူတို့သွားလိုရာခရီးအတွက် ကျွန်တော့်ကျောရိုးကို နင်းဖြတ်နိုင်သည်။**

ဆောင်းပါး

# သင့်ကိုယ်သင် ကျေနပ်၊ အားရ၊ ပျော်ရွှင်စေသည့် အလေ့အထ ခုနစ်ခု

သစ္စာလင်းထိန်

ပျော်ရွှင်မှုကို လူတိုင်းနှစ်သက်ကြပါတယ်။ ကျွန်တော်တို့ဟာ နေ့စဉ်ဘဝထဲမှာ ပျော်ရွှင်မှုတွေကို နည်းလမ်းမျိုးစုံနဲ့ ရှာကြံခံစားနေကြပါတယ်။ အလုပ်အားလို့ ပျင်းတဲ့အခါ၊ စိတ်ဓာတ်ကျတဲ့အခါ၊ ချစ်သူရည်စားအသည်းကွဲတဲ့အခါ၊ အလုပ်ဖိအားတွေ များလွန်းတဲ့အခါ စတဲ့ အချိန်တွေမှာဆို စိတ်ရဲ့ပျော်ရွှင်မှုကို ဆန္ဒပြင်းစွာ လိုလားကြပါတယ်။ ဂစ်တာတီးပြီး သီချင်းဆိုမယ်၊ အစုအဖွဲ့လိုက် ကစားနည်းတစ်ခုခု ကစားမယ်၊ ဟာသရုပ်ရှင်ကြည့်မယ်၊ ခရီးသွားမယ်၊ နိုက်ကလပ်သွားမယ်၊ အရက်ဘီယာသောက်မယ် စတဲ့ ပျော်ရွှင်နိုင်စရာ နည်းလမ်းတွေကို ရှာပြီး စိတ်ကိုဖြေဖျောက်လေ့ရှိကြပါမယ်။ ဒီနည်းတွေဟာ ခဏတာအတွက် စိတ်ပြေလက်ပျောက် ပျော်ရွှင်စေနိုင်မယ်ဆိုတာ ငြင်းစရာမရှိပါ။ အောက်တွင် ရေးထားတဲ့ ကျေနပ်၊ အားရ၊ ပျော်ရွှင်စေနိုင်သည့် နည်းလမ်း ခုနစ်ခုကတော့ ပျော်ရွှင်မှုကာလကို ကြာရှည်စေပါလိမ့်မယ်။ ပြန်တွေးလိုက်တိုင်း ရင်ထဲမှာ မိမိပြုလုပ်ဖူးခဲ့တာတွေအတွက် ပီတိတွေကို ခံစားစေရပါတယ်။(စာရေးသူကိုယ်တိုင်လည်း ပြုလုပ်ဖူးပြီး စာဖတ်သူများလည်း ပြုလုပ်ကောင်းပြုလုပ်ဖူးသူများ ဖြစ်ပါလိမ့်မယ်။)

**(၁) စာဖတ်ခြင်း**

စာဖတ်ခြင်းခြင့် ကျေနပ်ပျော်ရွှင်ခြင်းကို ပိုင်ဆိုင်နိုင်ပါတယ်။ စာအုပ်တိုင်းလိုလို ဖတ်ခြင်းကို မဆိုလိုပေမယ့် အကျိုးရှိစေတဲ့၊ ဗဟုသုတရရှိစေတဲ့၊ စိတ်ကို ခွန်အားရှိစေတဲ့၊ နှလုံးသားကို နူးညံ့စေတဲ့၊ မိမိအတွက် သင်ခန်းစာတစ်ခုခု ရလိုက်စေမယ့်စာများကို ဖတ်ခြင်းဖြင့် မိမိဦးနှောက်ဟာ နိုးကြားလာပြီး နှလုံးသားဟာ ပို၍နူးညံ့လာကာ မိမိအတွက် ကျေနပ်ပျော်ရွှင်မှုကို ရရှိနိုင်ပါတယ်။

**(၂) သူတစ်ပါးအား ကူညီလိုက်ခြင်း**

မိမိနဲ့ သိတဲ့လူပဲ ဖြစ်ဖြစ်၊ မသိတဲ့လူပဲ ဖြစ်ဖြစ် အဲဒီလူ လိုအပ်နေတဲ့ အကူအညီတစ်ခုခုကို အဆင်ပြေသွားအောင် မိမိကနေ ကူညီပေးလိုက်တဲ့အခါ အဲဒီလူရဲ့အဆင်ပြေသွားမှုကို ကြည့်ပြီး မိမိဟာ ကျေနပ်ပျော်ရွှင်ရပါတယ်။

**(၃) သူတစ်ပါးအား ပေးကမ်းခြင်း၊ ကျွေးမွေးခြင်း**

စေတနာသန့်သန့်ဖြင့် တစ်ပါးသူအား အစားအသောက်များ ကျွေးမွေးလိုက်ခြင်း၊ သူတကယ်လိုအပ်နေတဲ့ အရာတစ်ခုခုကို ပေးကမ်းလိုက်ခြင်းဖြင့် မိမိရဲ့ဖြူစင်တဲ့စေတနာအပေါ်မှာ အားရကျေနပ်ပြီး ပျော်ရွှင်မှုကို ရရှိစေမှာဖြစ်ပါတယ်။

**(၄) အတတ်ပညာတစ်ခုခု တတ်မြောက်သွားခြင်း**

ငယ်ငယ်က ကျွန်တော်တို့ စက်ဘီးစီးသင်ပြီး တကယ်စီးတတ်သွားတဲ့အခါ ရလာတဲ့ပျော်ရွှင်မှုကို လူတိုင်းလိုလို ခံစားဖူးမှာပါ။ အဲဒီလိုမျိုး အခြားသော မိမိသင်ယူနေတဲ့ အတတ်ပညာတစ်ခုခုဖြစ်စေ၊ ဘာသာစကားတစ်ခုခုဖြစ်စေ သင်လို့ တကယ်တတ်သွားတဲ့အခါမှာလည်း ထိုနည်းတူစွာ ကျေနပ်ပျော်ရွှင်တဲ့ ခံစားမှုကို ရရှိမှာပါပဲ။

**(၅) တိရစ္ဆာန်များကို အစာကျွေးခြင်း**

လမ်းဘေးမှာ နားနေကြတဲ့ခိုလေးတွေ၊ ကိုယ့်အိမ်နီးဝန်းကျင်က ခွေးလေးတွေ၊ နောက် ကြောင်လေးတွေနဲ့ အခြားသော ကိုယ်နဲ့လက်လှမ်းမီရာ တိရစ္ဆာန်များကို အစာကျွေးပြီး သူတို့စားသောက်နေကြတာကို ကြည့်၍ ခံစားရတဲ့ပီတိဟာလည်း ဘာနဲ့မျှပေးဝယ်လို့မရတဲ့ ဝမ်းသာပီတိပါပဲ။

**(၆) သစ်ပင်စိုက်ခြင်း**

ကိုယ့်အိမ်ခြံဝင်းထဲမှာ အကြီးမြန်တဲ့ သစ်ပင်၊ ပန်းပင်လေးတွေ စိုက်ထား(မိမိကိုယ်တိုင်ကလည်း ရေလောင်းပေါင်းတင်ပေးထား)တဲ့အခါ အဲဒီ သစ်ပင်၊ ပန်းပင်လေးတွေ အရွယ်အစားစုံ၊ အရောင်အသွေးစုံ သီးနေ၊ ပွင့်နေကြတာကို တွေ့ရတဲ့အခါ မိမိကြည့်လိုက်တိုင်းမှာ စိတ်ကို လန်းဆန်းပျော်ရွှင်စေပါတယ်။

**(၇) မိမိကြိုးစားလိုက်၍ ရရှိလာသော အောင်မြင်မှုရလဒ်များကို ခံစားရခြင်း။**

ကျောင်းတက်နေရစဉ် အချိန်ကာလတွေမှာ သင်္ချာပုစ္ဆာတွေကို အားလုံးတွက်ခဲ့ကြဖူးပါတယ်။ ပုစ္ဆာတစ်ခုရဲ့အဖြေကို မရရအောင် ဦးနှောက်များများသုံးပြီး တွက်လိုက်လို့ အဖြေမှန်ရလာတဲ့အခါ ကျွန်တော်တို့ ကျေနပ်ပျော်ရွှင်ခဲ့ကြတယ်မဟုတ်လား။ ရှေ့ဆက်ရမယ့် သင်ခန်းစာတွေအတွက်လည်း အားတွေ ပိုရှိလာပါတယ်။ အဲဒီလိုပဲ လက်ရှိကာလမှာ အောင်မြင်မှုကြီးကိုဦးတည်ပြီး မိမိတို့နေ့စဉ်ရုန်းကန်နေကြ၊ ကြိုးစားနေကြတာတွေထဲက အောင်မြင်မှုအပိုင်းအစလေးတွေ ရရှိလာ၊ ပိုင်ဆိုင်လာခဲ့ရင် ကျွန်တော်တို့ဟာ ရှေ့ဆက်ဖို့ ခွန်အားတွေ ပိုရှိလာပါတယ်။ ဒါဟာ မိမိကိုယ်ကိုယ်ယုံကြည်(မိမိလုပ်နိုင်တယ်)ဆိုတဲ့ အားရကျေနပ်မှုကို ရရှိလိုက်လို့ဖြစ်ပါတယ်။

❑

## အလှထူးတဲ့ ဝါဆိုဦး

နွေလကို နှုတ်ဆက်ကာဖြင့်
မိုးသက်ဖို့ လာပြီထင်။
တို့တောရွာ ယာခရိုးမှာ
မြူခိုးလွင် အုံ့ကာမှိုင်းတယ်
တိုင်းရှစ်နယ်ခွင်။
မိုးဒေဝါ သုတ်ဖျန်းကာမှဖြင့်
ပျိုးဝေဆာ အဟုတ်လန်းစေဖို့
လုပ်ငန်းဝင်ကြ တောင်သူရှင်
ထွန်ရေးငင်လို့ အားမာန်ခဲ။
အာသဋ္ဌီ
ခါဝသန်မီ ထုံးစက်ခဏ်းအရ
ပုန်းညက်ပန်းလှ တဝေဝေနှင့်
ဖန်ဝါရည် အတည်လွှမ်းပါတဲ့
မြန်မာမြေ ပြည်တစ်ဝန်းမှာ
ရဟန်းခံ အလှူထူးတဲ့
ဝါဆိုဦးပွဲ။

ယောနွယ်

## ခါဝသန်

မိုးဦးရေကျ အေးမြမြ
မိုးလဆင်မြန်း ပန်းတွေလန်း
လန်းတယ်လေ့ လန်းတယ်လေး။

မြစ်ချောင်းအင်းကန် ရေတွေလျှံ
ရေလျှံပြီလေး လှိုင်းတွေပြေး
ပြေးတယ်လေ့ ပြေးတယ်လေး။

ရေမြင့်လယ်အောက် ရေကိုဖောက်
ပိုက်ထောက်ဆင်မြန်း ငါးတွေဖမ်း
ဖမ်းတယ်လေ့ ဖမ်းတယ်လေး။

ရေဆိုးကျစဉ် ထွန်ရေးဝင်
အလျှင်ချိန်ခိုး စပါးပျိုး
ပျိုးတယ်လေ့ ပျိုးတယ်လေး။

လယ်တောတစ်ခွင် ထည်ဝါလွင်
ရှုမြင်နေရ ကြည်လင်လှ
လှတယ်လေ့ လှတယ်လေး။

မိုးသက်ငြိမ်ဆိတ် ရာသီပိတ်
ခြွေရိတ်စပါး ထွက်တိုးများ
များတယ်လေ့ များတယ်လေး။ ။

မြတ်မင်း(ခြံကြီး)

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
# (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)


၁။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ ဇွန်လ ၁ရက်နေ့မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ "က" အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ (၂၂)လုံး** စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံ ဝယ်ယူလိုသူများရှိပါက ကျပ်၅၀၀တန် ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ရက်မှ ၂၄-၆-၂၀၁၇ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၄။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



၅။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ် (**အရန်ထီ**) နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ် "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ ညာဘက် ကျပ် ၅၀၀တန် တံဆိပ်၏ အပေါ်၌ **"(2nd)" အမှတ်အသား** ပါဝင်သော ထီလက်မှတ်များသာ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် " (2nd)" **အမှတ်အသား** မပါဝင်သော **"ကက" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာ**ထိ ထီလက်မှတ်များသည် (၁) ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၀၀၀၀)၊ ကျပ်သိန်း(၅၀၀၀)၊ ကျပ်သိန်း(၃၀၀၀) နှင့် ကျပ် သိန်း(၁၀၀၀)ဆုများ ပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

